# ကြေးမုံ

The Mirror Daily

၁၉၅၇ ခုနှစ်တွင် စတင်တည်ထောင်သည်။ Established in 1957

၁၃၈၃ ခုနှစ်၊ ဝါခေါင်လပြည့်၊ တနင်္ဂနွေနေ့။ Sunday, 22 August 2021 ၁၀၄၇၃


**ကောင်းမှုကိုပြုလုပ်ဆည်းပူး**

အနည်းငယ်သောကောင်းမှုသည် ငါ့အား အကျိုးရောက်လိမ့်မည်မဟုတ်ဟု မထီမဲ့မြင် မအောက်မေ့ရာ။ မိုးရေပေါက်သည် ကျဖန်များလတ်သော် ရေအိုးသည် ပြည့်ဘိသကဲ့သို့ ပညာရှိသည် အနည်းငယ်၊ အနည်းငယ်မျှသော ကောင်းမှုကို ပြုလုပ်ဆည်းပူးဖန်များလတ်သော် ကောင်းမှုဖြင့် ပြည့်၏။

ပါပဝဂ်(ဓမ္မပဒ-၁၂၂)

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ရှေ့လုပ်ငန်းစဉ် (၅) ရပ်

၁။ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ကို ပြန်လည်ဖွဲ့စည်းပြီး မဲစာရင်းများ စစ်ဆေးခြင်းများအပါအဝင် လုပ်ဆောင်သင့်၊ လုပ်ဆောင်ထိုက်သည်များကို ဥပဒေနှင့်အညီ ဆက်လက်လုပ်ဆောင်သွားမည်။

၂။ လတ်တလော ဖြစ်ပွားနေဆဲဖြစ်သည့် COVID-19 ကပ်ရောဂါ ကာကွယ်ရေးလုပ်ငန်းများကို အရှိန်အဟုန်မပျက် ထိထိရောက်ရောက် ဆက်လက်ဆောင်ရွက်သွားမည်။

၃။ COVID-19 ကပ်ရောဂါကြောင့် ထိခိုက်ခဲ့သည့် စီးပွားရေးလုပ်ငန်းများအား ဖြစ်နိုင်သမျှနည်းလမ်းများဖြင့် အမြန်ဆုံးကုစားသွားမည်။

၄။ တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှု ရပ်စဲရေးသဘောတူစာချုပ်(NCA) ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထားလုပ်ဆောင်သွားမည်။

၅။ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ပြီးစီးပါက ဖွဲ့စည်းပုံအခြေခံဥပဒေ(၂၀၀၈ ခုနှစ်)နှင့်အညီ လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲအား ပြန်လည်ကျင်းပ၍ အနိုင်ရသည့်ပါတီအား ဒီမိုကရေစီစံနှုန်းများနှင့်အညီ နိုင်ငံတော်တာဝန်အား လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

## ကိုဗစ်-၁၉ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးဗဟိုကော်မတီ အသိပေးကြေညာချက်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

Coronavirus Disease 2019 ( COVID – 19 ) ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးဗဟိုကော်မတီ

အသိပေး ကြေညာချက်

၁၃၈၃ ခုနှစ်၊ ဝါခေါင်လဆန်း ၁၄ ရက်

( ၂၀၂၁ ခုနှစ်၊ ဩဂုတ်လ ၂၁ ရက် )

၁။ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် ၂၀-၈-၂၀၂၁ ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ်၊ ၂၄၇/၂၀၂၁ ဖြင့် ၂၀၂၁ ခုနှစ်၊ ဩဂုတ်လ ၂၃ ရက်နေ့မှ ၃၁ ရက်နေ့အထိအား တစ်ဆက်တစ်စပ်တည်း အများပြည်သူ အလုပ်ပိတ်ရက်အဖြစ် သတ်မှတ်ကြေညာခဲ့ပါသည်။

၂။ အဆိုပါ အများပြည်သူအလုပ်ပိတ်ရက်ကာလအတွင်း ကိုဗစ် -၁၉ ရောဂါ ကူးစက်မှုကို ထိရောက်စွာ ဟန့်တားနိုင်ရေးအတွက် အောက်ပါစည်းကမ်းချက်များနှင့်အညီ နေထိုင်၊ ဆောင်ရွက်ရန်ဖြစ်သည် -

(က) မိမိတို့၏ နေအိမ် သို့မဟုတ် အဆောင်များတွင်သာ နေထိုင်ရန်နှင့် တာဝန်နှင့် နာရေးမှအပ ခရီးသွားလာခြင်း လုံးဝမပြုလုပ်ရန်၊

( ခ ) မြန်မာနိုင်ငံတော်ဗဟိုဘဏ်နှင့် ယင်း၏ လက်အောက်ခံ အစိုးရဘဏ်၊ ပုဂ္ဂလိကဘဏ်များအား ယခင်ရုံးဖွင့်ရက်များအတိုင်း ဖွင့်လှစ်ရန်၊

( ဂ ) ကုန်ထုတ်စွမ်းအားမကျဆင်းစေရေးအတွက် အလုပ်သမားဝန်ကြီးဌာနနှင့် သက်ဆိုင်ရာ နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် အစိုးရအဖွဲ့များ၏ ကြီးကြပ်ကွပ်ကဲမှုဖြင့် စက်ရုံ၊ အလုပ်ရုံများအား

စာမျက်နှာ ၄ ကော်လံ ၁ သို့ ☆

## မန်းရွှေစက်တော်ဘုရားကြီး၌ ဓာတ်လှေကားတာဝါတည်ဆောက်မှု ၄၅ ရာခိုင်နှုန်းပြီးစီး

ငဖဲ ဩဂုတ် ၂၁

မကွေးတိုင်းဒေသကြီး မင်းဘူး(စကု) မြို့နယ် မန်းရွှေစက်တော်ဘုရားကြီးတွင် နှစ်ကျိပ်ရှစ်ဆူစေတီအနီးမှ ကိုးခန်းကြီးဘုရားကြီးအထိ တည်ဆောက်လျက်ရှိသည့် ဓာတ်လှေကားတာဝါနှင့် Sky Walk Way Bridge တည်ဆောက်ရေးလုပ်ငန်းကို ဆောင်ရွက်လျက်ရှိရာ ယနေ့ထိ လုပ်ငန်း၏ ၄၅ ရာခိုင်နှုန်း ပြီးစီးနေပြီဖြစ်ကြောင်း ဓာတ်လှေကားတည်ဆောက်ရေး စီမံကိန်းမန်နေဂျာ ဦးသန်းလွင်ထံမှ သိရသည်။

"ကျွန်တော်တို့ ဓာတ်လှေကားတာဝါ တည်ဆောက်ရေးအနေနဲ့ ဘိုးပိုင် ၂၄ လုံး တူးခြင်းလုပ်ငန်းကို ဇူလိုင်လထဲမှာ ဆောင်ရွက်ပြီးစီးပြီး Lift Tower နှစ်စင်းကို ဆောက်လုပ်လျက်ရှိပါတယ်။ ဘိုးပိုင်ပြီးတော့ လက်ရှိအပေါ်ပိုင်းမှာ တစ်မီတာ၊ နှစ်မီတာ အရှည်ရှိတဲ့ Lift Column ကို

စာမျက်နှာ ၃ ကော်လံ ၅ သို့ ❖




ကြေးမုံ ယနေ့ ဖတ်စရာ

ဝါးခယ်မမြို့နယ် ကျွန်းကုန်းတံတား တည်ဆောက်မှု ၈၀ ရာခိုင်နှုန်းပြီးစီး — စာမျက်နှာ » ၅

အစွန်းလွတ်ရန် အစွဲလျှော့ရာ၏ — စာမျက်နှာ » ၆

တက္ကသိုလ်ဝင်ခွင့်စာမေးပွဲ အောင်လက်မှတ်နှင့် အမှတ်စာရင်းများကို မြန်မာ့စာတိုက်လုပ်ငန်းမှ တစ်ဆင့် လျှောက်ထားထုတ်ယူနိုင်ရေး ဆောင်ရွက်ထား — စာမျက်နှာ » ၂၃





ကြေးမုံ

# မုဒိတာပွားများမှ လူမှုဘဝအေးချမ်းသာယာ

ကိုဗစ်-၁၉ ရောဂါကို ကမ္ဘာ့နိုင်ငံများနည်းတူ မြန်မာနိုင်ငံတွင်လည်း ရင်ဆိုင်ကြုံတွေ့ခံစားနေကြရသည်။ မြန်မာနိုင်ငံသည် မဖွံ့ဖြိုးသေးသည့်နိုင်ငံဖြစ်၍ လူမှုစီးပွားဘဝလိုအပ်ချက်များ များစွာရှိသည်။ လတ်တလောတွင် နိုင်ငံတစ်ဝန်း၌ ကိုဗစ်-၁၉ ရောဂါဖြစ်ပွားမှုနှင့် နောက်ဆက်တွဲဆိုးကျိုးများဖြစ်ပေါ်နေသောကြောင့် ပြည်သူများတွင် အခက်အခဲများရှိနေသည်။ ထိုအချိန်တွင် နိုင်ငံရေးဂယက်ရိုက်ခတ်မှုများပါရှိနေသဖြင့် မြန်မာနိုင်ငံသည် အခြားနိုင်ငံများထက် လိုအပ်ချက်များ ပိုမိုနေသည်ဟု ဆိုရမည်ဖြစ်သည်။

ထို့ကြောင့် လူသားချင်းစာနာထောက်ထားသောအားဖြင့် နိုင်ငံရေးနှင့်မရောထွေးဘဲ စေတနာသန့်သန့်ဖြင့် ကူညီထောက်ပံ့ပေးသော နိုင်ငံအချို့နှင့် အဖွဲ့အစည်းများကို တွေ့ရမည်ဖြစ်သည်။ ဥပမာအားဖြင့် ဩဂုတ် ၁၉ ရက်က ကမ္ဘောဒီးယားနိုင်ငံအစိုးရက မြန်မာနိုင်ငံ၏ ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးလုပ်ငန်းများတွင် အသုံးပြုရန်အတွက် အထောက်အကူပြုပစ္စည်းများ လှူဒါန်းခဲ့ပြီး ဂျပန်နိုင်ငံအစိုးရက ကိုဗစ် -၁၉ လူနာများအား အရေးပေါ်အသက်ကယ်တင်နိုင်ရန်အတွက် ကျန်းမာရေးစောင့်ရှောက်မှုဌာနများသို့ ယာဉ်များပေးအပ်လှူဒါန်းခဲ့သည်။ ထို့အပြင် အိန္ဒိယနိုင်ငံ အစိုးရကလည်း ဒုတိယအကြိမ်မြောက် ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးဆိုင်ရာ ဆေးနှင့်ဆက်စပ်ပစ္စည်းများကို ပေးပို့လှူဒါန်းခဲ့သည်။ အလားတူနိုင်ငံအတွင်းမှ စေတနာရှင်များနှင့်အဖွဲ့အစည်းများက ဖြဟ္မစိုရ်တရားရှေ့ထား၍ ကိုဗစ်-၁၉ ရောဂါဆိုင်ရာ လှူဒါန်းမှုများကို နေ့စဉ်ပြုလုပ်လျက်ရှိသည်။

ထိုသို့ မေတ္တာ၊ ကရုဏာစိတ်ထားဖြင့် လူသားအချင်းချင်း ကူညီရိုင်းပင်းနေသောကောင်းသောအမှုကိစ္စများကို ကျန်ပြည်သူအပေါင်းတို့က ဝမ်းမြောက်ဝမ်းသာမုဒိတာပွားများကြရမည်ဖြစ်သည်။ လူ့ဘောင်လောကတွင် ဗြဟ္မစိုရ်တရားလေးပါးနှင့် ကျင့်ကြံအားထုတ်ကြသော လူအပေါင်းတို့သည် သူတစ်ပါးကောင်းကျိုးချမ်းသာဖြစ်စေသလို မိမိတို့လည်း ကောင်းကျိုးချမ်းသာများဖြစ်ကြရပေသည်။ မေတ္တာ-သတ္တဝါအများ ကြီးပွားချမ်းသာသည်ကို လိုလားမြတ်နိုးခြင်း၊ ကရုဏာ - ဆင်းရဲသောသတ္တဝါများကိုမြင်၍ သနားခြင်း၊ ဆင်းရဲခြင်းမှကင်းလွတ်စေလိုခြင်း၊ မုဒိတာ-ပြည့်စုံချမ်းသာသောသူတို့ကိုမြင်ရလျှင် ဝမ်းမြောက်ခြင်း၊ ဥပေက္ခာ - သတ္တဝါတို့အပေါ်၌ ချစ်ခြင်း၊ မုန်းခြင်းမရှိ မျှမျှတတရှုမြင်ခြင်းဟူသည့် ဗြဟ္မစိုရ်တရားများကိုပွားများအားထုတ်ကြရမည်ဖြစ်သည်။

ဤဗြဟ္မစိုရ်တရားလေးပါးသည် လောကလူသားများအားလုံးတို့ ကျင့်သုံးအပ်သော လူ့အကျင့်တရားဖြစ်သည်။ ဘာသာ၊ လူမျိုးမခွဲခြားဘဲ ကျင့်သုံးနိုင်သောအကျင့်တရားဖြစ်ပြီး ယင်းတို့ကို ကောင်းသောစိတ်နှလုံးမွေးမြူနေသူတို့က ကျင့်သုံးအားထုတ်ကြလေသည်။ ဗုဒ္ဓဘာသာတရားများကို မိရိုးဖလာစွဲမြဲလာခဲ့သော မြန်မာလူမျိုးများအနေဖြင့်မူ ဗြဟ္မစိုရ်တရားများကို ရှေးအစဉ်အလာမပျက် အားထုတ်ကျင့်သုံးခဲ့ကြပေသည်။ ထို့ကြောင့်လည်း ဗြဟ္မစိုရ်တရားထွန်းကားသောနိုင်ငံအဖြစ် အေးချမ်းပျော်ရွှင်စွာဖြင့် နေထိုင်လာခဲ့ကြသည်။ ဆင်းရဲနွမ်းပါးသောပြည်သူများ များပြားသော်လည်း တတ်နိုင်သမျှ လှူဒါန်းပေးကမ်းကူညီထောက်ပံ့ကြသည်။ မိမိတို့မလှူနိုင်လျှင်လည်း လှူနိုင်သောသူများအပေါ်တွင် မုဒိတာပွားများကြသည်။ ထို့ကြောင့် ဗြဟ္မစိုရ်တရားထွန်းကားသောနိုင်ငံ၊ အေးချမ်းသာယာသောနိုင်ငံဟု ဆိုခဲ့သည်။ ဘာသာတရား၊ လူမှုကျင့်ဝတ်များကို အခြေခံသော အဆိုပါဗြဟ္မစိုရ်တရားများ မပျောက်အောင် ထိန်းသိမ်းစောင့်ရှောက်ကြရန်လိုအပ်သည်။

မျက်မှောက်ကာလတွင် မိရိုးဖလာယုံကြည်ကိုးကွယ်ဆည်းကပ်ခဲ့သောဘာသာတရားအပေါ် အလေးမထားမှု၊ ဝါဒစွဲ၊ ပုဂ္ဂိုလ်စွဲများကို အကြောင်းပြု၍ အစဉ်အလာကျင့်သုံးခဲ့သော ဗြဟ္မစိုရ်တရားများ ပါးလျားလာကြသည်ဟု ဆိုရမည်ဖြစ်သည်။ မိမိတို့နှင့် ယုံကြည်ချက်မတူသူအပေါ်တွင် မေတ္တာမထားနိုင်မှု၊ မေတ္တာမထားရုံမျှမက ရန်သူလိုဆက်ဆံမှု၊ အလိုဆန္ဒပြည့်စုံနေသူ၊ အောင်မြင်နေသူတို့အပေါ်တွင် ကျေနပ်မှု၊ ဝမ်းမြောက်ဝမ်းသာဖြစ်မှုဟူသည့် မုဒိတာမထားနိုင်မှု၊ မုဒိတာ မထားနိုင်ရုံမျှသာမက ၎င်းတို့ပျက်စီးအောင်ပင် ကြိုးစားအားထုတ်မှုတို့ရှိနေကြသည်။ ဗြဟ္မစိုရ်တရားလေးပါးတွင် အမြတ်ဆုံးဖြစ်သည့် သတ္တဝါတို့အပေါ်တွင် ချစ်ခြင်း၊ မုန်းခြင်းမရှိသည့် မျှမျှတတစိတ်ထားများ ထားနိုင်ရန် အလှမ်းဝေးသွားပြီဖြစ်သည်။

လူသားအားလုံးအပေါ်တွင် မေတ္တာမထားနိုင်သဖြင့် အမျက်ထွက်ခြင်း၊ ဒေါသဖြစ်ခြင်း၊ အာဃာတထားခြင်းတို့ဖြစ်ပေါ်လာကာ လောကငြိမ်းချမ်းသာယာခြင်းတို့ပျောက်ကင်းပြီး ဘေးအန္တရာယ်ကျရောက်ခြင်းတို့ ဖြစ်ပေါ်နေကြပေသည်။ လူသားအချင်းချင်းအပေါ်တွင် မုဒိတာမထားနိုင်သဖြင့် စိတ်နှလုံးပူပန် မပျော်ပိုက်ခြင်းတို့ဖြစ်ပေါ်လာပြီး မေတ္တာတရားခေါင်းပါးခြင်းဟူသည့် ဒေါသတရားများ ဖိစီးနှိပ်စက်၍ မကောင်းမှုဒုစရိုက်သံသရာအတွင်းသို့ သက်ဆင်းကာ ပျက်စီးခြင်းသို့ရောက်ကြရပေသည်။ ကရုဏာတရားထားခြင်းအားဖြင့် ဆင်းရဲခြင်းတို့ပျောက်၍ ချမ်းသာခြင်းသို့ ရောက်ကြပေသည်။

သို့ဖြစ်ရာ ဗုဒ္ဓဘုရားရှင် ဟောကြားတော်မူသည့်အတိုင်း မေတ္တာတရား ပွားများလျှင် သင့်အား အမျက်ထွက်ခြင်း ဗျာပါဒများကင်းပေလိမ့်မည်။ ကရုဏာတရားပွားများလျှင် သင့်အား ညှဉ်းဆဲမှုများ ကင်းပျောက်ပေလိမ့်မည်။ မုဒိတာတရားပွားများလျှင် သင့်အား မပျော်ပိုက်ခြင်းတို့မှ ကင်းပျောက်ပေလိမ့်မည်။ ထို့ကြောင့် မေတ္တာ၊ ကရုဏာ၊ မုဒိတာတရားများ ပွားများကြဖို့ အသိပေးနှိုးဆော်အပ်ပါကြောင်း။ ။

## မြန်မာနိုင်ငံပြန်တမ်း

### ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူးများ ခန့်ထားခြင်း

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် အောက်ဖော်ပြပါပုဂ္ဂိုလ်များကို ယင်းတို့နှင့်ယှဉ်တွဲဖော်ပြထားသည့် ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူး ရာထူးနေရာများတွင် တာဝန်ဝတ္တရားများကို စတင်ဆောင်ရွက်သည့်နေ့မှစ၍ အစမ်းခန့်ထားလိုက်သည်-

| | အမည်၊ ရာထူး၊ ဌာန | ခန့်ထားသည့် ရာထူး၊ ဌာန |
|---|---|---|
| (၁) | ဦးအောင်မင်း<br>ဒုတိယဦးဆောင်ညွှန်ကြားရေးမှူး<br>မြန်မာ့ရေနံနှင့် သဘာဝဓာတ်ငွေ့လုပ်ငန်း<br>လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာန | ဦးဆောင်ညွှန်ကြားရေးမှူး<br>မြန်မာ့ရေနံနှင့် သဘာဝဓာတ်ငွေ့လုပ်ငန်း<br>လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာန |
| (၂) | ဒေါက်တာ အေးအေးခိုင်<br>ဒုတိယပါမောက္ခချုပ်<br>ပဲခူးတက္ကသိုလ်<br>အဆင့်မြင့်ပညာဦးစီးဌာန<br>ပညာရေးဝန်ကြီးဌာန | ပါမောက္ခချုပ်<br>ပဲခူးတက္ကသိုလ်<br>အဆင့်မြင့်ပညာဦးစီးဌာန<br>ပညာရေးဝန်ကြီးဌာန |

## "အသိပေးကြေညာချက်"

ရက်စွဲ၊ ၂၀၂၁ ခုနှစ်၊ ဩဂုတ်လ ၂၁ ရက်

၁။ အများပြည်သူ ရုံးပိတ်ရက်များအဖြစ် သတ်မှတ်ကြေညာထားသော ၂၃.၈.၂၀၂၁ ရက်မှ ၃၁.၈.၂၀၂၁ ရက်အထိ ရုံးပိတ်ရက်များတွင် နယ်စပ်ကုန်သွယ်ရေးစခန်းများအနေဖြင့် အလုပ်တာဝန်များ ရပ်ဆိုင်းထားမည်မဟုတ်ဘဲ ပုံမှန်အတိုင်း ပို့ကုန်သွင်းကုန်လုပ်ငန်းများ ဆောင်ရွက်ပေးသွားမည်ဖြစ်ပြီး ကိုဗစ်-၁၉ ကူးစက်ရောဂါ ကာကွယ်ကုသရေးပစ္စည်းများ တင်သွင်းမှုများကိုလည်း သက်ဆိုင်ရာဌာနများနှင့် ညှိနှိုင်းထားသည့် SOP များနှင့်အညီ ဦးစားပေးတင်သွင်း ခွင့်ပြုပေးသွားမည်ဖြစ်ပါသည်။

၂။ အဆိုပါရက်များတွင်လည်း ကုန်သွယ်ရေးဦးစီးဌာန (ရုံးချုပ်) ပို့ကုန်သွင်းကုန်လုပ်ငန်းဌာနခွဲနှင့် ပို့ကုန်သွင်းကုန်ရုံး (ရန်ကုန်)တို့မှ အွန်လိုင်းစနစ်ဖြင့် ပို့ကုန်၊ သွင်းကုန်လိုင်စင်လျှောက်ထားမှုများကို ရုံးချိန်အတွင်း ပုံမှန်အတိုင်း ခွင့်ပြုဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန**

## ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေး ဆေးနှင့် ဆေးပစ္စည်းများ နေ့စဉ်စစ်ဆေး ထုတ်ပေးလျက်ရှိ

**နေပြည်တော် ဩဂုတ် ၂၁**

အကောက်ခွန်ဦးစီးဌာန အနေဖြင့် ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးပစ္စည်းများအား လေကြောင်း၊ ဆိပ်ကမ်း၊ နယ်စပ်ဂိတ်အသီးသီးမှ ရုံးပိတ်ရက်ရှည်ကာလအတွင်း နေ့စဉ်ရုံးပိတ်ရက်မရှိ လွယ်ကူချောမွေ့စွာ စစ်ဆေးထုတ်ပေးလျက်ရှိရာ ယနေ့တွင် ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်၌ ကုမ္ပဏီ ၁၉ ခုမှ Dexa Methazone Injection ၄၁၃၇၅ ခု၊ Humidifier Bottle တစ်ခု၊ Medical Goggles ၃၀၀၊ Mist Sprayer ၂၈၀၀၀၊Filter For Oxygen Plant ၁၅၀၀၊ Oximeter ၁၀၊ Oxygen Concentrator ၆၀၆ ခု၊ Oxygen Mask ၁၁၀၊ Oxygen Regulator ၁၀၄၀၊ PPE ၅၀၀ခု၊ Oxygen Concentrator Spare Parts ခုနစ်ခု၊ Thermometer ၁၀၄၀၊ ရန်ကုန်ဆိပ်ကမ်းများမှ X-Ray Machine Tank တစ်ခု၊ Oxygen Generator တစ်ခု၊ Oxygen Tank တစ်ခု၊ Oxygen Cylinder ၂၃၉၂ ခု၊ ကိုဗစ်-၁၉ ကာကွယ်၊ ကုသဆေးနှင့် အခြားဆေးမျိုးစုံ ၁၂၈၇၂ ဒသမ ၁၃ ကီလိုဂရမ်၊ နယ်စပ် (ချင်းရွှေဟော်၊ ကန်ပိုက်တီး၊ မူဆယ်၊ မြဝတီ)တွင် ကုမ္ပဏီ ၅၀ မှ Oxygen Cylinder ၉၀၁၃ ခု၊ Oxygen Concentrator ၅၇၈ ခု၊ Mask ၇၈၇၂၀ ကီလိုဂရမ်၊ Liquid Oxygen ၁၅၃၃၈ ကုဗမီတာ၊ Flow meter ၁၁၄၈၃ ခု၊ PPE ၁၂၉၂၅၀၊ Oxygen Plant ၁၂ ခု၊ Oxygen Mask ၁၉၅၀၀၊ Disposable Cap ၁၁၈၅၀၊ Air Tank တစ်ခု၊ Oximeter ၂၅၀၊ Patient Bed ခြောက်ခု၊ Strilization Gun ၂၀၊ Water Tap ၁၂၀၀ ကီလိုဂရမ်၊ Oxygen Bag ၅၀၀၀၊Oxygen Compressor သုံးခု၊ Goggle ၅၀၀၊ Cannula ၁၈၀၀၊ Face Shield ၂၉၀၀၊ Gloves ၁၃၃၂၁ ဒသမ ၈ ခု၊ Test Kit ၂၄၀၀၀၊ Spirometer ၂၅၀၀ တို့အား ထုတ်ပေးခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

■

ကြေးမုံ

| | | | |
|---|---|---|---|
| **စာတည်းမှူးချုပ်** | - ဦးစိုးစိုးနိုင် | **အငယ်တန်း သတင်းထောက်များ** | - ဦးအောင်ကျော်ဦး၊ ဦးအောင်ကျော်ဝင်း၊ ဦးသန်းတင်အောင်၊ ဒေါ်ခင်မို့မို့အောင်၊ ဒေါ်ခင်မျိုးနိုင်၊ ဒေါ်မာမာစိုး |
| **စာတည်းမှူး** | - ဦးဝင်းနိုင် | **သုတေသန** | - ဒေါ်ဇင်မာဝင့် |
| **စာတည်းများ** | - ဦးစန်းအောင်၊ ဦးအေဝမ်းစိုး၊ ဒေါ်ခင်ခင်သက်၊ ဒေါ်ယုဝါဝါ၊ ဒေါ်သီသီမင်း၊ ဦးဟိန်းထက်လင်း၊ ဦးသက်ထွေး | **စာပြင်** | - ဒေါ်မြသီတာ၊ ဒေါ်ခင်သက်မွန်နှင့်အဖွဲ့ |
| **ဘာသာပြန် စာတည်းများ** | - ဦးနိုင်လင်းကြည်၊ ဦးအောင်ကျော်ကျော်၊ ဦးစိုးသူရ | **စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း** | - ဦးတင်ထွန်းတာ၊ ဦးကျော်စွာလင်းနှင့်အဖွဲ့ |
| **အကြီးတန်း သတင်းထောက်များ** | - ဦးစိုးအောင်၊ ဒေါ်စန်းယဉ်ဥ၊ ဒေါ်နေဇာဇာထွန်း | **အီးမေးလ်နှင့် အွန်လိုင်း** | - ဦးစိုးချစ်ဦး |

ပုံနှိပ်ခြင်းလုပ်ငန်းအမှတ် (၀၀၆၄၀)၊
ပုံနှိပ်ထုတ်ဝေခွင့်အမှတ်(၀၀၇၇၁)ဖြင့်
ကြေးမုံသတင်းစာတိုက်က ထုတ်ဝေသည်။

Gmail themirror.npt@gmail.com
www.facebook.com/themirrordaily

နေပြည်တော် - စာတည်းမှူး ၀၆၇-၃၆၁၂၆၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၂၈၊ ၀၆၇-၃၆၁၃၀၊ ဖက်စ် ၀၆၇-၃၆၁၃၁
ရန်ကုန်ရုံးခွဲ - အမှတ် ၇၇၊ ၅၂ လမ်းနှင့် မဟာဗန္ဓုလလမ်းထောင့်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့၊ စာတည်းဌာန ၀၁-၂၉၂၈၃၂
မန်နေဂျာ - ၀၁-၈၆၁၀၆၈၅၊ စီမံ/ငွေစာရင်း ၀၁-၂၉၁၄၅၄၊ ဖြန့်ချိရေး ၀၁-၂၉၂၈၃၀၊ ကြော်ငြာ ၀၁-၃၉၇၃၃၀၊ ဖက်စ် ၀၁-၂၀၃၃၅၁

## နိုင်ငံရေးအရ တည်ငြိမ်အေးချမ်းမှု၊ လုံခြုံရေးအရ တည်ငြိမ်အေးချမ်းမှုများရှိအောင် ဆောင်ရွက်ရမည်

မိမိတို့အစိုးရအဖွဲ့တာဝန်ယူရမည့် ကာလသည် အချိန်ကာလ ခဏသာဖြစ်သည်ကို တာဝန်ထမ်းဆောင်မှု ၆ လပြည့်မိန့်ခွန်းတွင် မိမိအနေဖြင့် ပြောကြားပြီးဖြစ်ကြောင်း၊ အရေးပေါ်ကာလသတ်မှတ်ခြင်းနှင့် ဆောင်ရွက်၍ မပြီးပါက ဥပဒေအရခွင့်ပြုနိုင်သည်များရှိသည်ကို အရေးပေါ်ကာလပြဋ္ဌာန်းချက်ဥပဒေအခန်းတွင် ပါရှိပြီးဖြစ်ကြောင်း၊ မိမိတို့အစိုးရ၏ စီမံခန့်ခွဲမှု၊ ပြည်သူများ၏ ပူးပေါင်းဆောင်ရွက်မှု ကောင်းမွန်မှုအပေါ်တွင် မူတည်၍ လုပ်ငန်းရပ်များ ဆောင်ရွက်ရသည့်ကာလများ အပြောင်းအလဲဖြစ်လာနိုင်ကြောင်း၊ အချိန်ကာလအားဖြင့် ခေတ္တတာဝန်ယူဆောင်ရွက်သည်ဆိုသော်လည်း ပြည်သူများ စားရေး၊ ဝတ်ရေး၊ နေရေး၊ ထိုင်ရေး ကိစ္စများအား မဖြစ်မနေဆောင်ရွက်ပေးရမည်ဖြစ်ကြောင်း၊ ထို့အတူ နိုင်ငံရေးအရ တည်ငြိမ်အေးချမ်းမှု၊ လုံခြုံရေးအရ တည်ငြိမ်အေးချမ်းမှုများရှိအောင်လည်း ဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ တည်ငြိမ်အေးချမ်းမှုရှိမှသာ ရွေးကောက်ပွဲအား အဆင်ပြေချောမွေ့စွာဆောင်ရွက်နိုင်မည်ဖြစ်ကြောင်း။

(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် အိမ်စောင့်အစိုးရအဖွဲ့၊ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ၁၀-၈-၂၀၂၁ ရက်နေ့တွင် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် အိမ်စောင့်အစိုးရအဖွဲ့ အစည်းအဝေးအမှတ်စဉ် (၁/၂၀၂၁)၌ ပြောကြားသည့်အမှာစကားမှ ကောက်နုတ်ချက်)

## ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးစိုးထွဋ် မော်လမြိုင်အချုပ်ထောင်နှင့် ကျိုက်မရောဗဟိုအကျဉ်းထောင်တို့ကို ကြည့်ရှုစစ်ဆေး

**နေပြည်တော် ဩဂုတ် ၂၁**

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ပြည်ထဲရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးစိုးထွဋ်သည် ယမန်နေ့ မွန်းလွဲပိုင်းတွင် မော်လမြိုင်အချုပ်ထောင်နှင့် ယနေ့နံနက်ပိုင်းတွင် ကျိုက်မရောဗဟိုအကျဉ်းထောင်တို့ကို ကြည့်ရှုစစ်ဆေးသည်။



**ကြည့်ရှုစစ်ဆေး**

ပြည်ထောင်စုဝန်ကြီးသည် ယမန်နေ့မွန်းလွဲပိုင်းတွင် မော်လမြိုင်အချုပ်ထောင်သို့ ကြည့်ရှုစစ်ဆေးပြီး အချုပ်ထောင်ဗဟိုကင်းစစ်ရေးပြအဖွဲ့ကို ထောင်တာဝန်ရှိသူများအနေဖြင့် နေ့စဉ်စစ်ဆေးရန် လိုအပ်ကြောင်း၊ လုံခြုံရေးကျိုးပေါက်မှုမရှိစေရေး အထူးဂရုစိုက်ရန် လိုအပ်ကြောင်း၊ စည်းကမ်းဖောက်ဖျက်မှုမရှိစေရေး စည်းမျဉ်းစည်းကမ်းများနှင့်အညီ ထိန်းသိမ်းကြပ်မတ်ရန် လိုအပ်ကြောင်း၊ ဗဟိုကင်းအဖွဲ့အနေဖြင့် သစ္စာရှိ၍ တာဝန်ကျေပွန်စွာ အဖွဲ့စနစ်ဖြင့် လုပ်ငန်းတာဝန်များကို အောင်မြင်စွာ ဆောင်ရွက်နိုင်ရမည်ဖြစ်ကြောင်း၊ ဝတ်စားဆင်ယင်မှုစည်းမျဉ်း၊ စည်းကမ်းများနှင့်အညီ ဝတ်ဆင်ရမည်ဖြစ်ကြောင်း၊ အကျဉ်းသားများကို အချုပ်ထောင်စည်းကမ်းများနှင့်အညီ ထားရှိပြီး ရသင့်ရထိုက်သည့် ကျွေးမွေးမှုများကိုလည်း ကောင်းမွန်မှန်ကန်စွာ ကျွေးမွေးရန်နှင့် ထောင်အတွင်းပို့မည့်ရိက္ခာများကို ဘုတ်အဖွဲ့ဖြင့် စနစ်တကျစစ်ဆေးရန်လိုအပ်ကြောင်း မှာကြားသည်။

ယင်းနောက် အချုပ်ထောင်ရှိ စားရိပ်သာဂိုဒေါင်၊ အကျဉ်းသား အိပ်ဆောင်၊ စာကြည့်တိုက်၊ စားဖိုဆောင်၊ ဆေးကုသဆောင်၊ သောက်ရေသန့်စက်ရုံတို့ကို လှည့်လည်ကြည့်ရှုစစ်ဆေးကာ အကျဉ်းသားများ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးထိုးနှံပြီးစီးမှုနှင့် ကျန်းမာရေးဝန်ကြီးဌာန၏ ကိုဗစ်-၁၉ ရောဂါကာကွယ်၊ တားဆီးထိန်းချုပ်ရေးဆိုင်ရာ ထုတ်ပြန်ချက်များနှင့်အညီ လိုက်နာမှုရှိစေရေး တင်းတင်းကြပ်ကြပ်ဆောင်ရွက်ရေးအတွက် အကျဉ်းသားများကို ဦးစီးကြပ်မတ်ရသည့် ဝန်ထမ်းများကပါ တိကျစွာ လိုက်နာကျင့်သုံးကြရေး၊ စားရိပ်သာတွင် ရိက္ခာများကို စနစ်တကျထားရှိရေး၊ စာရင်းနှင့် မြေပြင်ရှိ ပစ္စည်းများ ကိုက်ညီမှန်ကန်မှုရှိစေရန် ပုံမှန်စစ်ဆေးကြပ်မတ်ရေး၊ အိပ်ဆောင်များရှိ ရေသုံးစွဲမှု၊ ရေရရှိမှု၊ လောက်ငမှုရှိစေရန် စီစဉ်ဆောင်ရွက်ပေးရေး၊ နေ့စဉ်ထုတ်မြဝတီ၊ မြန်မာ့အလင်း၊ ကြေးမုံသတင်းစာတို့ကို အဆောင်အလိုက်ထားရှိပေးရန်နှင့် အဆောင်တိုင်းတွင် ရုပ်မြင်သံကြားစက်များ အသစ်ထပ်မံတပ်ဆင်ပေးရေး၊ စာကြည့်တိုက်မှူးထားရှိပြီး စာအုပ်များအား စနစ်တကျထုတ်ပေးနိုင်ရေး၊ သုတရသစာပေများ ဖတ်ရှုနိုင်စေရေး ဆောင်ရွက်ပေးရန်နှင့် စိုက်ပျိုး၊ မွေးမြူရေးနှင့် ကုန်ထုတ်လုပ်ငန်းများကို ယခုထက်ပိုမိုတိုးတက်ဆောင်ရွက်ရေးတို့ကို မှာကြားသည်။

ယင်းနောက် မော်လမြိုင်မြို့ရှိ ရာမညဇာနည်ခန်းမတွင် ပြည်ထဲရေးဝန်ကြီးဌာနအောက်ရှိ တပ်ဖွဲ့၊ ဦးစီးဌာနများမှ တာဝန်ရှိသူများနှင့်တွေ့ဆုံ၍ ဌာနတိုင်း စိုက်ပျိုး၊ မွေးမြူရေးတစ်ပိုင်တစ်နိုင် လုပ်ကိုင်ကြရန်နှင့် လတ်တလောကာလတွင် ကိုဗစ်-၁၉ ရောဂါဖြစ်ပွားမှုများပြားနေသဖြင့် ကူးစက်မှုမခံရစေရေး ကျန်းမာရေးဝန်ကြီးဌာနမှ ထုတ်ပြန်ထားသည့် ကိုဗစ်-၁၉ ရောဂါကာကွယ်ရေးဆိုင်ရာ စည်းမျဉ်းစည်းကမ်းများနှင့်အညီ နေထိုင်သွားလာရေးတို့ကို မှာကြားသည်။

ပြည်ထောင်စုဝန်ကြီးသည် ယနေ့နံနက်ပိုင်းတွင် ကျိုက်မရောမြို့ ကျိုက်မရော ဗဟိုအကျဉ်းထောင်ရှိ ဗဟိုကင်းစစ်ရေးပြအဖွဲ့၊ အကျဉ်းသားအိပ်ဆောင်၊ ဆေးကုသဆောင်၊ စားဖိုဆောင်တို့ကို လှည့်လည်ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ မှာကြားသည်။

**ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်**

ယင်းနောက် ဗဟိုအကျဉ်းထောင်ဝင်းအတွင်းရှိ နေအိမ်လိုင်းခန်းများကို မော်တော်ယာဉ်များဖြင့် လှည့်လည်ကြည့်ရှုစစ်ဆေးကာ ထောင်တာဝန်ခံအရာရှိရုံးခန်း၌ တာဝန်ရှိသူများနှင့် တွေ့ဆုံ၍ လုပ်ငန်းလိုအပ်ချက်များကို ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။

**သတင်းစဉ်**

## ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ ကိုဗစ်စင်တာများသို့ ဆေးဝါးများ၊ အင်အားဖြည့်အစားအစာများ ထောက်ပံ့လှူဒါန်း

**ရန်ကုန် ဩဂုတ် ၂၁**

နယ်စပ်ရေးရာဝန်ကြီးဌာနအနေဖြင့် မြန်မာနိုင်ငံအတွင်း ဖြစ်ပွားလျက်ရှိသော ကိုဗစ်-၁၉ ရောဂါကူးစက်ခံထားရသော လူနာများအတွက် ပြည်နယ်/တိုင်းဒေသကြီးများအလိုက် ဆေးဝါးနှင့် အင်အားဖြည့်အစားအစာများ ထောက်ပံ့လှူဒါန်းပေးလျက်ရှိသည်။



ထိုသို့ လှူဒါန်းလျက်ရှိရာ ယနေ့နံနက်ပိုင်းတွင် ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ ဒဂုံမြို့သစ်(တောင်ပိုင်း)နှင့် ဒဂုံမြို့သစ်(အရှေ့ပိုင်း)တို့တွင် ဖွင့်လှစ်ထားရှိသော ဇီဝက ကိုဗစ်စင်တာနှင့် အောင်မြင့်မိုရ်(ရိုးမ) ကိုဗစ်စင်တာများရှိ Quarantine ဝင်ရောက်နေသော လူနာများအတွက် လိုအပ်သောဆေးဝါးများ၊ အင်အားဖြည့် အစားအစာများ၊ ကြက်ဥများနှင့် အားဖြည့်အချိုရည်များကို ရန်ကုန်အရှေ့ပိုင်းခရိုင် ဖွံ့ဖြိုးမှုကြီးကြပ်ရေးရုံးမှ ဒုတိယညွှန်ကြားရေးမှူး ဦးမျိုးဇော်ဦးနှင့် တာဝန်ရှိသူများက အဆိုပါ ကိုဗစ်စင်တာများရှိ တာဝန်ရှိသူများထံ ပေးအပ်လှူဒါန်းခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

❖ မန်းရွှေစက်တော်မှ

ဝန်ထမ်းများနဲ့ နေ့ညမပြတ် လုပ်ငန်းဆောင်ရွက်နေပါတယ်။ ဆောက်လုပ်ရေးပစ္စည်းတွေက လုပ်ငန်းခွင်အတွင်း ပြည့်ပြည့်စုံစုံ ရောက်ရှိနေပါပြီ။ Lift Column ကို ဩဂုတ်လကုန်လောက်မှာ တည်ဆောက်သွားမှာဖြစ်ပြီး တည်ဆောက်ပြီးရင် ပစ္စည်းတွေအပေါ်တင်ပြီး ခါတ်လှေကားတည်ဆောက်ရေးလုပ်ငန်းတွေ ဆက်လက်ဆောင်ရွက်သွားမှာဖြစ်ပါတယ်”ဟု တည်ဆောက်ရေးစီမံကိန်း မန်နေဂျာ ဦးသန်းလွင်က ပြောကြားသည်။

အဆိုပါ ခါတ်လှေကားတာဝါကို အလျား ပေ ၂၁၀၊ အမြင့် ၁၁၉ ပေ၊ လျှောက်လမ်းအကျယ် ၁၂ ပေဖြင့် Kyaw Thar ကုမ္ပဏီက ငွေကျပ်သိန်းပေါင်း ၁၆၀၀၀ ခန့်ဖြင့် တာဝန်ယူတည်ဆောက်ခြင်းဖြစ်ပြီး ယနေ့အထိ လုပ်ငန်း၏ ၄၅ ရာခိုင်နှုန်းပြီးစီးနေပြီဖြစ်ကာ ၂၀၂၂ ခုနှစ် မန်းရွှေစက်တော် ဘုရားပွဲတော်မကျင်းပမီ ကာလအတွင်း အချိန်မီပြီးစီးအောင်တည်ဆောက်သွားမည်ဖြစ်ကြောင်း သိရသည်။

**မယု (ငဖဲ)**

ကမ္ဘာ့အပူချိန် လျှော့ချဖို့ အိုဇုန်းလွှာကာကွယ်မှုနဲ့အတူ ဆက်လက်ဆောင်ရွက်စို့

☆ ရှေ့ဖုံးမှ

ကျန်းမာရေးဝန်ကြီးဌာန၏ ကိုဗစ် -၁၉ ကာကွယ်ရေးဆိုင်ရာ လမ်းညွှန်ချက်များနှင့်အညီ ဖွင့်လှစ်ရန်၊

(ဃ) သက်ဆိုင်ရာဌာနအသီးသီး၏ မဖြစ်မနေဆောင်ရွက်ရမည့် အရေးကြီး ရုံးလုပ်ငန်းများ လစ်ဟင်းမှု မရှိစေရေး work from home နည်းလမ်းဖြင့် လည်းကောင်း၊ အခြားသင့်လျော်သည့် နည်းလမ်းများဖြင့် လည်းကောင်း စီမံဆောင်ရွက်ရန်၊

(င) မရှိမဖြစ် အခြေခံလိုအပ်ချက်များဖြစ်သော စက်သုံးဆီ၊ သောက်သုံးရေသန့်၊ သား၊ ငါးနှင့် အခြေခံ စားသောက်ကုန်များ ရောင်းချသည့်ဆိုင်များသာ ဖွင့်လှစ်ရောင်းချရန်၊

(စ) ဆေးဝါးနှင့် ဆေးပစ္စည်းကိရိယာများ ရောင်းချသည့်ဆိုင်များ၊ ဆေးကုမ္ပဏီများဖွင့်လှစ်ရောင်းချရန်၊

(ဆ) စားသောက်ဆိုင်များအနေဖြင့် ပါဆယ်စနစ်(take away)ဖြင့်သာ ရောင်းချရန်၊

(ဇ) ကျန်းမာရေးစောင့်ရှောက်မှု လုပ်ငန်းများ ဆက်လက်ဆောင်ရွက်ရန်၊ (အစိုးရဆေးရုံများ၊ ပုဂ္ဂလိက ဆေးရုံများနှင့် ဆေးခန်းများ)

(ဈ) မဖြစ်မနေ နေအိမ်မှ ထွက်ခွာသွားရောက်ရမည့် ကိစ္စရပ်များ ပေါ်ပေါက်ပါက ပါးစပ်၊ နှာခေါင်းစည်း (Mask) အပါအဝင် လိုအပ်သော ရောဂါကာကွယ်ရေးအစီအမံများ မဖြစ်မနေဝတ်ဆင်ရန်၊

(ည) မဖြစ်မနေ ခရီးသွားလာရမည့်ပုဂ္ဂိုလ်များ အဆင်ပြေချောမွေ့စေရေးအတွက် ကုန်းလမ်း၊ ရေလမ်း၊ လေကြောင်းလမ်းတို့နှင့် ပတ်သက်သော စက်တပ်ယာဉ်များ ပြေးဆွဲနိုင်ရေးအတွက် ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန၊ သက်ဆိုင်ရာ နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့များ၏ ကြီးကြပ်ကွပ်ကဲမှုဖြင့် ပြေးဆွဲသွားလာခွင့်ပြုရန်၊

(ဋ) ကုန်စည်စီးဆင်းမှု အဆင်ပြေချောမွေ့စေရေးအတွက် ကုန်တင်ယာဉ်များ သွားလာမှုစံသတ်မှတ်ချက် Standard Operating Procedure (SOP)အတိုင်း လိုက်နာဆောင်ရွက်ရန်၊

(ဌ) ကုန်တင်ကုန်ချဆိပ်ကမ်းများကို ဆက်လက်ဖွင့်လှစ်ဆောင်ရွက်ရန်၊

(ဍ) Coronavirus Disease 2019 ( COVID – 19 ) ကာကွယ်၊ ကုသ၊ ထိန်းချုပ်ရေးဗဟိုကော်မတီနှင့် ကျန်းမာရေးဝန်ကြီးဌာနက ထုတ်ပြန်ထားသည့် ကိုဗစ်-၁၉ ဆိုင်ရာ စည်းကမ်းချက်များကို တိကျစွာ လိုက်နာရန်။

၃။ အထက်ပါ စည်းကမ်းချက်များအား လိုက်နာရန် ပျက်ကွက်ပါက တည်ဆဲဥပဒေများနှင့်အညီ အရေးယူသွားမည်ဖြစ်ပါသည်။

# မန္တလေး–လားရှိုး–ဗန်းမော်–မြစ်ကြီးနားလမ်း၌ ဗလမင်းထင်တံတား အမှတ်(၂)တည်ဆောက်လျက်ရှိ



မြစ်ကြီးနား ဩဂုတ် ၂၁

ကချင်ပြည်နယ်ဝန်ကြီးချုပ် ဦးခက်ထိန်နန်နှင့် တာဝန်ရှိသူများသည် ယနေ့ မွန်းလွဲ ၂ နာရီခွဲက မြစ်ကြီးနားမြို့ စီတာပူရပ်ကွက် မန္တလေး–လားရှိုး– ဗန်းမော်–မြစ်ကြီးနား လမ်းပေါ်ရှိ တံတားအမှတ် (၂/၄၈၆)ဗလမင်းထင်တံတားအမှတ်(၂) တည်ဆောက်နေမှုအား ကြည့်ရှုစစ်ဆေးသည်။

**ကြည့်ရှုစစ်ဆေး**

ရှေးဦးစွာ ကချင်ပြည်နယ်ဝန်ကြီးချုပ် ဦးခက်ထိန်နန်နှင့်အဖွဲ့ဝင်များသည် ဧရာဝတီမြစ်ကူး တံတား ဗလမင်းထင်တံတားအမှတ်(၂) မြေစမ်းသပ်ခြင်းလုပ်ငန်းဆောင်ရွက်နေမှုနှင့် တံတားချဉ်းကပ်လမ်းမြေနေရာများအား ကြည့်ရှုစစ်ဆေးသည်။ ယင်းနောက် ပြည်နယ်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် တံတားအထူးအဖွဲ့(၁) ရှင်းလင်းဆောင်တွင် ဗလမင်းထင်တံတားအမှတ်(၂) လျာထားတံတား အူကြောင်းပြပုံနှင့် တံတားပုံစံငယ်အား ကြည့်ရှုစစ်ဆေးပြီး အဆိုပါ တံတားတည်ဆောက်နေမှု လုပ်ငန်းများနှင့် စပ်လျဉ်း၍ ပြည်နယ်လမ်းဦးစီးဌာနနှင့် တံတားအထူးအဖွဲ့(၁)မှ တာဝန်ရှိသူများက လက်ရှိအသုံးပြုလျက်ရှိသည့် တံတားအဟောင်း၏ အောက်ဘက်မီတာ ၄၀ အကွာတွင် တံတားအရှည် ၃၂၀၂ ပေ ၉၇၉ မီတာနှင့် အကျယ်ယာဉ်သွားလမ်း ၂၄ ပေ၊ လူသွားလမ်းတစ်ဖက်လျှင် သုံးပေစီရှိသော သံကူကွန်ကရစ် ရေလယ်တိုင်နှင့် ကမ်းကပ်ခုံ၊ Steel Truss ၊ Steel Box Girder and RCC Slab အမျိုးအစား တံတားတည်ဆောက်သွားရန် ဆောင်ရွက်နေမှုအခြေအနေ၊ ကနဦးအကြို အင်ဂျင်နီယာလုပ်ငန်းများဆောင်ရွက်နေမှု အခြေအနေများအား ပါဝါပွိုင့်နှင့်တကွ ရှင်းလင်းတင်ပြကြသည်။

ပြည်နယ်ဝန်ကြီးချုပ်က တံတားသစ်စီမံကိန်းလုပ်ငန်းများကို သတ်မှတ်ချက်များအတိုင်း အရည်အသွေးပြည့်မီအောင် တည်ဆောက်သွားရေး၊ တံတားအဟောင်းကိုလည်း ကြံ့ခိုင်မှုရှိစေရန် ထိန်းသိမ်းဆောင်ရွက်သွားရေးနှင့် လိုအပ်သည်များကို ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးသည်။

အဆိုပါတံတားသစ်စီမံကိန်းကို ဘဏ္ဍာနှစ်သုံးနှစ်အတွင်း တည်ဆောက်သွားမည်ဖြစ်ပြီး တံတား၏ခွင့်ပြုအလေးချိန်မှာ ယာဉ်တစ်စီးချင်း ၇၅ တန်ဖြတ်သန်းသွားလာနိုင်မည်ဖြစ်ကာ တံတားသစ်ပြီးစီးပါက တံတားအဟောင်းနှင့် အသွားလမ်း/အပြန်လမ်း လေးလမ်းသွားအဖြစ် အသုံးပြုသွားမည်ဖြစ်ကြောင်းနှင့် လက်ရှိအသုံးပြုနေသော ဗလမင်းထင်တံတားသည် နှစ်ပေါင်း ၂၅ နှစ်ခန့်ရှိနေပြီဖြစ်ကြောင်း တံတားဦးစီးဌာန တံတားအထူးအဖွဲ့(၁)မှ သိရသည်။

**ပြည်နယ်(ပြန်/ဆက်)**

# ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးလုပ်ငန်းများအတွက် အလှူငွေပေးအပ်ခြင်းနှင့် ကျန်းမာရေးဝန်ထမ်းများ၊ စေတနာ့ဝန်ထမ်းများအား ဂုဏ်ပြုထောက်ပံ့



ပုသိမ် ဩဂုတ် ၂၁

ဧရာဝတီတိုင်းဒေသကြီးအတွင်း ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးလုပ်ငန်းများအတွက် အလှူငွေပေးအပ်ခြင်းနှင့် ကျန်းမာရေးဝန်ထမ်းများ၊ စေတနာ့ဝန်ထမ်းများအား ဂုဏ်ပြုထောက်ပံ့ခြင်း အခမ်းအနားကို ယနေ့နံနက် ၉ နာရီက ပုသိမ်မြို့ ရောရွှေဝါခန်းမ၌ ကျင်းပသည်။

**ပေးအပ်လှူဒါန်း**

ရှေးဦးစွာ ဧရာဝတီတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးတင်မောင်ဝင်းက အဖွင့်အမှာစကားပြောကြားပြီး တိုင်းဒေသကြီး ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးလုပ်ငန်းများအတွက် အလှူရှင် ၃၆ ဦးမှ ငွေကျပ် ၇၇၆၅၅၀၀၀ တန်ဖိုးရှိ အလှူငွေနှင့် ရောဂါကာကွယ်ကုသရေးသုံးပစ္စည်းများ ပေးအပ်လှူဒါန်းမှုကို လက်ခံရယူကာ အလှူရှင်များအား ဂုဏ်ပြုမှတ်တမ်းလွှာများ ပြန်လည်ပေးအပ်သည်။

ဆက်လက်၍ ကျန်းမာရေးဝန်ထမ်းများနှင့် ဆေးရုံများအတွက် ထောက်ပံ့ငွေကျပ် ၁၀၂၅ သိန်းအားပေးအပ်ရာ တိုင်းဒေသကြီး ပြည်သူ့ကျန်းမာရေးနှင့် ကုသရေးဦးစီးဌာနမှူး ဒေါက်တာဇော်မင်းထွန်းက လည်းကောင်း၊ တိုင်းဒေသကြီးအတွင်းရှိ Quarantine Center ၊ ကုသရေးစင်တာ၊ ကုသရေးဆေးရုံများ၌ တာဝန်ထမ်းဆောင်လျက်ရှိသည့် စေတနာ့ဝန်ထမ်းများအား စားစရိတ်နှင့် စက်သုံးဆီအတွက် ထောက်ပံ့ငွေကျပ် ၂၁၅၅ သိန်းကို ပေးအပ်ရာ စေတနာ့ဝန်ထမ်းများကိုယ်စား ဦးဝေယံက လည်းကောင်း၊ အနောက်တောင်တိုင်း စစ်ဌာနချုပ် တိုင်းမှူးဗိုလ်ချုပ်အောင်အောင်က တိုင်းဒေသကြီးအတွင်းရှိ Quarantine Center ၊ ကုသရေးစင်တာ၊ ကုသရေးဆေးရုံများ၌ တာဝန်ထမ်းဆောင်လျက်ရှိသည့် စေတနာ့ဝန်ထမ်းများအတွက် ငွေကျပ် သိန်း ၂၁၇၀ တန်ဖိုးရှိ ကျန်းမာရေးအကာအကွယ်သုံးပစ္စည်းများ ထောက်ပံ့ပေးအပ်ရာ စေတနာ့ဝန်ထမ်းများကိုယ်စား ဦးချစ်ကိုကိုဝင်းက လက်ခံရယူသည်။

**ကြည့်ရှုစစ်ဆေး**

ဆက်လက်၍ တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် အဖွဲ့သည် အဆောက်အဦဦးစီးဌာန၊ အဆောက်အဦအထူးအဖွဲ့(၁၅)မှ တာဝန်ယူတည်ဆောက်နေသည့် ပုသိမ်ပြည်သူ့ဆေးရုံကြီး ကိုးထပ် တိုးချဲ့ဆောင်ဆောက်လုပ်ခြင်းလုပ်ငန်းကို သွားရောက်ကြည့်ရှုရာ ရှင်းလင်းဆောင်၌ အဆောက်အဦအထူးအဖွဲ့(၁၅) မှ လက်ထောက်ညွှန်ကြားရေးမှူး ဦးသိန်းစိုးက စီမံကိန်းဆိုင်ရာအချက်အလက်များ၊ ဘဏ္ဍာရေးနှစ်အလိုက် ရရှိရန်ပုံငွေဖြင့် တည်ဆောက်နေမှုအခြေအနေများ၊ တည်ဆောက်ပြီးစီးမှု အခြေအနေများ၊ ဆက်လက်ဆောင်ရွက်မည့် အစီအစဉ်များအား ရှင်းလင်းတင်ပြရာ တိုင်းဒေသကြီးဝန်ကြီးချုပ်က လိုအပ်သည်များကို လမ်းညွှန်မှာကြားကာ အဆောက်အအုံတည်ဆောက်ပြီးစီးမှုအခြေအနေများအား လှည့်လည်ကြည့်ရှုစစ်ဆေးကြကြောင်း သိရသည်။

**ကိုတွတ်(ပြန်/ဆက်)**

ခရမ်းလွန်ရောင်ခြည် အန္တရာယ်ကာကွယ်ရေး အိုဇုန်းလွှာကို ထိန်းသိမ်းပေး

သက်ရှိကမ္ဘာရှင်သန်ဖို့ အိုဇုန်းလွှာကို ထိန်းသိမ်းစို့

# ကရင်ပြည်နယ်၌ ၂၀၂၂ ခုနှစ် မိုးရာသီသစ်ပင်စိုက်ပွဲ ကျင်းပ

**ဘားအံ ဩဂုတ် ၂၁**

ကရင်ပြည်နယ်၌ ၂၀၂၂ ခုနှစ် မိုးရာသီသစ်ပင်စိုက်ပွဲကို ယနေ့ နံနက်ပိုင်းက ဘားအံမြို့ လှာကမြင် ကွက်သစ်ဂေါက်ကွင်း၌ ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးဗဟိုကော်မတီ၏ လမ်းညွှန်ချက် စည်းမျဉ်းစည်းကမ်းများနှင့်အညီ ကျင်းပသည်။



သစ်ပင်စိုက်ပွဲတွင် ကရင်ပြည်နယ်ဝန်ကြီးချုပ် ဦးစောမြင့်ဦး၊ ပြည်နယ်တရား လွှတ်တော် တရားသူကြီးချုပ် ဦးသိန်းကိုကို၊ ပြည်နယ်အစိုးရ အဖွဲ့ဝင်ဝန်ကြီးများ၊ ဌာနဆိုင်ရာများ၊ ဒေသခံပြည်သူများက အဖိုးတန်သစ်မျိုးများဖြစ်သော မဟော်ဂနီ၊ သက်န်း၊ ခရေ၊ ပုန်းညက်၊ ပျဉ်းမ၊ မာတာကွတ်၊ မန်ဂျန်ရှား အစရှိသည့် သစ်မျိုးများ အပါအဝင် အပင်ပေါင်း ၈၀၄ ပင်ကို စုပေါင်းစိုက်ပျိုးခဲ့ကြသည်။

ယင်းနောက် ပြည်နယ်ဝန်ကြီးချုပ်နှင့်အဖွဲ့သည် မြို့ပြနှင့်အိမ်ရာ ဖွံ့ဖြိုးရေးဦးစီးဌာန ကရင်ပြည်နယ် ညွှန်ကြားရေးမှူးရုံး၏ ၂၀၂၁-၂၀၂၂ ဘဏ္ဍာနှစ် ပြည်နယ်ရန်ပုံငွေကျပ် ၃၃၁ ဒသမ ၃၇၃၅ သန်းဖြင့် ဆောက်လုပ်သော လှာကမြင်ဝန်ထမ်းအိမ်ရာ လေးခန်းတွဲ လေးထပ် တည်ဆောက်ခြင်း လုပ်ငန်းကို သွားရောက်ကြည့်ရှုစစ်ဆေးရာ ပြည်နယ်ဦးစီးမှူးနှင့် တာဝန်ရှိသူများက တည်ဆောက်ရေးလုပ်ငန်းနှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြကြပြီး ပြည်နယ်ဝန်ကြီးချုပ်က သတ်မှတ်စံချိန်စံညွှန်းများနှင့်အညီ အချိန်မီပြီးစီးနိုင်ရေး ကြိုပမ်းဆောင်ရွက်ကြရန် လမ်းညွှန်မှာကြားသည်။

ဆက်လက်၍ ပြည်နယ်ဝန်ကြီးချုပ်နှင့်အဖွဲ့သည် ဘားအံမြို့ အမှတ်(၉)ရပ်ကွက် ကြာအင်းတောင်ခြေရှိ ကရင်ပြည်နယ် ယာဉ်ထိန်းရဲတပ်ဖွဲ့ ဝန်ထမ်းအိမ်ရာမြေနေရာကို သွားရောက်ကြည့်ရှုပြီး လိုအပ်သည်များ လမ်းညွှန်မှာကြားခဲ့ကြောင်း သိရသည်။

**စောမျိုးမင်းသိန်း(ပြန်/ဆက်)**

# အသိပေးကြေညာချက်

**ရက်စွဲ၊ ၂၀၂၂ ခုနှစ် ဩဂုတ်လ ၂၂ ရက်**

အများပြည်သူအလုပ်ပိတ်ရက်များအဖြစ် တိုးမြှင့်သတ်မှတ်ကြေညာထားသော ၂၀၂၂ ခုနှစ် ဩဂုတ်လ ၂၃ ရက်နေ့မှ ၃၁ ရက်နေ့အထိ နေ့ရက်များအတွင်း မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်သို့ တင်ပြသည့် ရင်းနှီးမြှုပ်နှံမှုကိစ္စရပ်များနှင့် ကုမ္ပဏီမှတ်ပုံတင်ခြင်းဆိုင်ရာကိစ္စရပ်များအတွက် အမှတ်(၁)၊ သစ္စာလမ်း၊ ရန်ကင်းမြို့နယ်ရှိ ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများညွှန်ကြားမှုဦးစီးဌာန(ရုံးချုပ်)တွင်လည်းကောင်း၊ ရင်းနှီးမြှုပ်နှံမှုအတွက် ဌာနဆိုင်ရာ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ရမည့် ကိစ္စရပ်များအား အမှတ်(၄၉)၊ စိမ်းလဲ့မေလမ်းသွယ်၊ ကမ္ဘာအေးဘုရားလမ်း၊ ရန်ကင်းမြို့နယ်ရှိ ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများညွှန်ကြားမှုဦးစီးဌာန(ရန်ကုန်တိုင်းရုံးခွဲ)၌ ဖွင့်လှစ်ထားသည့် One Stop Services-OSS ရုံးတွင်လည်းကောင်း ရုံးချိန်အတွင်း လက်ခံဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများညွှန်ကြားမှုဦးစီးဌာန**

# မြန်မာ့ပင်လယ်ပြင် အခြေအနေ

**နေပြည်တော် ဩဂုတ် ၂၁**

လှိုင်းအနည်းငယ်မှ အသင့်အတင့်ရှိမည်။ လှိုင်းအမြင့်မှာ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် လေးပေမှ ခုနစ်ပေခန့် ရှိနိုင်သည်။

**မိုး/ဇလ**

# ရန်ကုန်မြို့တော်ဝန် ဦးဗိုလ်ငွေး ရွေ့လျားဈေးကားရောင်းချနေမှု ကြည့်ရှုအားပေး

**ရန်ကုန် ဩဂုတ် ၂၁**

ရန်ကုန်တိုင်းဒေသကြီး စည်ပင်သာယာရေးဝန်ကြီး ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီ ဥက္ကဋ္ဌ(မြို့တော်ဝန်) ဦးဗိုလ်ငွေးသည် ယနေ့နံနက် ၆ နာရီခွဲတွင် ကမာရွတ်မြို့နယ် ဗဟိုလမ်း နာနတ်တော စည်ပင်ရဲအိမ်ရာဝင်း၌ ကုန်စိမ်းများ၊ မီးဖိုချောင်သုံး ကုန်ခြောက်မျိုးစုံ၊ အသားမျိုးစုံနှင့် ငါး/ပုဇွန် အမျိုးမျိုးတို့ကို ရွေ့လျားဈေးကား(Mobile Market) စနစ်ဖြင့် ရောင်းချနေမှုကိုလည်းကောင်း၊ ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့ရုံး၊ ဝန်ထမ်းအိမ်ရာဝင်းအတွင်း ရွေ့လျားဈေးကား ရောင်းချနေမှုကိုလည်းကောင်း ကြည့်ရှုအားပေးသည်။



**ကြည့်ရှုစစ်ဆေး**

ထို့နောက် ကျောက်တံတားမြို့နယ် အိန္ဒိယသံရုံး ပတ်ဝန်းကျင်၌ ရေမြောင်းများအတွင်း အမှိုက်နှင့် မြောင်းချေးများ ဆယ်ယူရှင်းလင်းနေမှု၊ ဖြတ်မြောင်းနှာပေါက်များအတွင်းမှ သဲ၊ ခဲများ ရှင်းလင်းနေမှု၊ ဘေးပတ်ဝန်းကျင်ရှိတိုက်များမှ တွယ်ကပ်သစ်ပင်များ ခုတ်ထွင် ရှင်းလင်းနေမှု၊ လမ်းဘေးဝဲ/ယာ ပလက်ဖောင်းကို ရေသယ်ယာဉ်ဖြင့် ရေဆေးသန့်စင်နေမှု၊ ရေညှိများ ခြစ်ထုတ်နေမှုနှင့် လမ်းဘေးသစ်ပင်များ ပုံသွင်းဖြတ်ညှိနေမှုကိုလည်းကောင်း၊ ကမ်းနားလမ်း အမှတ်(၁၀) မြစ်ထွက်ပေါက် ရေထိန်းတံခါး ရေစီးရေလာကောင်းမွန်ရေး ဆောင်ရွက်နေမှုနှင့် မဟာဗန္ဓုလပန်းခြံအတွင်း စိမ်းလန်းစိုပြည်ရေးလုပ်ငန်းများကိုလည်းကောင်း ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ မှာကြားသည်။

**လက်ခံရယူ**

ဆက်လက်၍ မြို့တော်ဝန်နှင့်အဖွဲ့သည် နံနက် ၉ နာရီတွင် ဒဂုံမြို့နယ် အမှတ်(၁၂) စကားဝါလမ်းရှိ တိပိဋကနိကာယကျောင်းတိုက်တွင် ကျောင်းတိုက်ရှိ ဆရာတော်၊ သံဃာတော်များ အသုံးပြုနိုင်ရန် အောက်ဆီဂျင် လီတာ ၄၀ အိုး ၁၅ လုံးနှင့် Oxygen Regulator ခုနစ်ခုတို့ကို လှူဒါန်းရာ ကျောင်းတိုက်ဆရာတော် တိပိဋကဓရ ဘဒ္ဒန္တပညာသိရီလင်္ကာရက လက်ခံရယူသည်။

ထို့နောက် ဗဟန်းမြို့နယ် ရွှေတိဂုံစေတီတော်မြတ်ကြီး၏ တောင်ဘက်မုခ် ကွပ်ကဲရေးဆောင်သို့ အောက်ဆီဂျင် လီတာ ၄၀ အိုး ငါးလုံးနှင့် Oxygen Regulator သုံးခုတို့ကို လှူဒါန်းရာ ရွှေတိဂုံစေတီတော်မြတ်ကြီး၏ ဂေါပကအဖွဲ့ဝင် ဦးတင်ဝင်းနှင့် ဦးအမ်းယုမောင်တို့က လက်ခံရယူကြပြီး ဂုဏ်ပြုမှတ်တမ်းလွှာ ပြန်လည်ချီးမြှင့်ပေးအပ်ခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# ဝါးခယ်မမြို့နယ် ကျွန်းကုန်းတံတားတည်ဆောက်မှု ၈၀ ရာခိုင်နှုန်းပြီးစီး

**ဝါးခယ်မ ဩဂုတ် ၂၁**

ဧရာဝတီတိုင်းဒေသကြီး ဝါးခယ်မမြို့နယ် လမ်းအမှတ်(၁၀) ဘိုကလေး-မော်လမြိုင်ကျွန်း-ကျုံမငေး-ဝါးခယ်မ-မြောင်းမြလမ်းပေါ်၌ ပြန်မလေ့ာမြစ်ကို ဖြတ်၍ ကျွန်းကုန်းတံတား တည်ဆောက်ရေးစီမံကိန်းကို ဆောင်ရွက်လျက်ရှိရာ ယခုအခါ ၈၀ ရာခိုင်နှုန်း ဆောင်ရွက်ပြီးစီးနေပြီဖြစ်ကြောင်း ဆောက်လုပ်ရေးဝန်ကြီးဌာနမှ သိရသည်။

**တံတားခံနိုင်ဝန် ၇၅ တန်**

အဆိုပါ ကျွန်းကုန်းတံတားသစ်သည် အရှည်စုစုပေါင်း မီတာ ၂၄၀ ရှိပြီး တံတားအကျယ်ပေ ၃၀ နှင့် လူသွားလမ်းအကျယ်တစ်ဖက်လျှင် သုံးပေစီ ပါဝင်သည်။ ရေလမ်းကင်းလွတ်အကျယ် ပေ ၁၂၀ နှင့် အမြင့် ၁၈ ပေရှိကာ တံတားခံနိုင်ဝန်မှာ ၇၅ တန် ဖြစ်သည်။

တံတားသစ်၏အပေါ်ထည်မှာ သံကူကွန်ကရစ်ရက်မ၊ သံမဏိသံပေါင်ရက်မ၊ သံကူကွန်ကရစ်ကြမ်းခင်း အမျိုးအစားဖြစ်ပြီး အရှည်မီတာ ၅၀ စီရှိ သံမဏိသံပေါင်နှစ်ခန်းနှင့် အရှည်မီတာ ၆၀ ရှိ သံမဏိသံပေါင်တစ်ခန်းတို့ ပါဝင်တည်ဆောက်ထားပြီး ဝါးခယ်မဘက်ကမ်းနှင့် မြောင်းမြဘက်ကမ်း၌ အရှည်မီတာ ၂၀ စီပါဝင်သော သံကူကွန်ကရစ်ရက်မ နှစ်ခန်းစီ ပါဝင်တည်ဆောက်ထားကာ တံတားအောက်ထည်မှာ သံကူကွန်ကရစ်အမျိုးအစားဖြစ်ကြောင်း၊ တံတားအောက်ခံအုတ်မြစ်များကို အချင်း ၁ ဒသမ ၅ မီတာနှင့် ၁ ဒသမ ၂ မီတာရှိသည့် သံကူကွန်ကရစ် ဘိုးပိုင်များဖြင့် တည်ဆောက်ထားကြောင်း သိရသည်။



တံတားသစ် တည်ဆောက်လိုက်သောကြောင့် ဖျာပုံ၊ ဘိုကလေး၊ မော်လမြိုင်ကျွန်းနှင့် ဝါးခယ်မမြို့နယ် အနီးတစ်ဝိုက်တွင် နေထိုင်ကြသည့် ဒေသခံပြည်သူများအနေဖြင့် အမှတ်(၁၀)လမ်းမကြီးပေါ်တည်ရှိသော စော်ကဲတံတား၊ ကျွန်းပြဿဒ်တံတား၊ ဝါးခယ်မတံတားနှင့် ကျွန်းကုန်းတံတားတို့ကို ဖြတ်သန်း၍ မြောင်းမြမြို့နှင့် ပုသိမ်မြို့သို့ အချိန်တိုအတွင်း မြန်ဆန်စွာ သွားလာနိုင်ကြတော့မည်ဖြစ်ရာ ဒေသဖွံ့ဖြိုးရေးအတွက် များစွာအထောက်အကူပြုစေနိုင်မည်ဖြစ်ကြောင်း ဆောက်လုပ်ရေးဝန်ကြီးဌာန တံတားဦးစီးဌာန တည်ဆောက်ရေးအဖွဲ့(၂)ညွှန်ကြားရေးမှူး(မြို့ပြ)ထံမှ သိရသည်။

**သတင်း-ပွင့်သစ္စာ၊ ဓာတ်ပုံ-စိုးမြင့်အောင်**

# အစွန်းလွတ်ရန် အစွဲလျှော့ရာ၏

## ဒေါက်တာမြတ်မိုး

ကျွန်တော်တို့တစ်တွေဟာ အစွဲတွေနောက်ကို လိုက်ရင်းလိုက်ရင်းနဲ့ ဒုက္ခရောက်နေကြရတယ်။ ပြင်းထန်တဲ့ အစွဲတွေကို သုခလို့ထင်ရင်း ဒုက္ခနွံနစ်နေကြရတယ်။

### အမြစ်တွယ်နေတဲ့ အစွဲတွေ

ဒါမှဒါ... စွဲလမ်းလွန်းတာတော့ မဟုတ်သေးဘူးထင်ပါတယ်။ ကျွန်တော်တို့ဆီမှာက အစွဲတွေသိပ်များလွန်းတယ်။ ပြင်းထန်တဲ့ စိတ်ဓာတ်အစွဲတွေဟာ ကျွန်တော်တို့ လူ့အဖွဲ့အစည်းတွေအကြား အမြစ်တွယ်နေတာ အတော်ကြာပါပြီ။ အစွဲလွန်ပြဿနာက ရူးသွပ်ခြင်းဆီ ဆိုက်သွားတတ်တယ်ဆိုတာကို သတိထားစေချင်ပါတယ်။

ချစ်ကြပါ၊ မစွဲလွန်းပါနဲ့၊ မရူးသွပ်ပါနဲ့၊ တန်ဖိုးထားကြပါလို့ ပြောချင်ပါတယ်။ လိုချင်တာ၊ ဖြစ်ချင်တာတွေ သိပ်များရာကနေ စွဲလမ်းမှုဖြစ်တယ်လို့ ဓမ္မတရားက မိန့်ထားတာပဲ မဟုတ်လား။ လိုချင်တာမရ၊ ဖြစ်ချင်တာကို ဖြစ်ခွင့်မရရင်တော့ ဒေါသက ပါလာပြီပဲ။ ဒေါသလိုက်လာရင်တော့ ကိုယ်မြင်သမျှ၊ ကြားသမျှ အရာရာတိုင်းဟာ သံသယတွေနဲ့ချည်းပဲ ဖြစ်လာတော့တာ မျက်မြင်ပဲလေ။ ဒေါသနောက်မှာတော့ အာဃာတတွေ၊ အငြိုးအတေးတွေလည်း ထပ်ဆင့်ပါလာတတ်ပြီမို့ တစ်ဖက်စွန်း ရောက်မသွားအောင် ကျွန်တော်တို့အားလုံး ဉာဏ်ပညာနဲ့ သတိထားကြစေချင်ပါပြီ။

### အနာဂတ်လမ်းမပျောက်စေချင်

အစွဲဟာအမုန်းကို ဖန်တီးတယ်တဲ့...။ အစွဲလွန်မှုဟာ ပဋိပက္ခဆီကို တွန်းပို့တတ်တယ်လို့ ဆိုပါတယ်။ တစ်ခုခုကို အသည်းအသန် စွဲလမ်းလွန်းသူတစ်ယောက်ရဲ့ အားနည်းချက်ကဘာလဲဆိုတော့ တစ်ခါတစ်ရံ လှုံ့ဆော်သွေးခွဲသူရဲ့ သားကောင်ဖြစ်သွားတတ်တာပဲ။ ဒါကိုမြင်တတ်ဖို့လိုပြီး ရှောင်ရှားကာကွယ်နိုင်ဖို့ အထူးလိုပါတယ်။ ပြင်းထန်တဲ့အစွဲတွေနဲ့ အပြောင်းအလဲကို ဖန်တီးလို့မရသလို အရှိန်အဟုန်နဲ့ ပြောင်းလဲချင်တယ်ဆိုရင် အစွဲကြီးနေလို့လည်း မရပါဘူး။

ကိုယ့်အမြင်၊ ကိုယ့်အတွေးတွေ၊ ကိုယ့်အယူအဆတွေကို အခြားသူတွေရဲ့အမြင် အတွေးအယူအဆတွေနဲ့ ချိန်ဆနိုင်ရပါမယ်။ ညှိတန်ညှိ၊ လျှော့တန်လျှော့ဖို့ လိုပါတယ်။ အရာရာ ကိုယ့်ဘက်ကချည်း တင်းခံနေရင် မလိုလားအပ်တဲ့ပြဿနာတွေ ဖြစ်လာနိုင်ပြီး ဖော်ဆောင်နေတဲ့ အသွင်ကူးပြောင်းမှုတစ်ခုခုဟာ ရည်မှန်းတဲ့ဆီ မရောက်ဘဲ လမ်းချော်သွားနိုင်ပါတယ်။ ပန်းတိုင်ပျောက်သွားနိုင်တယ်။ အစွဲကြီးရင် အသိမှားတတ်တယ်။

အထူးသဖြင့် တိုင်းပြည်ရဲ့ အနာဂတ်လူငယ်တွေဆီမှာ ပြင်းထန်တဲ့အစွဲတွေ မထားသင့်တော့ဘူး။ မချန်ခဲ့သင့်ဘူး။ မှန်ကန်တဲ့အသိနဲ့ မှန်ကန်တဲ့ လမ်းကြောင်းပေါ်မှာ ရှိနေသင့်တဲ့ လူငယ်မျိုးဆက်တွေအနေနဲ့ အသိမှားရင် အမြင်မှားနေရင် နာကြည်းချက် အာဃာတတွေနဲ့ပဲ ဝေဝါးမှုန်ဝါးပြီး အနာဂတ်ပျောက်နေမှာ သေချာတယ်။ အစွဲတွေအောက်မှာ လမ်းမပျောက်ကြပါနဲ့လို့ ဆိုပါရစေ။ ပြန်ပြီးပြုပြင်ပြောင်းလဲဖို့ဆိုတာ အချိန်အတော်ယူရတဲ့သဘောရှိတော့ နိုင်ငံ့အနာဂတ်အရေး ပေါ့ပေါ့မတွေးဘဲ အမြစ်တွယ်နေတဲ့ အယူဝါဒစွဲ ပုဂ္ဂိုလ်စွဲတွေကို လျှော့ချနိုင်ဖို့ လိုပြီလို့ ယူဆမိပါတယ်။

> **“ယခုလိုကာလမျိုး သတ္တဝါအပေါင်း ကပ်ပေါင်းစုံဆိုက်နေချိန်မှာဆို ပိုဆိုးတာပေါ့၊ ကံကြီးထိုက်တတ်တယ်။ သတိထားကြပါ။ အမှားနဲ့အမှန်ကြား၊ ကုသိုလ်နဲ့ အကုသိုလ်ကြား ခြားထားတဲ့ တကယ့်အကြားလေးက ခပ်ပါးပါးလေး “သတိ” တစ်ခုသာပါ။ မပေါ့ကြပါနဲ့။ “ကြိုက်တယ်” ဆိုရပါပြီ၊ အင်မတန်ကြိုက်ပြီး “သိပ်ကိုစွဲလမ်း” သွားရင်တော့ တရားသဘောအရ ဥပါဒါန်ဖြစ်ပြီ။ လောဘနဲ့ ဒိဋ္ဌိတရားသဘောတွေပါသွားပြီ။ ဥပါဒါန်သဘောပါသွားရင် အလွန်ဆိုးသွားတယ်။”**

### အစွဲကြောင့် တန်ဖိုးထားမှုတွေ ယုတ်လျော့သွားတတ်တယ်

အရာရာ သူ့တန်ဖိုးနဲ့ သူပါပဲ။ လူတစ်ဦးချင်းစီရဲ့ တန်းတူညီမျှမှုနဲ့ သူ့ရဲ့အခွင့်အရေးကို တန်ဖိုးထားတတ်ရင် အပြန်အလှန် တန်ဖိုးထားမှုမျိုးဆိုတာ ရှိလာမှာပါ။ တစ်ဦးနဲ့တစ်ဦး၊ တစ်ဖွဲ့နဲ့တစ်ဖွဲ့ကြား အပြန်အလှန်နားလည်မှု၊ တစ်ဦးအပေါ် တစ်ဦး နားလည်ပေးမှုမျိုးနဲ့ တည်ဆောက်မှသာ အပြန်အလှန်ယုံကြည်မှုဆိုတာ ရပါတယ်။ နားလည်မှုပေးမှ တန်ဖိုးထားပေးမှလည်း ချစ်ရာရောက်တာပေါ့။ ဒါကြောင့် ချစ်တတ်ပါစေ၊ တန်ဖိုးထားတတ်ပါစေလို့ မကြာခဏပြောရတာပါ။ ပြင်းထန်တဲ့ အစွဲတွေကြောင့် တန်ဖိုးထားမှုတွေ ယုတ်လျော့သွားတတ်ပါတယ်။

အားလုံးမှာ သူ့ပညာ ကိုယ့်ပညာ၊ သူ့ဘာသာ ကိုယ့်ဘာသာ၊ သူ့ယဉ်ကျေးမှု ကိုယ့်ယဉ်ကျေးမှုဆိုပြီး ကိုယ့်သရုပ်လက္ခဏာနဲ့ကိုယ် ပိုင်ဆိုင်ကြတာပဲ၊ တန်ဖိုးထားကြတာပဲလေ။ ဒါကို ကိုယ့်ပညာမှ ကိုယ့်ပညာ၊ ငါ့ဘာသာမှ ငါ့ဘာသာ၊ ငါ့အယူသာမှန်တယ်၊ ငါပြောတာသာမှန်တယ်၊ သူပြောတာမှားတယ်၊ သူလုပ်တာမမှန်ဘူးဆိုပြီး အယူသည်း အစွဲလွန်နေရင်ဖြင့် အပြန်အလှန် တန်ဖိုးထားမှု လေးစားမှုဆိုတာလည်း ဘယ်ရနိုင်ပါတော့မလဲလေ...။

### တဏှာဒိဋ္ဌိနဲ့ မသိမှုက တွယ်ဖွဲ့ထားလို့ အစွဲလွန်နေတာ

အစွဲကြီးလွန်းသူဟာလေ ဘုရားကိုလည်း အားမကိုးတော့ဘူး၊ တရားကိုလည်း မမြင်တော့ဘူး။ သံဃာကိုလည်း သတိမရတော့ဘူးတဲ့။ အဲဒီတော့ အစွဲလွန်ပြီး လူသာမန်ကို မပြောနဲ့ သီလဂုဏ်၊ သမာဓိဂုဏ်၊ ပညာဂုဏ်နဲ့ ပြည့်စုံတဲ့သူတွေကိုတောင် တန်ဖိုးမထားနိုင် ဖြစ်သွားတော့တာပါပဲ။ ဘုန်းကံကြီးသူတွေကိုတောင် စော်ကားသလိုဖြစ်သွားတတ်ပါတယ်။ ပတ်ဝန်းကျင်မှာ မမြင်အပ်၊ မကြားအပ်တာတွေ မြင်နေ၊ ကြားနေရတာတွေပါ။ အထူးဂရုပြုစေချင်ပါတယ်။ ရှောင်စေချင်ပါတယ်။

ယခုလိုကာလမျိုး သတ္တဝါအပေါင်း ကပ်ပေါင်းစုံ ဆိုက်နေချိန်မှာဆို ပိုဆိုးတာပေါ့၊ ကံကြီးထိုက်တတ်တယ်။ သတိထားကြပါ။ အမှားနဲ့အမှန်ကြား၊ ကုသိုလ်နဲ့ အကုသိုလ်ကြား ခြားထားတဲ့ တကယ့်အကြားလေးက ခပ်ပါးပါးလေး “သတိ” တစ်ခုသာပါ။ မပေါ့ကြပါနဲ့။ “ကြိုက်တယ်” ဆိုရပါပြီ၊ အင်မတန်ကြိုက်ပြီး “သိပ်ကိုစွဲလမ်း” သွားရင်တော့ တရားသဘောအရ ဥပါဒါန်ဖြစ်ပြီ။ လောဘနဲ့ ဒိဋ္ဌိတရားသဘောတွေပါသွားပြီ။ ဥပါဒါန်သဘောပါသွားရင် အလွန်ဆိုးသွားတယ်။

တရားသဘော မသိတဲ့သူဆိုရင် ဒီလိုစွဲလမ်းနေတာကိုပဲ မိစ္ဆာဒိဋ္ဌိဖြစ်ပြီး သဘောအကျကြီးကျနေတာ၊ “တဏှာ” ရော၊ “ဒိဋ္ဌိ” ရော၊ “အစွဲ” ရော၊ “မသိတာ” ရော ပေါင်းလိုက်ရင်တော့ အပါယ်ငရဲပါပဲ။ အစွဲတွေတစ်ပုံကြီးနဲ့ ဘဝတစ်ခုကို အဆုံးသတ်ရမှာ ကြောက်စရာကောင်းလို့ ဆင်ခြင်နိုင်ဖို့ တင်ပြရတာပါ။ အစွဲဆိုတာ တဏှာဆိုတဲ့ မာယာက တွယ်ဖက်ထားလို့ အမှန်သဘောကို မမြင်ဘဲ မဆင်ခြင်နိုင်ကြလို့ စွဲလမ်းနေကြတာဖြစ်တယ်လို့ ကျေးဇူးရှင် ဗုဒ္ဓမြတ်စွာဘုရားရဲ့ ဓမ္မတရားများက ဆိုထားလေတယ်မဟုတ်ပါလား။

### အစွဲပြင်းထန်မှုက အစွန်းနှစ်ပါးနဲ့ အကြမ်းဖက်မှုကို တိုးပွားစေ

တစ်ခုခုကို အရူးအမူး အစွဲကြီးလွန်းသူဟာ သူများစိတ်နဲ့ကိုယ် ဖြစ်နေတတ်တယ်။ သူများစိတ်နဲ့သာ အသက်ရှင်နေရသလို မိမိအသိဉာဏ်ကိုယ်နှိုက်က မိမိနှလုံး ဟာဒယက မလာဘူး၊ သူများ ပါးစပ်ဖျားမှာပဲ လမ်းဆုံးနေတတ်တယ်။ ကိုယ်ပိုင်ဉာဏ်နဲ့ စဉ်းစားဆုံးဖြတ်နိုင်စွမ်း အင်မတန်အားနည်းတာကို တွေ့ရတယ်။ အစွဲကြီးသူ တစ်ယောက်အဖို့ အခြားသူအပေါ် အကောင်းမြင်တတ်ဖို့ အင်မတန် ခဲယဉ်းမယ်ထင်ပါတယ်။ ဘာကြောင့်လဲဆိုတော့ အစွဲသန်သူတစ်ယောက်ဟာ သူ့အမြင်ထက် ကိုယ့်အမြင်က ပိုမှန်တယ်လို့ ထင်တတ်ကြလို့ပဲ။ ဒီအခါမှာ သူတစ်ပါးအပေါ် အနုတ်လက္ခဏာဆောင်တဲ့ အမြင်မျိုးပြတတ်လာတယ်။

အကောင်းမမြင်တတ်မှတော့ အမြင်လည်း ဘယ်ကြည်တော့ပါ့မလဲ။ အမြင်မကြည်သူတွေအကြား ညှိနှိုင်းပြီး ပူးပေါင်းဆောင်ရွက်နိုင်စွမ်း ကိုလည်း အကြီးအကျယ် ထိခိုက်မှုရှိလာစေပါတယ်။ ဒီအခါမှာ ပေါင်းစပ်ပြီး ညှိလို့မရတဲ့သူတွေအကြား အမုန်တရားနဲ့ ချစ်ခြင်းမေတ္တာတရား ဆိုတာလည်း ဘယ်မှာရှာလို့ ရနိုင်ပါတော့မလဲ။ ယုံကြည်မှု တစ်ဖက်စွန်းရောက်တွေကြောင့် လူ့အသိုက်အဝန်းတွေဟာ ပြိုကွဲပျက်စီးသွားတတ်ကြောင်း သာဓကတွေလည်း များစွာရှိပါတယ်။ အစွဲပြင်းထန်ရင် အစွန်းနှစ်ပါးကို ရောက်စေပြီး အကြမ်းဖက်မှုကို ပိုပြီးတိုးပွားသွားစေနိုင်တယ်ဆိုတာ အထူးသတိပြုရမှာဖြစ်ပါတယ်။

### အစွဲဟာ သံသယနဲ့ ခွဲခြားဆက်ဆံမှုကိုပါ ဖြစ်စေပြန်တယ်

ငါ့ဒေသမှ ငါ့ဒေသ၊ ငါ့လူမျိုးမှ ငါ့လူမျိုး တရားသေဆုပ်ကိုင်ပြီး အစွဲထားနေကြတယ်။ ဒီလို တရားသေဆုပ်ကိုင်ထားတဲ့ တစ်ယူသန်အစွဲတွေ မြန်မာ့သမိုင်းမှာရော ကမ္ဘာ့သမိုင်းမှာပါ တွေ့ဖူးကြုံဖူးကြပါလိမ့်မယ်။ ဒီလိုအစွဲကြောင့်ပဲ သံသယတွေကြီးပြီး တစ်ဦးနဲ့တစ်ဦး၊ တစ်ဖွဲ့နဲ့တစ်ဖွဲ့ ပြန်စေ့စပ်လို့မရတော့သည်အထိ ခွဲခြားဆက်ဆံမှုတွေ ဖြစ်သွားတာ၊ တန်းတူညီမျှမှုဆိုတဲ့ အခြေခံမှုကို မသိမသာ ထိခိုက်သွားတာမျိုးတွေ သတိထားမိပါလိမ့်မယ်။ ဒီလိုခွဲခြားဆက်ဆံမှုတွေကြောင့် တစ်ဦးနဲ့တစ်ဦး ဝေးသွားကြတဲ့၊ မုန်းသွားကြတဲ့၊ ပဋိပက္ခအသွင်ဆောင်တဲ့အထိ ဖြစ်ခဲ့ရတဲ့ သင်ခန်းစာယူစရာတွေများစွာ အထင်အရှားရှိခဲ့ပြီးဖြစ်ပါတယ်။

### အစွဲကြောင့် ဆုံးဖြတ်ချက်ကို ထိခိုက်နိုင်

တစ်ယူသန် အစွဲတချို့ကြောင့် မိမိရဲ့ဆုံးဖြတ်ချက်မှာ အများကြီး သက်ရောက်မှုတွေရှိခဲ့တာရော ကြုံဖူးကြပါသလား။ အသေးအဖွဲကအစ ကြီးကြီးမားမားအထိ ကိုယ့်ဘက် သူ့ဘက်အစွဲတွေကြောင့် အမှားတွေ့တတ်တာမျိုးတွေ၊ အစွဲကြောင့်ပဲ မျက်စိပိတ်၊ နားပိတ် ဘက်လိုက်ပြီး bias ဖြစ်သွားတတ်တာမျိုး၊ ကိုယ်တိုင်မှာရော ကိုယ့်အဖွဲ့ဝင်တွေကြောင့်ပါ မှားယွင်းတဲ့ ဆုံးဖြတ်ချက်ချမိတာမျိုးတွေ ဖြစ်ဖူးပါတယ်၊ ကိုယ်တိုင်ကြုံဖူးဖြစ်ဖူးခဲ့တာပါ။ ဘက်လိုက်မိတော့ အများရဲ့အမြင်ကို ထည့်မစဉ်းစားမိတော့ဘဲ မိမိရဲ့တစ်ဖက်သတ် အစွဲကသာ အဂတိဘက်ကို ရောက်သွားပြီး ပြဿနာရဲ့ဇာစ်မြစ်ကို ဖုံးကွယ်နေတာကို သတိမထားလိုက်မိဘူး ဖြစ်သွားတယ်။ တစ်ခါတလေမှာ ပေးဆပ်ရတဲ့ တန်ဖိုးက ကြီးမားလွန်းခဲ့ပါတယ်။ ဒါကြောင့် တစ်ခုခုကို ဆုံးဖြတ်ချက် ချတော့မယ်ဆိုရင် အစွဲကင်းကင်းနဲ့ ဆုံးဖြတ်ချက်ချနိုင်အောင် အထူးသတိထားရတယ်ဆိုတာ အတွေ့အကြုံအရ ပြောချင်ပါတယ်။

### ပိုင်းခြားစိစစ်နိုင်စွမ်းက အစွဲကို လျှော့ချနိုင်

ပြင်းထန်တဲ့ စိတ်အစွဲတွေကို အကျိုးရှိရှိ သူ့နေရာနဲ့သူ အသုံးချနိုင်ရင်တော့ လူ့အဖွဲ့အစည်းနဲ့ နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးမှာ များစွာအကျိုးရှိလိမ့်မယ်လို့ ယူဆပါတယ်။ နယ်ပယ်အသီးသီးမှာ သူ့ကဏ္ဍနဲ့သူ၊ သူ့ပညာရပ်နယ်ပယ်အလိုက် အားသန်တဲ့သူတွေ စိတ်ဓာတ်ပြင်းပြတဲ့ သူတွေရှိပါတယ်။ တချို့အစွဲတွေကို ဉာဏ်ပညာအမြော်အမြင်ရှိရှိနဲ့ အသုံးချတတ်ဖို့သာ လိုတာပါ။ စိတ်ဓာတ်ပြင်းပြမှုတွေနဲ့ အတူ အကောင်းဆုံးတွေလုပ်နိုင်ဖို့ သူတို့ကို ဖန်တီးပေးသင့်ပါတယ်။

သူတို့ရဲ့အစွဲတွေကို အမုန်းတွေမဖြစ်အောင်ဂရုစိုက်ပြီး ပဋိပက္ခဖြစ်စေမယ့် နေရာမှာ အသုံးမချမိအောင် စီမံပေးနိုင်ရင်တော့ အတိုင်းထက်အလွန်ပေါ့။ ဒီနေရာမှာ အစွဲကိုဖျောက်ဖို့ အသိနှစ်မျိုးကို ပိုင်ဆိုင်ထားစေချင်ပါတယ်။ တစ်ခုက ဝေဖန်ပိုင်းခြား စိစစ်သုံးသပ်နိုင်စွမ်းရှိဖို့ပါ။ အမှားနဲ့အမှန်ကို ခွဲခြားနိုင်ဖို့ အထောက်အကူပြုပါလိမ့်မယ်။ ဆင်ခြင်တတ်တဲ့ ဉာဏ်ရအောင်တော့ လေ့ကျင့်ယူကြရတာပေါ့။ စာများများဖတ်၊ နှိုင်းယှဉ်လေ့လာ၊ အထောက်အထား ယူတတ်အောင် လေ့လာရပါမယ်။ သူပြောတာလည်း မယုံနဲ့၊ ကျမ်းဂန်က ဆိုထားတိုင်းလည်း အားမကိုးနဲ့၊ ရှုထောင့်တစ်ခုတည်းကလည်း မကြည့်နဲ့၊ ကိုယ့်အတွေ့အကြုံနဲ့လည်းယှဉ်၊ ဉာဏ်ကိုအားကိုး၊ များများကြိုးစားလေ့လာရင် ငါစွဲနေတဲ့အရာ၊ ငါတစ်ယူသန် ဆုပ်ကိုင်ထားတဲ့အရာဟာ မှားနေပါလားဆိုတာ တွေ့မြင်သိမြင်လာပါလိမ့်မယ်။

စာမျက်နှာ ၇ သို့ ◆

# ဩဂုတ် ၂၁ ရက် ည ၈ နာရီ ထုတ်ပြန်ချက်အရ ကိုဗစ်-၁၉ ရောဂါပိုးရှိ လူနာသစ် ၂၇၄၄ ဦးတွေ့ရှိ

## ကိုဗစ်-၁၉ ရောဂါ စောင့်ကြပ်ကြည့်ရှုမှုနှင့်ပတ်သက်၍ သတင်းထုတ်ပြန်ခြင်း

(၂၁-၈-၂၀၂၁) ရက်နေ့၊ ည (၈:၀၀)နာရီ

ကျန်းမာရေးဝန်ကြီးဌာနအနေဖြင့် နိုင်ငံအတွင်း ကူးစက်ဖြစ်ပွားနေသော ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ကုသ၊ ထိန်းချုပ်ရေးလုပ်ငန်းများကို အရှိန်အဟုန်မြှင့်ဆောင်ရွက်လျက်ရှိရာ ရောဂါထိန်းချုပ်ရေးလုပ်ငန်းများ အောင်မြင်နိုင်ရေးအတွက် ပြည်သူလူထုအနေဖြင့် -

- တတ်နိုင်သမျှ အိမ်တွင်း၌သာနေထိုင်ခြင်း၊
- နေအိမ်ပြင်ပသို့ သွားရောက်ရန်ရှိပါက ပါးစပ်နှင့် နှာခေါင်းစည်း(Mask)ကို မဖြစ်မနေ စနစ်တကျ တပ်ဆင်ခြင်း၊
- လက်ကို မကြာခဏဆေးကြောခြင်း၊
- တစ်ဦးနှင့်တစ်ဦး ခပ်ခွာခွာနေထိုင်ခြင်း၊
- မိမိတို့နေအိမ်တွင် အသက် (၆၅)နှစ်နှင့်အထက် အသက်အရွယ်ကြီးရင့်သူ၊ ဆီးချို၊ သွေးတိုး၊ နှလုံးစသည့် နာတာရှည်ရောဂါတစ်ခုခုခံစားနေရသူရှိပါက ထိုသူအား ပါးစပ်နှင့် နှာခေါင်းစည်းကို တပ်ဆင်ထားစေခြင်း၊
- ကိုဗစ်-၁၉ ကာကွယ်ဆေးထိုးနှံမှုခံယူခြင်းတို့ကို အထူးဂရုပြု ပူးပေါင်းဆောင်ရွက်ကြပါရန် လိုအပ်ပါသည်။

ကိုဗစ်-၁၉ သံသယလူနာများ၊ ဓာတ်ခွဲအတည်ပြုလူနာနှင့် အနီးကပ်ထိတွေ့ခဲ့သူများနှင့် အသွားအလာကန့်သတ်ထားရှိသူများအား ကိုဗစ်-၁၉ ရောဂါ ရှိ၊ မရှိ ဓာတ်ခွဲစမ်းသပ်စစ်ဆေးခြင်းအား ပုံမှန်ဆောင်ရွက်လျက်ရှိရာ (၂၀-၈-၂၀၂၁)ရက်နေ့၊ ည (၈:၀၀)နာရီမှ (၂၁-၈-၂၀၂၁)ရက်နေ့၊ ည (၈:၀၀)နာရီအတွင်း ဓာတ်ခွဲနမူနာစုစုပေါင်း(၁၀,၈၅၅)ခုအား စစ်ဆေးပြီးစီးခဲ့ရာ ကိုဗစ်-၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် (၂,၇၄၄)ဦး တွေ့ရှိရပါသည်။

သို့ဖြစ်ပါ၍ ယနေ့အထိ ဓာတ်ခွဲနမူနာစုစုပေါင်း(၃,၄၁၇,၂၁၈)ခုအား စစ်ဆေးခဲ့ပြီး ကိုဗစ်-၁၉ ဓာတ်ခွဲအတည်ပြုလူနာ စုစုပေါင်း (၃၇၁,၅၁၂) ဦး ရှိပြီဖြစ်ပါသည်။

ယနေ့တွင် ဆေးရုံဆင်းခွင့်ရရှိသူ (၄,၅၁၅) ဦး ဖြစ်သဖြင့် ယနေ့အထိ စုစုပေါင်း(၂၉၅,၃၃၈)ဦး ဆေးရုံမှ ဆင်းခွင့်ရရှိပြီးဖြစ်ပါသည်။ ကိုဗစ်-၁၉ ရောဂါဖြင့် ထပ်မံသေဆုံးသူ(၁၄၀)ဦးရှိသဖြင့် ယနေ့အထိ သေဆုံးသူစုစုပေါင်း (၁၄,၂၃၆) ဦး ရှိပါသည်။

### ဓာတ်ခွဲခန်းများနှင့် တိုင်းဒေသကြီး/ ပြည်နယ်များတွင် ဓာတ်ခွဲစမ်းသပ်မှုအခြေအနေ (၂၁-၈-၂၀၂၁) ရက်နေ့၊ ည (၈:၀၀) နာရီ

| ဓာတ်ခွဲဌာနအမည် | စစ်ဆေးခဲ့သည့် ဓာတ်ခွဲနမူနာ စုစုပေါင်း | ပိုးတွေ့ လူနာသစ် |
|---|---|---|
| ကျန်းမာရေးဝန်ကြီးဌာန ဓာတ်ခွဲခန်းများ | (၈၂၇)ခု | (၂၄၅)ဦး |
| နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီးနှင့်ပြည်နယ်များရှိ ဆေးရုံများတွင် GeneXpert စက်များဖြင့် ဓာတ်ခွဲစမ်းသပ်မှုအခြေအနေ | (၃၃)ခု | (၁၂)ဦး |
| ရန်ကုန်မြို့၊ အမှတ် (၁) တပ်မတော်ဆေးရုံကြီး (ခုတင် ၁၀၀၀) | (၅၀၈)ခု | (၁၁၇)ဦး |
| နေပြည်တော်၊ အမှတ် (၂) တပ်မတော်ဆေးရုံကြီး (ခုတင် ၁၀၀၀) | (၄၁၆)ခု | (၁၃၉)ဦး |
| ပြင်ဦးလွင်မြို့၊ အမှတ် (၁) တပ်မတော်ဆေးရုံ (ခုတင် ၇၀၀) | (၄၆)ခု | (၃)ဦး |
| လားရှိုးမြို့၊ အမှတ် (၉) တပ်မတော်ဆေးရုံ (ခုတင် ၁၀၀) | (၃၄၇)ခု | (၅၁)ဦး |
| ပုဂ္ဂလိကဆေးရုံနှင့် ဓာတ်ခွဲခန်းများ | (၇၇၉)ခု | (၄၈)ဦး |
| နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီးနှင့်ပြည်နယ်များရှိ ဆေးရုံများတွင် COVID-19 Rapid Antigen Diagnostic Test စစ်ဆေးမှုအခြေအနေ | (၁,၃၀၉)ခု | (၄၉၀)ဦး |
| နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီးနှင့် ပြည်နယ် ပြည်သူ့ကျန်းမာရေးဦးစီးဌာနများတွင် COVID-19 Rapid Antigen Diagnostic Test စစ်ဆေးမှုအခြေအနေ | (၆,၅၉၀)ခု | (၁,၆၃၉)ဦး |
| စုစုပေါင်း | (၁၀,၈၅၅)ခု | (၂,၇၄၄)ဦး |

- ကျန်းမာရေးဝန်ကြီးဌာနမှ ထုတ်ပြန်ထားသည့် "ရုံးလုပ်ငန်းဌာနများတွင် ကိုဗစ်-၁၉ ရောဂါ ကာကွယ်ရန်အတွက် ဆောင်ရွက်ရမည့် လုပ်ငန်းလမ်းညွှန်" နှင့် "တစ်ဦးကိုတစ်ဦး အသိပေးခြင်း/ သတိပေးခြင်း မိသားစုစီမံချက်" အတိုင်း ကိုဗစ်-၁၉ ရောဂါ ကာကွယ်ရေးနည်းလမ်းများအား အသိပေးခြင်းနှင့် သတိပေးခြင်းတို့ကို လူတိုင်း၊ မိသားစုတိုင်းမှ တက်ကြွစွာ ပူးပေါင်းပါဝင်ဆောင်ရွက်ကြပါရန် မေတ္တာရပ်ခံပါသည်။
- ကိုဗစ်-၁၉ ရောဂါဆိုင်ရာ သတင်းအချက်အလက်များကို ကျန်းမာရေးဝန်ကြီးဌာန၏ တရားဝင် အင်တာနက်စာမျက်နှာ www.mohs.gov.mm တွင် ဝင်ရောက်ကြည့်ရှုနိုင်ပါသည်။

**ကျန်းမာရေးဝန်ကြီးဌာန**

### ကမ္ဘာ့နိုင်ငံများမှ ကိုဗစ်-၁၉ ရောဂါ ကူးစက်/သေဆုံးမှု အများဆုံး ၁၀ နိုင်ငံ

| စဉ် | နိုင်ငံအမည် | ကိုဗစ်-၁၉ ရောဂါ ပိုးတွေ့ရှိသူ | ရောဂါပိုး ကင်းစင်သွားသူ | ပိုးတွေ့ သေဆုံးလူနာ |
|---|---|---|---|---|
| ၁။ | အမေရိကန် | ၃၈၃၉၈၅၉၆ | ၃၀၄၃၉၂၃၉ | ၆၄၄၂၈၁ |
| ၂။ | အိန္ဒိယ | ၃၂၃၉၃၂၈၆ | ၃၁၅၉၇၉၈၂ | ၄၃၃၉၉၈ |
| ၃။ | ဘရာဇီး | ၂၀၅၂၈၀၉၉ | ၁၉၄၁၃၅၅၂ | ၅၇၃၆၅၈ |
| ၄။ | ရုရှား | ၆၇၂၆၅၂၃ | ၆၀၀၄၀၅၂ | ၁၇၅၂၈၂ |
| ၅။ | ပြင်သစ် | ၆၅၇၉၆၇၅ | ၆၀၁၃၈၃၃ | ၁၁၃၁၈၆ |
| ၆။ | ဗြိတိန် | ၆၄၂၉၁၄၇ | ၄၉၈၆၈၄၅ | ၁၃၁၄၈၇ |
| ၇။ | တူရကီ | ၆၁၇၇၆၉၀ | ၅၆၈၂၁၂၃ | ၅၄၀၉၅ |
| ၈။ | အာဂျင်တီးနား | ၅၁၂၄၉၆၃ | ၄၇၉၆၀၄၈ | ၁၁၀၀၇၀ |
| ၉။ | ကိုလံဘီယာ | ၄၈၈၃၉၃၂ | ၄၇၁၀၉၅၂ | ၁၂၄၀၂၃ |
| ၁၀။ | စပိန် | ၄၇၇၀၄၅၃ | ၄၀၇၈၈၄၆ | ၈၃၁၃၆ |

### အာဆီယံနိုင်ငံများမှ ကိုဗစ်-၁၉ ရောဂါ သတင်းထုတ်ပြန်ချက်

| စဉ် | နိုင်ငံအမည် | ကိုဗစ်-၁၉ ရောဂါ ပိုးတွေ့ရှိသူ | ရောဂါပိုး ကင်းစင်သွားသူ | ပိုးတွေ့ သေဆုံးလူနာ |
|---|---|---|---|---|
| ၁။ | အင်ဒိုနီးရှား | ၃၉၆၇၀၄၈ | ၃၅၂၂၀၄၈ | ၁၂၅၃၄၂ |
| ၂။ | ဖိလစ်ပိုင် | ၁၈၂၄၀၅၁ | ၁၆၆၈၅၂၀ | ၃၁၅၉၆ |
| ၃။ | မလေးရှား | ၁၅၃၅၂၈၆ | ၁၂၆၀၄၇၀ | ၁၃၉၃၆ |
| ၄။ | ထိုင်း | ၁၀၃၀၂၈၁ | ၈၁၈၉၆၄ | ၉၀၈၇ |
| ၅။ | မြန်မာ | ၃၇၁၅၁၂ | ၂၉၅၃၃၈ | ၁၄၂၃၆ |
| ၆။ | ဗီယက်နမ် | ၃၃၆၇၀၇ | ၁၄၀၀၈၇ | ၇၅၄၀ |
| ၇။ | ကမ္ဘောဒီးယား | ၈၈၇၃၅ | ၈၄၅၀၆ | ၁၇၇၈ |
| ၈။ | စင်ကာပူ | ၆၆၄၄၃ | ၆၅၄၀၂ | ၄၇ |
| ၉။ | လာအို | ၁၂၁၆၄ | ၄၆၀၄ | ၁၁ |
| ၁၀။ | ဘရူနိုင်း | ၁၄၅၅ | ၃၅၅ | ၃ |

◆ စာမျက်နှာ ၆ မှ

**အလယ်အလတ်မရှုံ့မပွင့်ပဒါ လမ်းစဉ်ကသာ ...**

ပိုင်းခြားစိစစ်နိုင်ဖို့အပြင် အစွန်းနှစ်ဖက်ရှောင်ပြီး အလယ်အလတ်လမ်းစဉ်က လိုက်နိုင်ခြင်းသည်သာလျှင် လက်တွေ့ကျတဲ့ အမှန်တရားတစ်ခုကို ပိုင်ဆိုင်နိုင်ပါလိမ့်မယ်လို့ ယုံကြည်ပါတယ်။ မရှုံ့မပွင့်ပဒါလမ်းစဉ်ဆိုတာ မြတ်ဗုဒ္ဓရဲ့လမ်းစဉ်ပါပဲ။ ကျေးဇူးရှင် မြတ်စွာဘုရားရဲ့ တပည့်ဗုဒ္ဓဘာသာဝင်တွေအနေနဲ့တော့ ဘုရားရှင် ဟောကြားထားတဲ့ အစွန်းနှစ်ဖက်ရှောင်ပြီး အလယ်အလတ် လမ်းစဉ်အတိုင်း သတိလေးထား၊ လက်တွေ့ဘဝနဲ့ ယှဉ်ပြီး ကျင့်ကြံနိုင်ရင် ဘာကိုတော့ ပယ်ရမယ်၊ ဘာကိုတော့မတွယ်သင့်ဘူး စသည်ဖြင့် သိမြင်လာပါလိမ့်မယ်။ နေ့စဉ်အပြော အဆို၊ အလုပ်အကိုင်၊ အကြံအစည်မှန်သမျှလည်း တစ်ဖက်စွန်းရောက်ပြီး အလွန်အကျွံမဖြစ်အောင် ထိန်းသွားနိုင်တာ တွေ့ရပါတယ်။ ဒါ...တကယ့်လက်တွေ့ပါ။

မိမိရဲ့ပြင်းထန်တဲ့ အယူဝါဒစွဲတွေနဲ့ ကိုယ်လိုချင်တာကို အငမ်းမရလိုက်ရင်း ဒုက္ခရောက်တတ်တာကို ဆင်ခြင်စဉ်းစားမိမယ်ဆိုရင် ကိုယ်ကိုင်စွဲထားတဲ့ တစ်ယူသန်ဝါဒကိုလည်း စွန့်လွှတ်နိုင်မှာ သေချာပါတယ်။ အဆုံးသတ်အားလုံးဟာ ဒုက္ခချည်းသာပဲလား သိလာတဲ့အချိန် ဒုက္ခနဲ့သုခ၊ ပဓာနနဲ့သာမည၊ အမှန်နဲ့အမှားလည်း ခွဲခြားသိလာပါလိမ့်မယ်။ ဒီလိုဆင်ခြင်နိုင်မှုဟာ မြတ်ဗုဒ္ဓရဲ့ မရှုံ့မပွင့်ပဒါ လမ်းစဉ်ကြောင့်ပါပဲ။

အဆုံးသတ် တင်ပြချင်တာကတော့ အစွဲကြီးလွန်းတာတွေ နည်းနည်းတော့ လျှော့ကြပါ၊ လူသာမန်ပုထုဇဉ်တွေအနေနဲ့တော့ အစွဲအကုန် ဘယ်ချွတ်လို့ရဦးမလဲ၊ ဘုရား ရဟန္တာဖြစ်မှ ဒိဋ္ဌိရော၊ လောဘရော၊ အစွဲအကုန်ကျွတ်မှာလေ... သိအောင်လေ့လာ၊ နားလည်အောင်ကျင့်၊ သိတာကို အသုံးချတတ်မှသာ ဆင်ခြင်တုံ တရားရှိရှိနဲ့ အစွဲလျှော့နိုင်မှာဖြစ်ပါတယ်။

အစွဲလျှော့ပြီး အလယ်အလတ်ကျကျ စဉ်းစားလုပ်နိုင်မှသာ မိမိရဲ့ တစ်ကိုယ်ရေ ဖွံ့ဖြိုးတိုးတက်မှုကလည်း ယှဉ်တွဲလိုက်လာမှာဖြစ်ပါတယ်။ အားလုံးဟာ အစွဲကင်းကင်းနဲ့ အမုန်းတွေဖယ်ခွာပြီး အေးအေးချမ်းချမ်းနေချင်ကြမှာ သေချာပါတယ်။ ပညာကောင်းကောင်းသင်ပြီး အလုပ်လည်းကောင်းကောင်း လုပ်ချင်ကြမှာပါ။ ဒါမှ "ကျွဲကူးရေပါ" ဆိုသလို မိမိတို့ဘဝလည်း တိုးတက်ပြီး နိုင်ငံလည်းဖွံ့ဖြိုးကာ ငြိမ်းချမ်းသာယာလာမယ်ဆိုတာ မျှော်လင့်နိုင်မှာ ဖြစ်ပါတယ်ဆိုတာကို လေးစားစွာတင်ပြရင်း ...

- "တစ်စုံတစ်ယောက်ကိုမျှ မိမိကြောင့် မထိခိုက် မနာကျင် မပျက်စီးစေရဘဲ အမျက်ဒေါသ စိုးရိမ်သောကတွေ ကင်းဝေးပြီး အေးချမ်းသာယာကြပါစေ"
- "အစွဲကင်း၍ အားလုံးလည်း ဆင်းရဲခပ်သိမ်းငြိမ်းကြပါစေ"
- ဖြစ်နိုင်ရင် "အစွဲကင်းပြီး ဝိမောက္ခမဂ်ဖိုလ်ဖြစ်တဲ့ စိတ်ရသည်အထိ လွတ်မြောက်ရာကိုလည်း ရှာနိုင်ကြပါစေ"

စသည်ဖြင့် ဆန္ဒပြုလျက် ဆုမွန်ကောင်းတောင်းလိုက်ရပါတယ်။ ။

# ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးဆိုင်ရာပစ္စည်းများအား ပြည်ပမှတင်သွင်းရာတွင် နှောင့်နှေးကြန့်ကြာမှုမရှိစေရေးအတွက် ပိတ်ရက်မရှိ ဆောင်ရွက်ပေးလျက်ရှိ

**နေပြည်တော်  ဩဂုတ်  ၂၁**

စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန အနေဖြင့် ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးဆိုင်ရာပစ္စည်းများကို ပြည်ပမှ တင်သွင်းရာတွင် နှောင့်နှေးကြန့်ကြာမှုမရှိစေရေးအတွက် အများပြည်သူရုံးပိတ်ရက်များတွင်လည်း ပိတ်ရက်မရှိ စီစဉ်ဆောင်ရွက်ပေးလျက်ရှိရာ ယနေ့တွင် ရန်ကုန် အပြည်ပြည်ဆိုင်ရာလေဆိပ်မှ အိမ်သုံးအောက်ဆီဂျင်စက် ၆၀၆ ခု၊ တစ်ကိုယ်ရည်သုံး ကာကွယ်ရေးဝတ်စုံ ၅၀၀ နှင့် ဆိပ်ကမ်းများမှ အောက်ဆီဂျင်(အရည်) အိုး ၁၂ တန်၊ အောက်ဆီဂျင်(အိုးခွံ) ၁၄၄၀၊ Oxygen (အရည်) Storage Container/Tank တစ်ခု၊ လုပ်ငန်းသုံးအောက်ဆီဂျင်စက် တစ်လုံးအပါအဝင် မူဆယ်၊ ချင်းရွှေဟော်၊ မြဝတီ၊ ထီးခီး၊ ကန်ပိုက်တီ ကုန်သွယ်ရေးစခန်းများမှ အောက်ဆီဂျင်(အရည်) Bowser ယာဉ် နှစ်စီးဖြင့် ၃၉ တန်၊ အောက်ဆီဂျင် (အရည်) အိုးဖြင့် ၃၆ တန်၊ Oxygen(အရည်) Storage Container/Tank တစ်ခု၊ အောက်ဆီဂျင်(အိုးခွံ) ၆၉၀၃ ခု၊ အောက်ဆီဂျင် Plant ခုနစ်ခု၊ လုပ်ငန်းသုံး အောက်ဆီဂျင်စက် ခြောက်ခု၊ အိမ်သုံးအောက်ဆီဂျင် စက် ၁၁၁၃ ခု၊ Test Kit ၂၄၀၀၀၊ တစ်ကိုယ်ရည်သုံး ကာကွယ်ရေး ဝတ်စုံ ၁၁၂၅၀၀၊ လက်အိတ် ၁၃ တန် နှင့် နှာခေါင်းစည်း ၆၇ တန် တင်သွင်းနိုင်ခဲ့သည်။ အထက်ပါပစ္စည်းများအား ကုမ္ပဏီ ၂၉ ခုမှ ယာဉ်စီးရေ ၅၄ စီးဖြင့် တင်သွင်းခဲ့ခြင်းဖြစ်သည်။



မူဆယ် နယ်စပ်ကုန်သွယ်ရေးစခန်းမှ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ရေး အထောက်အကူပြုပစ္စည်းများ တင်သွင်းလာသည့်ယာဉ်အား တွေ့ရစဉ်။

### တင်သွင်းခွင့်ပြုခဲ့

၂၀၂၁ ခုနှစ် ဇူလိုင် ၁ ရက်မှ ဩဂုတ် ၂၁ ရက်အထိ ယာဉ်စီးရေ ၁၉၃၇ စီးဖြင့် အောက်ဆီဂျင်အရည် (Bowser)ယာဉ်ဖြင့် တန် ၁၉၃၀၊ အောက်ဆီဂျင်အရည် (အိုးဖြင့်) ၈၇၇ တန်၊ အောက်ဆီဂျင်ဓာတ်ငွေ့(Bowser) ယာဉ်ဖြင့် ကိုးတန်၊ အောက်ဆီဂျင်ဓာတ်ငွေ့(အိုးဖြင့်) ၁၈၇ တန်၊ Storage Container ၁၃ ခု၊ အောက်ဆီဂျင် (အရည်) Distributor ခြောက်ခု၊ အောက်ဆီဂျင်(အိုးခွံ) ၁၈၃၁၅၁ ခု၊ Oxygen Plant ၄၈ ခု၊ ဆေးရုံသုံး အောက်ဆီဂျင်ဖြည့်စက် ခြောက်ခု၊ အောက်ဆီဂျင် ဖြည့်ကိရိယာ နှစ်စုံ၊ လုပ်ငန်းသုံးအောက်ဆီဂျင်စက် ၂၈ ခု၊ အိမ်သုံးအောက်ဆီဂျင်စက် ၁၅၂၆၂၅ ခု၊ Test Kit ၅၀၈၆၈၆ ခု၊ တစ်ကိုယ်ရည်သုံး ကာကွယ်ရေး ဝတ်စုံ ၈၅၅၄၀၀၊ လက်အိတ် ၁၁၃ တန်နှင့် နှာခေါင်းစည်း ၂၇၁၂ တန် တင်သွင်းခွင့်ပြုခဲ့ပြီးဖြစ်သည်။

၂၀၂၁ ခုနှစ် ဇူလိုင် ၁ ရက်မှ ဩဂုတ် ၂၁ ရက်အထိ ပြည်ပမှတင်သွင်းလာသည့် အောက်ဆီဂျင်အရည် (Bowser) ယာဉ် စုစုပေါင်း ၉၅ စီးမှာ ရန်ကုန်မြို့သို့ အစီး ၇၀၊ မန္တလေးမြို့သို့ ၁၅စီး၊ မော်လမြိုင်မြို့သို့ လေးစီး၊ ပဲခူးမြို့သို့ နှစ်စီး၊ သထုံမြို့သို့ တစ်စီး၊ သံဖြူဇရပ် မြို့သို့ တစ်စီး၊ မုံရွာမြို့သို့ တစ်စီး၊ နေပြည်တော်သို့ တစ်စီး ဖြစ်ကြောင်း သိရသည်။ Oxygen Plant စုစုပေါင်း ၄၈ ခုမှာ ရန်ကုန်မြို့သို့ ၁၅ ခု၊ လားရှိုးမြို့သို့ ငါးခု၊ မန္တလေးမြို့သို့ ငါးခု၊ ပဲခူးမြို့သို့ လေးခု၊ ကျောက်ပန်းတောင်းမြို့သို့ သုံးခု၊ ပခုက္ကူမြို့သို့ နှစ်ခု၊ ဘားအံမြို့သို့ နှစ်ခု၊ မော်လမြိုင်မြို့သို့ နှစ်ခု၊ မုံရွာ မြို့သို့ နှစ်ခု၊ တောင်ကြီး၊ သံဖြူဇရပ်၊ မကွေး၊ ထားဝယ်၊ ဝါးခယ်မ၊ မြစ်သား၊ မိုးကောင်းမြို့နှင့် ကျောက်တံခါး မြို့များသို့ တစ်ခုစီဖြစ်ကြောင်း သိရသည်။

ကိုဗစ်-၁၉ ကူးစက်ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးဆိုင်ရာပစ္စည်းများ ပြတ်လပ်မှုမရှိစေရန် အများပြည်သူရုံးပိတ်ရက်များအဖြစ် သတ်မှတ် ကြေညာထားသည့် ဩဂုတ် ၂၃ ရက်မှ ၃၁ ရက်အထိ ရုံးပိတ်ရက်များတွင်လည်း နယ်စပ်ကုန်သွယ်ရေး စခန်းများအနေဖြင့် အလုပ်တာဝန်များ ရပ်ဆိုင်းထားမည်မဟုတ်ဘဲ ပုံမှန်အတိုင်း ပို့ကုန်သွင်းကုန် လုပ်ငန်းများ ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်းနှင့် ကိုဗစ်-၁၉ ကူးစက်ရောဂါ ကာကွယ်ကုသရေး ပစ္စည်းများ တင်သွင်းမှုများကိုလည်း သက်ဆိုင်ရာ ဌာနများနှင့် ညှိနှိုင်းထားသည့် SOP များနှင့်အညီ ဦးစားပေးတင်သွင်းခွင့်ပြုပေးမည်ဖြစ်ပြီး အဆိုပါ ရက်များတွင် ကုန်သွယ်ရေးဦးစီးဌာန(ရုံးချုပ်) ပို့ကုန် သွင်းကုန် လုပ်ငန်းဌာနခွဲနှင့် ပို့ကုန်သွင်းကုန်ရုံး (ရန်ကုန်)တို့မှ အွန်လိုင်းစနစ်ဖြင့် ပို့ကုန်သွင်းကုန် လိုင်စင် လျှောက်ထားမှုများကိုလည်း ရုံးချိန်အတွင်း ပုံမှန်အတိုင်း ခွင့်ပြုဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီး ဌာနမှ ယနေ့ရက်စွဲဖြင့် အသိပေးကြေညာချက် ထုတ်ပြန်ထားကြောင်း သတင်းရရှိသည်။

### ဆောင်ရွက်ပေးထား

စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီး ဌာနအနေဖြင့် ကိုဗစ်-၁၉ ကူးစက်ရောဂါ ကာကွယ် ကုသရေးပစ္စည်းများ တင်သွင်းရာတွင် လွယ်ကူ မြန်ဆန်စေရေးအတွက် သက်ဆိုင်ရာဌာနများနှင့် ပူးပေါင်းဆောင်ရွက်လျက်ရှိသလို အကူအညီလိုအပ် ပါကလည်း သက်ဆိုင်ရာ တာဝန်ရှိသူများထံ တိုက်ရိုက်ဆက်သွယ်နိုင်ရေးအတွက် ဌာနများအလိုက် ဆက်သွယ်မေးမြန်းနိုင်သည့် တာဝန်ခံ(Contact Person)များနှင့် အသိပေးကြေညာချက်များကို လည်း ဝန်ကြီးဌာန Website ဖြစ်သည့် Commerce.gov.mm တွင် ဝင်ရောက်ကြည့်ရှုနိုင်ရေး စီစဉ် ဆောင်ရွက်ပေးထားကြောင်း သိရသည်။

**သတင်းစဉ်**



ကန်ပိုက်တီ နယ်စပ်ကုန်သွယ်ရေးစခန်းမှ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ရေး အထောက်အကူပြုပစ္စည်းများ တင်သွင်းလာသည့်ယာဉ်အား တွေ့ရစဉ်။



ချင်းရွှေဟော် နယ်စပ်ကုန်သွယ်ရေးစခန်းမှ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ရေး အထောက်အကူပြုပစ္စည်းများ တင်သွင်းလာသည့်ယာဉ်များအား တွေ့ရစဉ်။

# အလုံမြို့နယ်အတွင်း ရွေ့လျားဈေးကားဖြင့် အခြေခံစားကုန်ပစ္စည်းများ သက်သာသောနှုန်းထားဖြင့်ရောင်းချ

**ရန်ကုန်  ဩဂုတ်  ၂၁**

ရန်ကုန်တိုင်းဒေသကြီး စီမံအုပ်ချုပ်ရေးကောင်စီ၏ စီစဉ်မှုဖြင့် ရန်ကုန်တိုင်းဒေသကြီးအတွင်း စားရေးအခက်အခဲမရှိစေရန် ရည်ရွယ်၍ မြန်မာနိုင်ငံကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ်၊ မြန်မာနိုင်ငံ ဆန်စပါးအသင်းချုပ်တို့၏ ဦးဆောင်မှုနှင့် ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီတို့၏ အစီအစဉ်ဖြင့် ရွေ့လျားဈေးကားဖြင့် ယနေ့ နံနက် ၈ နာရီမှစတင်ကာ အလုံမြို့နယ်၊ စကားစိမ်းလမ်း၊ ကွင်းကျောင်းလမ်းနှင့် မြန်မာ့စီးပွားရေးဘဏ်၊ ကြည့်မြင်တိုင်ဘဏ်ရှေ့တွင် အဓိကစားကုန်များဖြစ်သော ဆန်၊ ဆီနှင့် အသား၊ ငါး၊ ဥအမျိုးမျိုးတို့ကို ပြင်ပပေါက်ဈေးထက် သက်သာသောနှုန်းထားများဖြင့် ရောင်းချပေးလျက်ရှိကြောင်း သိရသည်။

**တင်မောင်ဦး(အလုံ)**

ဤ "ဗုဒ္ဓအကြောင်း သိကောင်းစရာမှတ်တမ်း" စာအုပ်သည် ဗုဒ္ဓဘာသာဝင်တိုင်း သိသင့်သိထိုက်သော ဗုဒ္ဓအကြောင်း မှတ်တမ်းတင်ခြင်းကို ရေးသားထားခြင်း ဖြစ်ပါသည်။ အစမှအဆုံးအထိ ဖတ်ကြည့်သောအခါ ဗုဒ္ဓဝင် ဖြစ်ပါသည်။ ဤစာအုပ်သည် မြတ်ဗုဒ္ဓ၏ သန္ဓေယူသည့်မှ ပရိနိဗ္ဗာန်စံသည်အထိ (တေဇောဓာတ် လောင်ကျွမ်းခြင်း) စုဆောင်းဖော်ပြရေးသားထားပါသည်။ မကျဉ်းမကျယ်သော ဗုဒ္ဓအကြောင်း ဖြစ်ပါသည်။ စာရေးသူက တိုတိုနှင့်လိုရင်းသို့ရောက်အောင် ရေးပြထားပါသည်။ (စာတည်း)

# ဗုဒ္ဓအကြောင်း သိကောင်းစရာမှတ်တမ်း

ဆရာကြည်



ဘုရားဖြစ်ချိန်

တောရပ်မြိုင်ပေါ်၊ ခြောက်နှစ်ပျော်၍၊
ခါတော်တစ်ဖုံ၊ ပွင့်ချိန်ကြုံက၊
ကဆုန်လပြည့်၊ ဆင်မင်းနေ့ဝယ်၊
မြေ့ပရမေ၊ ပလ္လင်ဗွေထက်၊
ရွှေညောင်တော်ကြီး၊ ဗိတာန်ထီးနှင့်၊
မင်္ဂြီးကြည်ဖြူ နေတော်မူလျက်၊
ရန်မြူခပင်း၊ အမိုက်သင်းကို၊
အရှင်းပယ်ဖျောက်၊ အလင်းပေါက်က၊
ထွန်းတောက်ဘုန်းတော်၊ သောင်းလုံးကျော်
သည်၊ သုံးဘော်လူတို့ ငြိမ်းပါကို။ ။

ဘုရားဖြစ်ချိန်

၁။ မဟာသက္ကရာဇ် ၁၀၃ ခု၊ ကဆုန်လပြည့်နေ့၊ ဗုဒ္ဓဟူးနေ့
၂။ မိုးသောက်ယံအချိန်။
၃။ ဝိသာခါနက္ခတ်နှင့် စန်းယှဉ်သည်။

ဘုရားလောင်းသည် အာနာပါနကမ္မဋ္ဌာန်းကို ဖွဲ့ဖြင့် တည်ဆောက်ပါသည်။ ပထမဦးစွာ သမ္မာဝါယာမမဂ္ဂင်နှင့် ထွက်သက်ဝင်သက် ဂရုစိုက် လေ့လာမှတ်သားနေသည်။ ထိုသို့ မှတ်သားသော ဝီရိယနှင့် သမ္မာသတိဖြင့် လုပ်ဆောင်ခဲ့ပါသည်။ ထို့နောက် ဤလုပ်ဆောင်နေသောကြောင့် တည်ကြည်သော သမ္မာသတိဖြစ်လာ၍ ဘေးရန်အနှောင့်အယှက်၊ အတားအဆီး ပိတ်ပင်ဖြစ်သော နီဝရဏငါးပါး ပယ်ဖြတ်နိုင်သောကြောင့် ဘုရားလောင်းသည် ဈာန်အင်္ဂါငါးပါးနှင့် ပြည့်စုံသော ရူပါဝစရ ပထမဈာန်သို့ မျက်မှောက်ပြုတော်မူလေသည်။ ဆက်ကာဆက်ကာဖြင့် ဒုတိယဈာန်၊ တတိယဈာန်၊ စတုတ္ထဈာန်သို့ ရောက်ရှိတော်မူပြီး ဈာန်များကို ဝင်စားတော်မူသည်။

ဘုရားလောင်းသည် ဗောဓိပင်အောက်၌ အာနာပါနကမ္မဋ္ဌာန်းကိုစီးဖြန်းလျက် အကြောအရေ၊ အသွေးအသားတို့ ခန်းခြောက်၊ အရိုးပဲကျန်ပါစေ သဗ္ဗညုတဉာဏ်တော် မရမချင်း ရွှေပလ္လင်တော်၌ ထက်ဝယ်ဖွဲ့ခွေသည်မှ မထဟု အဓိဋ္ဌာန်ပြုတော်မူသည်။ အာနာပါနကမ္မဋ္ဌာန်းကို စီးဖြန်းနေသောကြောင့်၊ သတိဖြစ်ခြင်းကြောင့် မေ့လျော့ခြင်း၊ တွေဝေခြင်းကင်းကွာလျက် ကာယပဿဒ္ဓိ၊ စိတ္တပဿဒ္ဓိဟူသော ကိုယ်၏ ငြိမ်းချမ်းခြင်း စိတ်၏ ငြိမ်းချမ်းခြင်း ဖြစ်နေလေသည်။ ပထမဈာန်မှ စတုတ္ထဈာန်အထိ အဆင့်ဆင့် ဝင်စားတော်မူခဲ့လေသည်။ ဤသို့ စတုတ္ထဈာန် ဝင်စားတော်မူ၍ သူတစ်ပါး၊ မိမိသန္တာန် ဖြစ်ဖူးသော ခန္ဓာအစဉ် ဘဝအမျိုးမျိုးတို့ သိသော ပုဗ္ဗေနိဝါသဉာဏ်ကို ညဉ့်ဦးယံ၌ ရရှိတော် မူလေသည်။

ထို့နောက် ယင်းစတုတ္ထဈာန်ကို ဝင်စားနေစဉ် ပသာဒဝတ္ထု၊ ဟဒယဝတ္ထုရှိလျက် နတ်မျက်စိမက အဆပေါင်းသာလွန်၍ မြင်နိုင်သော ဒိဗ္ဗစက္ခုဟု ဆိုအပ်သော ဒုတိယ ဝိဇ္ဇာဉာဏ်ကို သန်းခေါင်ယံ၌ ရတော်မူသည်။ ဤသို့ဖြင့် ရှုမြင်သုံးသပ်နေသည့် ဘုရားလောင်းသည် သန်းခေါင်ယံလွန်မြောက်သော် တတိယ၏ သုံးဖို့တစ်ဖို့မျှ ကျိန်းစက်တော်မူသည်။ ဝိပဿနာဉာဏ် (၁၀) ပါးဖြစ်သော (၁) သမ္မသနဉာဏ်၊ (၂) ဥဒယဗ္ဗယဉာဏ်၊ (၃) ဘင်္ဂဉာဏ်၊ (၄) ဘယဉာဏ်၊ (၅) အာဒီနဝဉာဏ်၊ (၆) နိဗ္ဗိဒါဉာဏ်၊ (၇) မုစ္စိတုကမျတာဉာဏ်၊ (၈) ပဋိသင်္ခါဉာဏ်၊ (၉) သင်္ခါရုပေက္ခာဉာဏ်၊ (၁၀) အနုလောမဉာဏ်ဟူသော ဝိပဿနာဉာဏ်တို့ကို သုံးဆယ့်ခုနစ်ပါးသော ဗောဓိပက္ခိယတို့နှင့်အတူ ရင့်ခြင်းသို့ ရောက်စေပါသည်။ ဝိပဿနာတရားကိုပွားများ၍ ကိလေသာများ အကြွင်းမဲ့ ချုပ်စေပြီး မိုးသောက်ယံအကုန် နေအရုဏ်ထွက်သည်နှင့်တစ်ပြိုင်နက် အာသဝက္ခယဉာဏ်ဟု သမုတ်ထားသော အရဟတ္တမဂ်ဉာဏ် (တတိယဝိဇ္ဇာဉာဏ်) ရတော်မူလေသည်။

ဘုရားလောင်းသည် အဆုံးအစထုတ်ဖွေ မရေတွက်နိုင်သော အသာဓာရဏ၊ စတုဝေသာရဇ္ဇ၊ ဒသဗလ၊ ဆအဘိညာ၊ ဝိဇ္ဇာငါးပါး၊ စရဏတစ်ဆယ့်ငါးပါး တရားအပေါင်းတို့ တန်ဆာဆင်အပ်သော သဗ္ဗညုတဉာဏ်တော်ကို ရရှိတော်မူ၍ ဘုရားအဖြစ်သို့ ရောက်ရှိတော်မူလေသည်။ ဤသို့ဖြင့် ဘုရားအလောင်းသည် မဟာသက္ကရာဇ် ၁၀၃ ခု၊ ကဆုန်လပြည့်၊ ဗုဒ္ဓဟူးနေ့တွင် ဘုရားဖြစ်တော်မူပါသည်။

ဘုရားဖြစ်တော်မူပြီးနောက် ဥဒါန်းကျူးရင့်တော်မူခြင်း

ဘုရားလောင်းသည် သဗ္ဗညုတဉာဏ်တော်ကို ရ၍ ဘုရားဖြစ်သောအခါ လွန်စွာပီတိဖြစ်၍ နှစ်သက်ဝမ်းမြောက်သဖြင့် ထပ်တလဲလဲ ပီတိစွမ်းကြောင့် ဥဒါန်းကျူးရင့်တော်မူသည်။ ယင်းသို့ အောက်ပါ နှစ်ဂါထာဖြင့် ဥဒါန်းကျူးရင့်တော်မူလေသည်။

(၁) အနေကဇာတိသံသာရံ၊ သန္ဓာဝိဿံ အနိဗ္ဗိသံ။
ဂဟကာရံ ဂဝေသန္တော၊ ဒုက္ခာဇာတိ ပုနပ္ပုနံ။
(၂) ဂဟကာရကဒိဋ္ဌောသိ၊ ပုနဂေဟံ နကာဟသိ။
သဗ္ဗာ တေ ဖာသုကာ ဘဂ္ဂါ၊ ဂဟကူဋံ ဝိသင်္ခတံ။
ဝိသင်္ခါရ ဂတံ စိတ္တံ၊ တဏှာနံ ခယမဇ္ဈဂါ။

အဓိပ္ပာယ်မှာ (၁) သံသရာကြောမှာ မျှောခံရသည်မှာ "ဇာတိ၊ ဇရာ၊ ဗျာဓိ၊ မရဏ"ဖြင့် ဒုက္ခဆင်းရဲကို ခံခဲ့ရ၏။ ထို့ကြောင့် ခန္ဓာအိမ်ကို ထပ်တည်ဆောက်ပေးသော တဏှာယောက်ျား လက်သမားကို စူးစမ်းရှာဖွေသောအခါ၌ ငါဘုရားမှာ ယင်းတဏှာယောက်ျားကို သဗ္ဗညုတဉာဏ် မရသေးခြင်းကြောင့် မမြင်မသိရ၍ ဘဝများစွာ သံသရာမှာ တဝဲလည်လည် ကျင်လည်ခဲ့ရလေပြီ။

(၂) ယခုမှာ ငါသည် သဗ္ဗညုတဉာဏ်ရရှိပြီ၊ ငါမြင်တွေ့ရလေသည်။ ဟယ် တဏှာယောက်ျား၊ အသင်လက်သမား၊ သို့ဖြစ်သောကြောင့် သင်သည် ခန္ဓာအိမ်ကို နောက်ထပ်တစ်ဖန် နင်တည်ဆောက်နိုင်မည်မဟုတ်၊ သင်ဖန်တီးထားသော ခန္ဓာအိမ် ထုတ်၊ လျောက်၊ ဒိုင်း၊ မြား ကိလေသာတရားတို့ကို ငါချိုးဖျက်နိုင်ပေသည်။ ငါဘုရား၏ စိတ်အစဉ်သည် သင်္ခါရစက်ကွင်းဒုက္ခမှ လွတ်မြောက်ရာအမှန်ဖြစ်သော နိဗ္ဗာန်ကို ဆိုက်ရောက်လေသည်။ ငါဘုရားသည် တဏှာအာသဝေါတို့၏ ကုန်ခန်းရာ အရဟတ္တမဂ်ဖိုလ်ကို ရသောကြောင့် ဖြစ်သည်။ မြတ်စွာဘုရားရှင်သည် စိတ်တော်မှ ကျူးရင့်တော်မူခြင်းဖြစ်ပါသည်။

မှတ်ချက်။ ။ ဥဒါန်း နှစ်မျိုးရှိပါသည်။ စိတ်ဖြင့် ကျူးရင့်သောဥဒါန်းကို "မနသာဥဒါန်း" ဖြစ်ပါသည်။ နှုတ်မှ ဖွင့်ဟဥဒါန်းကျူးသည်ကို "ဝစသာဥဒါန်း"ဟု ခေါ်ပါသည်။ ယင်းသို့အားဖြင့် နှစ်မျိုးရှိပါသည်။ ယခု၌ ဘုရားသခင်သည် "မနသာဥဒါန်း" စိတ်ထဲမှာ ကျူးရင့်ခြင်း ဖြစ်ပါသည်။

မှတ်ချက်

ဘုရားလောင်းသည် "အာဋ္ဌာရသေ့" နှင့် "ဥဒကရသေ့" ထံတွင် ရှေးဦးစွာ တပည့်ခံခဲ့ပါသည်။ ယင်းသို့ခံစဉ်က ပုဗ္ဗေနိဝါသဉာဏ်နှင့် ဒိဗ္ဗစက္ခုဉာဏ်တို့ကို ရပြီဟုဆိုရန်အကြောင်းရှိပါသည်။ သို့သော် ဘုရားလောင်းသည် စိတ်၏အညစ်အကြေး ၁၁ ပါး ရှိသောကြောင့် ၎င်း၏သန္တာန်၌ ယင်းဉာဏ်နှစ်ပါး အမြဲမတည်ကြပါ၊ ကွယ်ခဲ့ရပါသည်။

ဤစိတ်၌ဖြစ်သော အညစ်အကြေးများမှာ အောက်ပါအတိုင်း ဖြစ်ပါသည်။

(၁) ဝိစိကိစ္ဆာ = ယုံမှားခြင်း။
(၂) အမနသီကာရ = နှလုံးမသွင်းခြင်း။
(၃) ထိနမိဒ္ဓ = အိပ်မွေ့ငိုက်မျဉ်းခြင်း။
(၄) ဆမ္ဘိတတ္တ = ထိတ်လန့်ခြင်း။
(၅) ဥပ္ပိလ = ဗလဝပီတိ တည်းဟူသောစိတ် ပေါ်လွင်ခြင်း။
(၆) အနုဋ္ဌာန = ဝီရိယလျော့ခြင်း။
(၇) အစ္စာရဒ္ဓဝီရိယ = ဝီရိယလွန်ကဲခြင်း။
(၈) အတိလီနဝီရိယ = အားလျော့တွန့်တိုခြင်း။
(၉) အဘိဇပ္ပ = စုံမက်ကပ်ငြိခြင်း။
(၁၀) နာနတ္တသညီ = ဣဋ္ဌာရုံမြင်၍ တပ်မက်နှစ်သက်သည့် စိတ်ဖောက်ပြန် အထူးထူးကြံခြင်း။
(၁၁) အဘိနိဇ္ဈာယိတတ္တ = ဣဋ္ဌာရုံ အနိဋ္ဌာရုံ ရှု၍ အလွန်ရှုမောခြင်း၊ ကြံမှိုင်းထိုင်းမှိုင်းခြင်းစသည်တို့ ဖြစ်ကြပါသည်။

စာမျက်နှာ ၁၀ သို့ ✻

**ဘုရားရှင်သည် လောက၌ ဒေါသအမျက်မထားဘဲ မေတ္တာပွားခြင်း၊ ကရုဏာထားခြင်းသည် ချမ်းသာခြင်းကို ဖြစ်စေသည်။ ကာမဂုဏ်အာရုံတို့ကို ပယ်ဖျောက်၍ တပ်မက်ခြင်းကင်းခြင်း၊ ရာဂကင်းခြင်း၊ မိမိကိုယ်ကို မာန်မာနမရှိ ထောင်းလွှားခြင်းကင်းခြင်းတို့သည် အမြတ်ဆုံးချမ်းသာပေတည်းဟူ၍ ဥဒါန်းကျူးတော်မူ**

## ရန်ကုန်တိုင်းဒေသကြီး မရမ်းကုန်းမြို့နယ် ကမ္ဘာအေးဗုဒ္ဓသာသနာ့သံဃာ့ဆေးရုံသို့ လီတာ ၄၀ ဆံ့ အောက်ဆီဂျင်အိုး ၁၅ လုံးနှင့် Flow Meter ၁၅ ခု ပေးအပ်လှူဒါန်း



**ရန်ကုန် ဩဂုတ် ၂၁**

ရန်ကုန်တိုင်းဒေသကြီး မရမ်းကုန်းမြို့နယ် ကမ္ဘာအေးကုန်းမြေရှိ သာသနာရေးဦးစီးဌာန ဗုဒ္ဓသာသနာ့ သံဃာ့ဆေးရုံ၌ ကိုဗစ်-၁၉ ရောဂါဖြင့် ဆေးကုသမှုခံယူနေသော ရဟန်းသံဃာတော်များအတွက် Supreme Group of Companies က လီတာ ၄၀ ဆံ့ အောက်ဆီဂျင်အိုး ၁၅ လုံးနှင့် Flow Meter ၁၅ ခု ပေးအပ်လှူဒါန်းပွဲ အခမ်းအနားကို ယနေ့ နံနက် ၁၀ နာရီတွင် ဗုဒ္ဓသာသနာ့ သံဃာ့ဆေးရုံ၌ ကျင်းပသည်။

**လက်ခံရယူ**

အခမ်းအနားသို့ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန သာသနာရေးဦးစီးဌာနမှ တာဝန်ရှိသူများ၊ ကမ္ဘာအေးဗုဒ္ဓသာသနာ့ သံဃာ့ဆေးရုံမှ တာဝန်ကျဆရာဝန်များ၊ Supreme Group of Companies မှ တာဝန်ခံများ တက်ရောက်ကြပြီး လှူဒါန်းရခြင်းအကြောင်းကို Supreme Group of Companies ၏ ကိုယ်စား ဒေါ်ခင်ဆန်းထွေးက ရှင်းလင်းတင်ပြပြီး လီတာ၄၀ ဆံ့ အောက်ဆီဂျင်အိုး ၁၅ လုံးနှင့် Flow Meter ၁၅ ခု ပေးအပ်လှူဒါန်းရာ သာသနာရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးသိန်းဝင်းက လက်ခံရယူ၍ ဂုဏ်ပြုမှတ်တမ်းလွှာ ပြန်လည်ပေးအပ်ကာ ကျေးဇူးတင်စကား ပြောကြားသည်။

ထို့ပြင် ဗုဒ္ဓသာသနာ့သံဃာ့ဆေးရုံ၌ ကိုဗစ်-၁၉ ရောဂါဖြင့် ဆေးကုသမှုခံယူနေသော ရဟန်းသံဃာတော်များကို နံနက် ၉ နာရီက အပြည်ပြည်ဆိုင်ရာ ထေရဝါဒ ဗုဒ္ဓသာသနာပြု တက္ကသိုလ် ခေတ္တဒုတိယပါမောက္ခချုပ် (သင်ကြား) ဒေါက်တာဘဒ္ဒန္တ ဆေကိန္ဒက ကြွရောက်ကြည့်ရှု အားပေးစကား ပြောကြားကြောင်း သိရသည်။

**သတင်းစဉ်**

## တပ်မတော်ဆေးရုံများနှင့် ယာယီအရေးပေါ်ဆေးရုံများ၌ ယနေ့အထိ ပြင်ပလူနာ ၂၈၀၀၀၀ ကျော် ကုသပေးနိုင်ခဲ့

**နေပြည်တော် ဩဂုတ် ၂၁**

ပြည်သူလူထုအတွက် အဓိက အကျဆုံးဖြစ်သော ကျန်းမာရေး ကဏ္ဍ မြင့်မားရေးအတွက် တပ်မတော်မှ ပါရဂူများ၊ ဆေးမှူးများ၊ သူနာပြုများဖြင့် ဝိုင်းဝန်းကူညီဆောင်ရွက်ပေးလျက်ရှိသည့်အပြင် ပြည်သူလူထု၏ အရေးပေါ်ကျန်းမာရေးဆိုင်ရာ ကုသမှုများ ဆောင်ရွက်ပေးနိုင်ရန်အတွက် တပ်မတော်ဆေးရုံများနှင့် ယာယီကုသရေးဆေးရုံများ၌ ကျန်းမာရေး စောင့်ရှောက်မှုများကို နေ့ညမပြတ် ဆောင်ရွက်ပေးလျက်ရှိရာ ဖေဖော်ဝါရီ ၅ ရက်မှ ယနေ့အထိ ပြင်ပလူနာပေါင်း ၂၈၂၂၈၃ ဦးနှင့် အတွင်းလူနာပေါင်း ၈၂၈၉၇ ဦးတို့ကို ကုသပေးနိုင်ခဲ့သည်။

ယင်းလူနာများအနက် အကြီးစားခွဲစိတ်ကုသရန် လိုအပ်သူ ၁၃၁၂၀၊ အသေးစားခွဲစိတ်ကုသရန် လိုအပ်သူ ၇၁၂၆ ဦး စုစုပေါင်း ၂၀၂၄၆ ဦးတို့ကို ခွဲစိတ်ကုသပေးနိုင်ခဲ့သည့်အပြင် စိုးရိမ်ဖွယ်ရာရှိသည့် လူနာများကိုလည်း ပါရဂူများ၊ ဆေးမှူးများဖြင့် အထူးကြပ်မတ် ကုသပေးလျက်ရှိသည်။ ထို့ပြင် ကလေးမီးဖွားလူနာ ၆၉၀၁ ဦးကို ခွဲစိတ်၍လည်းကောင်း၊ ၉၄၈၆ ဦးကို သာမန်ဖြင့်လည်းကောင်း မွေးဖွားပေးနိုင်ခဲ့ခြင်းကြောင့် ယနေ့အထိ ကလေးငယ် ၁၆၃၈၇ ဦးကို အောင်မြင်စွာ မွေးဖွားပေးနိုင်ခဲ့ပြီး တပ်မတော်အနေဖြင့် ပြည်သူလူထု၏ကျန်းမာရေးကဏ္ဍမြင့်မားရေးတွင် ဆက်လက်ပူးပေါင်းဆောင်ရွက်သွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

## တိုင်းဒေသကြီးနှင့် ပြည်နယ်များ၌ ကိုဗစ် - ၁၉ ရောဂါ ကာကွယ်ဆေးများ ဆက်လက်ထိုးနှံ

**နေပြည်တော် ဩဂုတ် ၂၁**

တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးရှိ ထေရ်ကြီးဝါကြီး ဆရာတော်ကြီးများအပါအဝင် လူမျိုးမရွေး၊ ဘာသာမရွေး အသက် ၆၅ နှစ်နှင့်အထက် သက်ကြီးဘိုးဘွားများ၊ ဌာနဆိုင်ရာဝန်ထမ်းများ၊ တိုင်းရင်းသားပြည်သူများနှင့် အကျဉ်းထောင်များ၌ ပြစ်ဒဏ်ကျခံနေသည့် အကျဉ်းသား၊ အကျဉ်းသူများအား ကိုဗစ် - ၁၉ ရောဂါ ကာကွယ်ဆေး ထိုးနှံနိုင်ရေးအတွက် ဆေးနှင့်ဆေးပစ္စည်းများကို တပ်မတော်လေယာဉ်များဖြင့် သယ်ယူပို့ဆောင်ပေးခြင်းများနှင့် ကာကွယ်ဆေးထိုးနှံပေးခြင်းများကို ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်လျက်ရှိသည်။

**ထိုးနှံပေး**

ထိုသို့ ဆောင်ရွက်လျက်ရှိရာ ယနေ့တွင် ရှမ်းပြည်နယ် ( အရှေ့ပိုင်း) ကျိုင်းတုံမြို့ မဟာဗောဓိဝိပဿနာကမ္မဋ္ဌာန်းကျောင်းတိုက်ရှိ သံဃာတော်များနှင့် သာသနာ့နွယ်ဝင်သီလရှင်များကို လည်းကောင်း၊ ရန်ကုန်တိုင်းဒေသကြီး တာမွေမြို့နယ်အတွင်းရှိ ထေရ်ကြီးဝါကြီး ဆရာတော်ကြီးများ၊ အသက် ၆၅ နှစ်နှင့်အထက် သက်ကြီးဘိုးဘွားများနှင့် ပြည်သူစုစုပေါင်း ၄၅၀ တို့ကို လည်းကောင်း၊ ဧရာဝတီတိုင်းဒေသကြီးအတွင်းရှိ မြို့နယ် ၁၃ မြို့နယ်အတွင်းမှ ထေရ်ကြီးဝါကြီး ဆရာတော်ကြီးများ၊ အသက်၆၅ နှစ်နှင့်အထက် သက်ကြီးဘိုးဘွားများ၊ စေတနာ့ဝန်ထမ်းများ၊ ဌာန ဆိုင်ရာဝန်ထမ်းများနှင့် အကျဉ်းသား၊ အကျဉ်းသူ စုစုပေါင်း ၂၂၉၇ ဦးတို့ကို လည်းကောင်း၊ စစ်ကိုင်းတိုင်းဒေသကြီးအတွင်းရှိ မြို့နယ်လေးမြို့နယ်အတွင်းမှ ထေရ်ကြီးဝါကြီး ဆရာတော်ကြီးများ၊ အသက် ၆၅ နှစ်နှင့်အထက် သက်ကြီးဘိုးဘွားများ၊ စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များနှင့် ပြည်သူ စုစုပေါင်း ၆၂၇ ဦးတို့ကို လည်းကောင်း၊ မန္တလေးတိုင်းဒေသကြီးအတွင်းရှိ ခရိုင်ခြောက်ခုတို့မှ ထေရ်ကြီးဝါကြီး ဆရာတော်ကြီးများ၊ အသက် ၆၅ နှစ်နှင့်အထက် သက်ကြီးဘိုးဘွားများနှင့် ပြည်သူ စုစုပေါင်း ၆၂၀၇ ဦးတို့ကို လည်းကောင်း တပ်မတော်ဆေးအဖွဲ့များက ပြည်သူ့ဆေးရုံများမှဆရာဝန်များ၊ သက်ဆိုင်ရာကျန်းမာရေးဝန်ထမ်းများ၊ စေတနာ့ဝန်ထမ်းများနှင့်ပူးပေါင်း၍ ကိုဗစ် – ၁၉ ရောဂါ ကာကွယ်ဆေးထိုးနှံပေးခြင်းများ ဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

✻ စာမျက်နှာ ၉ မှ

**သတ္တဌာန၌ ခုနစ်ရက်စီ စံတော်မူခြင်း**

ဘုရားရှင်ကိုယ်တော်မြတ်ကြီးသည် သဗ္ဗညုတဉာဏ်တော်ကိုရပြီးနောက် ဘုရားအဖြစ်သို့ ရောက်တော်မူပြီး အောက်ပါအတိုင်း ခုနစ်ဌာန၌ တစ်ဌာနတွင် ခုနစ်ရက်စီ စံတော်မူပါသည်။

**(၁) ပလ္လင်္ကသတ္တာဟ**

ဘုရားရှင်ကိုယ်တော်မြတ်ကြီးသည် မဟာဗောဓိပင်နှင့် လေးတောင်ကွာ အရှေ့မျက်နှာ၌ တည်သော အပရာဇိတပလ္လင်ထက်၌ တင်ပျဉ်ခွေလျက် "ပဋိစ္စသမုပ္ပါဒ်" တရားတော်ကို အနုလုံ၊ ပဋိလုံ အပြန်အလှန် အရဟတ္တဖိုလ် စတုတ္ထဈာန်သမာပတ်ဝင်စား၍ ဆင်ခြင်တော်မူလေသည်။ ဤဌာနတွင် ကဆုန်လပြည့်ကျော် ၁ ရက်နေ့မှ ခုနစ်ရက်တိုင်တိုင် အရဟတ္တဖိုလ် (ဝိမုတ္တိ) ချမ်းသာကို ခံစားပါသည်။ ယင်းသို့ ဘုရားရှင်ခံစားနေစဉ် နတ်ဗြဟ္မာအပေါင်းတို့ကလည်း ပူဇော်နေကြပါသည်။ ယင်းကို "ပလ္လင်္က သတ္တာဟ" ဟု ခေါ်ပါသည်။

**(၂) အနိမိသသတ္တာဟ**

ထိုမှတစ်ဖန် ဘုရားရှင်သည် ထိုမှထ၍ ဗောဓိပင်၏ အရှေ့မြောက် ၁၄ လံအကွာတွင် ရပ်တော်မူပြီး "ငါသည် ထိုဗောဓိပင်နေရာနှင့် ရွှေပလ္လင်ဝယ် သဗ္ဗညုတဉာဏ်တော်ကို ရပေသည်တကား"ဟူ၍ မျက်စိကို မပိတ်ဘဲ ကြည့်ရှုလျက် ခုနစ်ရက်ပတ်လုံး စံတော်မူနေသည်။ ဤနေရာကို "အနိမိသသတ္တာဟ" ဟု ခေါ်လေသည်။

**(၃) စင်္ကမသတ္တာဟ**

သတ္တာဟ ဘုရားရှင်ကိုယ်တော်မြတ်ကြီးသည် ယင်းသို့ မျက်စိမပိတ် ရွှေပလ္လင်ကြီးကိုကြည့်တော်မူခြင်းမှာ ပုထုဇဉ်နတ်ဗြဟ္မာတို့စိတ်သန္တာန်၌ "ဘုရားရှင်ကိုယ်တော်မြတ်ကြီးသည် စံပျော်ဖူးသည့် ရွှေပလ္လင်ကိုမျှ ခင်မင်တောင်းတခြင်းမပြတ် ထပ်၍ ပြုအပ်သော သဗ္ဗညုတကိစ္စ ရှိသေးသလော"ဟု ယုံမှားသံသယ ဖြစ်ကြပါလေသည်။ ယင်းသို့ ယုံမှားသည် မရှိခြင်းကို ဘုရားရှင်သည် သိတော်မူ၍ ယင်းကို ပယ်ဖျောက်လိုသဖြင့် ကောင်းကင်သို့ တစ်ယူဇနာမျှ ပျံတက်၍ ရေမီးအစုံ ထွက်စေသည့် တန်ခိုးပြာဋိဟာကို ပြတော်မူ၏။ ထိုမှတစ်ဖန် ဘုရားရှင်သည် ကောင်းကင်မှဆင်းသက်၍ အနိမိသကုန်းအကြား အတောင် ၂၀ ကွာအရပ်ကို အလယ်ထား၍ အရှေ့မှ အနောက်သို့ ငါးလံကွာ အတောင် ၆၀ ရှိသော ရတနာစင်္ကြံကို ဖန်ဆင်းတော်မူသည်။ ထို့နောက် ဘုရားရှင်သည် ခုနစ်ရက်ပတ်လုံး စင်္ကြံလျှောက်လေသည်။ ယင်းကို "စင်္ကမသတ္တာဟ" ဟု ခေါ်ပါသည်။

**(၄) ရတနာဃရသတ္တာဟ**

ဘုရားရှင်သည် ဗောဓိပင်မှ အနောက်မြောက် အတောင် ၄၀ အကွာတွင် နတ်တို့ဖန်ဆင်းထားသော ရတနာရွှေအိမ်ထဲ ပလ္လင်ထက်တင်ပျဉ်ခွေလျက် သုတ္တန္တပိဋက၊ ဝိနယ ပိဋကနှင့် အဘိဓမ္မပိဋကတို့ကို သုံးသပ်တော်မူသည်။ အဘိဓမ္မာရှေ့ ခြောက်ကျမ်း၌ ဆင်ခြင်သုံးသပ်ရာတွင် ကိုယ်တော်မှ ရောင်ခြည် ခြောက်သွယ် မကွန့်မြူးဘဲ ရှိနေပါသည်။ နောက်ဆုံး "မဟာပဋ္ဌာန်း" ခေါ် ပဋ္ဌာန်းမဟာကျမ်းကို သုံးသပ်ဆင်ခြင်တော်မူမှ ရောင်ခြည်တော်ကွန့်မြူး၏။ ထိုသို့ ရောင်ခြည်ကွန့်မြူးရာတွင် အထက်ဘဝဂ်တိုင်အောင်နှင့် အောက်မဟာပထဝီမြေသို့ ဖောက်ထွင်း၍ ပျံ့နှံ့လေသည်။ ထိုသို့အားဖြင့် ခုနစ်ရက်တိုင်တိုင် ဆင်ခြင်တော်မူသည်။ ယင်းအရပ်ကို "ရတနာဃရသတ္တာဟ" ဟု ခေါ်ပါသည်။

**(၅) အဇပါလသတ္တာဟ**

ဘုရားရှင်ကိုယ်တော်မြတ်ကြီးသည် မဟာဗောဓိပင်မှ အရှေ့မျက်နှာမူလျက် ၃၂ လံကွာသည့် "အဇပါလ" မည်သော ဆိတ်ကျောင်းညောင်ပင်သို့ ကြွတော်မူသည်။ ထိုညောင်ပင်ရင်း၌ တရားကို ဆင်ခြင်၍ ဖလသမာပတ်ကို ဝင်စားတော်မူသည်။ ယင်းသို့ ဝင်စားရာတွင် ထိုနေရာ၌ ခုနစ်ရက်ပတ်လုံး ဖလသမာပတ်ကို ဝင်စားနေသည်။ ဤနေရာကို "အဇပါလသတ္တာဟ" ဟု ခေါ်ပါသည်။

**(၆) မုစလိန္ဒသတ္တာဟ**

ဘုရားရှင်သည် မဟာဗောဓိပင်၏ အရှေ့တောင်ဘက် ၅၁ လံကွာတွင် မုစလိန္ဒာအိုင်သို့ ကြွတော်မူလေသည်။ ယင်းကျည်းပင်ရင်း၌ တင်ပျဉ်ခွေကာ စံနေတော်မူသည်။ ယင်းသို့ စံတော်မူချိန်၌ စကြဝဠာအနှံ့ အခါမဲ့ မိုးကြီးသည်။ ခုနစ်ရက်တိုင် မိုးစွေ၍ ရွာသွန်းလေသည်။ မုစလိန္ဒာအိုင်အောက်ရှိ ဗိမာန်၌ စံတော်မူသော နဂါးမင်းသည် ဘုရားရှင်အား ဖြုတ်ခြင်း အစရှိသောအကောင်များ မထိပါးရအောင် အပူအအေးမျှတပြီး ချမ်းသာလုံခြုံစွာ ဘုရားကိုယ်တော်မြတ်ကြီးအားနေရန်တစ်ပိုင်းတစ်ခွေကို ပလ္လင်ခင်းပြီး ရစ်ပတ်လျက် ပါးပျဉ်းကြီးဖြင့် မိုးလေမထိဘဲ အုပ်မိုးလျက် ဆောင်ရွက်ထားပါသည်။ နဂါးမင်းသည် ဗိမာန်ကို ဖန်ဆင်းနိုင်ပါလျက် မိမိခန္ဓာကိုယ်ဖြင့် ကာကွယ်ထားပါသည်။ ဘုရားရှင်သည် ဖလသမာပတ်ဝင်စား၍ ခုနစ်ရက်တိုင်တိုင် စံတော်မူလေသည်။ လေကင်း၍ တိမ်စင်ပြီးဖြစ်သောအခါ နဂါးမင်းသည် လုလင်ပျို ဖန်ဆင်း၍ ဘုရားရှင်အား လက်အုပ်ချီ ရှိခိုးလေသည်။

ဘုရားရှင်သည် လောက၌ ဒေါသအမျက်မထားဘဲ မေတ္တာပွားခြင်း၊ ကရုဏာထားခြင်းသည် ချမ်းသာခြင်းကို ဖြစ်စေသည်။ ကာမဂုဏ်အာရုံတို့ကို ပယ်ဖျောက်၍ တပ်မက်ခြင်းကင်းခြင်း၊ ရာဂကင်းခြင်း၊ မိမိကိုယ်ကိုမာန်မာနမရှိ ထောင်းလွှားခြင်းကင်းခြင်းတို့သည် အမြတ်ဆုံးချမ်းသာပေတည်းဟူ၍ ဥဒါန်းကျူးတော်မူသည်။ ယင်းအရပ်ကို "မုစလိန္ဒသတ္တာဟ" ဟု မည်ပေသည်။

**(၇) ရာဇာယတနသတ္တာဟ**

ဘုရားရှင်ကိုယ်တော်မြတ်ကြီးသည် မဟာဗောဓိပင်မှ အလံ ၄၀ ကွာတွင်ရှိသော လင်းလွန်းပင် (ရာဇာယတန) ရင်းသို့ ကြွတော်မူသည်။ ယင်းနေရာ၌ ဖလသမာပတ်ကို ခုနစ်ရက်လုံးလုံး စံစားတော်မူသည်။ ထိုနေရာကို "ရာဇာယတနသတ္တာဟ"ဟူ၍ ခေါ်ပါသည်။

(ဆရာကြည်၏ "ဗုဒ္ဓအကြောင်းသိကောင်းစရာမှတ်တမ်း" စာအုပ်အား စာရေးသူ၏ ခွင့်ပြုချက်ဖြင့် ကူးယူဖော်ပြပါသည်။)

# အာဖဂန်နစ္စတန်နိုင်ငံ ဘာကြောင့် ပြိုလဲသွားသလဲ

**အာဖဂန်နစ္စတန်အစိုးရတပ်ဖွဲ့ဝင်တွေဟာ တာလီဘန်အဖွဲ့ထက် လက်နက်အင်အား၊ လူအင်အား သာလွန်ပေမယ့် အာဖဂန်နစ္စတန်နိုင်ငံဟာ တာလီဘန်လက်အောက်ကို ဘာကြောင့် မြန်မြန်ဆန်ဆန် ကျဆင်းသွားရတာလဲ။**

○ အောင်ကျော်ကျော်(ကြေးမုံ) ○






ဩဂုတ် ၁၅ ရက်မှာ တာလီဘန်အဖွဲ့က မြို့တော်ကဘူးလ်မှာရှိတဲ့ သမ္မတအိမ်တော်ကို သိမ်းပိုက်ခဲ့ပါတယ်။ သမ္မတ ဂါနီအစိုးရအဖွဲ့ဟာ တာလီဘန်လက်အောက် ရောက်ရှိခဲ့ပေမယ့် သမ္မတ ဂါနီကတော့ ထွက်ပြေးတိမ်းရှောင်လွတ်မြောက်လို့နေပါတယ်။ အာဖဂန်နစ္စတန်ပြည်သူတွေနဲ့ နိုင်ငံခြားသားတွေက အာဖဂန်နစ္စတန်နိုင်ငံကနေ စွန့်ခွာသွားဖို့ နည်းလမ်းမျိုးစုံကြိုးပမ်းနေကြပါတယ်။

အာဖဂန်နစ္စတန်မြို့တော် ကဘူးလ်လေဆိပ်မှာ အာဖဂန်နစ္စတန်ပြည်သူတွေ နေရပ်စွန့်ခွာဖို့အရေး မိသားစုဝင်တွေကို လက်ကဆွဲပြီး အမေရိကန်လေယာဉ်တွေပေါ် လိုက်ပါစီးနင်းနိုင်ဖို့ အလုအယက်ပြေးလွှားနေတဲ့မြင်ကွင်းကို မြင်လိုက်ရတော့ ရင်ထဲမှာ အတော်လေးတုန်လှုပ်သွားမိပါတယ်။

အာဖဂန်နစ္စတန်နိုင်ငံရဲ့ သမိုင်းကြောင်းကို ပြန်ကြည့်မယ်ဆိုရင် ၁၉၇၈ ခုနှစ်ကစပြီးတော့ the Saur တော်လှန်ရေးစတင်ခဲ့တယ်။ ၁၉၇၉ ခုနှစ်မှာ ဆိုဗီယက်ပြည်ထောင်စုနဲ့ အာဖဂန်နစ္စတန်တပ်ဖွဲ့တို့အကြား ၁၀ နှစ်ကြာ စစ်ပွဲဖြစ်ပွားခဲ့ပါတယ်။ စစ်အေးကာလ ၁၉၈၉ ခုနှစ်မှာ ဆိုဗီယက်အစိုးရက အာဏာရပါတီဖြစ်တဲ့ အာဖဂန်နစ္စတန်ပြည်သူ့ဒီမိုကရက်တစ်ပါတီအစိုးရအဖွဲ့ကို ကျောထောက်နောက်ခံပြုခဲ့ပါတယ်။ အဲဒီနောက်မှာတော့ အာဖဂန်မူဂျာဟီဒင်လို့ လူသိများတဲ့ အစိုးရဆန့်ကျင်အဖွဲ့ ပေါ်ပေါက်လာပြီးတော့ အစိုးရဆန့်ကျင်လှုပ်ရှားမှုတွေ စတင်ခဲ့ပါတယ်။ ဂျာမနီဒီမိုကရက်တစ်သမ္မတနိုင်ငံက ထောက်ပံ့ပေးတဲ့ အာဖဂန်အစိုးရတပ်ဖွဲ့ဟာ ဆိုဗီယက်အစိုးရအဖွဲ့နဲ့ ပူးပေါင်းပြီး အာဖဂန်မူဂျာဟီဒင်တွေကို တိုက်ခိုက်ချေမှုန်းခဲ့ပါတယ်။ အာဖဂန်မူဂျာဟီဒင်တွေကို အမေရိကန်၊ ဗြိတိန်၊ ပါကစ္စတန်၊ ဆော်ဒီအာရေဗျ၊ အီဂျစ်၊ တရုတ်ပြည်သူ့သမ္မတနိုင်ငံ၊ ဂျာမနီနိုင်ငံတို့က ထောက်ပံ့မှုတွေ ပေးခဲ့ပါတယ်။ ၁၉၈၉ ခုနှစ်မှာတော့ ဆိုဗီယက်ပြည်ထောင်စုက အာဖဂန်နစ္စတန်နိုင်ငံကနေ အပြီးတိုင်ဆုတ်ခွာသွားခဲ့ပါတယ်။

အဲဒီနောက်မှာ ၁၉၉၂ ခုနှစ်ကနေ ၁၉၉၆ ခုနှစ်အတွင်း အာဖဂန်မူဂျာဟီဒင်ဂိုဏ်း ပြိုကွဲခဲ့ရာ ပါကစ္စတန်၊ အီရန်၊ ဆော်ဒီအာရေဗျစတဲ့ နိုင်ငံတွေက ခွဲထွက်သွားတဲ့ ဂိုဏ်းကွဲတွေကို ထောက်ပံ့မှုတွေ ပေးခဲ့ပါတယ်။ ဒီလိုနဲ့ ဂိုဏ်းကွဲအချင်းချင်း စစ်ဆင်ရေးတွေ အပြိုင်အဆိုင်ဆင်နွှဲခဲ့ကြပါတယ်။ ၁၉၉၆ ခုနှစ်မှာတော့ တာလီဘန်အဖွဲ့ပေါ်ပေါက်လာပါတယ်။ တာလီဘန်အဖွဲ့မှာ အာရပ်နိုင်ငံတွေကနေ အယ်လ်ခိုင်ဒါအဖွဲ့ဝင် ထောင်ပေါင်းများစွာပါဝင်ပြီးတော့ တာလီဘန်အဖွဲ့ကို ပါကစ္စတန်နိုင်ငံက ထောက်ပံ့ပေးပါတယ်။ တာလီဘန်အဖွဲ့က မြို့တော်ကဘူးလ်ကို သိမ်းပိုက်လိုက်တဲ့အခါမှာ ပြည်တွင်းစစ်ကြီး ပြီးဆုံးသွားခဲ့ပါတယ်။

၁၉၉၆ ခုနှစ်ကနေ ၂၀၀၁ ခုနှစ်အတွင်းမှာ တာလီဘန်အဖွဲ့ဆန့်ကျင်တဲ့ မြောက်ပိုင်းမဟာမိတ်တပ်ဖွဲ့ ပေါ်ပေါက်လာပါတယ်။ ဒီကာလမှာ တာလီဘန်တွေက နိုင်ငံရဲ့ ဒေသအားလုံးနီးပါးကို ထိန်းချုပ်ထားပါတယ်။ ၂၀၀၁ ခုနှစ် စက်တင်ဘာ ၉ ရက်မှာ အယ်လ်ခိုင်ဒါအဖွဲ့က မြောက်ပိုင်းမဟာမိတ်တပ်ဖွဲ့ခေါင်းဆောင်ကို လုပ်ကြံခဲ့ပါတယ်။

၂၀၀၁ ခုနှစ် အောက်တိုဘာ ၇ ရက်မှာ အာဖဂန်နစ္စတန်နိုင်ငံကို အမေရိကန်တပ်ဖွဲ့တွေ စတင်ဝင်ရောက်လာခဲ့ပါတယ်။ ရည်ရွယ်ချက်ကတော့ စက်တင်ဘာ ၁၁ ရက်မှာ အမေရိကန်နိုင်ငံ နယူးယောက်မြို့မှာရှိတဲ့ ကမ္ဘာ့ကုန်သွယ်ရေးအဆောက်အအုံ အကြမ်းဖက်တိုက်ခိုက်မှုကို လက်စားပြန်ချေဖို့ ဖြစ်ပါတယ်။ ဒါကြောင့် အာဖဂန်နစ္စတန်အစိုးရထောက်ခံတဲ့ တပ်ဖွဲ့ဝင်တွေကို အမေရိကန်နဲ့ နေတိုးတပ်ဖွဲ့ဝင်တွေက ထောက်ပံ့ပေးပြီးတော့ အစိုးရဆန့်ကျင် တာလီဘန်အဖွဲ့၊ အယ်လ်ခိုင်ဒါ၊ ဟာကာနီကွန်ရက်၊ ဟက်အီးအစ္စလာမ်ဂါဘူဒင်နဲ့ အိုင်အက်စ်စစ်သွေးကြွအဖွဲ့တွေကို သုတ်သင်ချေမှုန်းခဲ့ပါတယ်။

ဒီလိုနဲ့ အမေရိကန်၊ နေတိုးတပ်ဖွဲ့၊ အာဖဂန်နစ္စတန်အစိုးရတပ်ဖွဲ့နဲ့ တာလီဘန်အဖွဲ့တို့အကြား နှစ်ပေါင်း ၂၀ နီးပါး စစ်ပွဲတွေ အပြင်းအထန် ဖြစ်ပွားခဲ့ပါတယ်။ ၂၀၂၁ ခုနှစ် ဇူလိုင်လမှာတော့ အမေရိကန်တပ်ဖွဲ့ဝင်တွေဟာ အာဖဂန်နစ္စတန်နိုင်ငံကနေ ဆုတ်ခွာခဲ့ပါတယ်။ ဒီလိုအမေရိကန်တပ်တွေ ဆုတ်ခွာပြီး ရက်အနည်းငယ်အကြာမှာပဲ တာလီဘန်အဖွဲ့က မြို့တော်ကဘူးလ်ကို သိမ်းပိုက်နိုင်ခဲ့တယ်။ အာဖဂန်နစ္စတန်နိုင်ငံဟာလည်း တာလီဘန်လက်အောက် ကျဆင်းခဲ့ရပါတယ်။

ဒီလိုမြန်မြန်ဆန်ဆန်နဲ့ တာလီဘန်တွေသိမ်းပိုက်နိုင်မယ်လို့ ထင်မြင်မထားဘူး။ အမေရိကန်တပ်ဖွဲ့တွေ ဆုတ်ခွာပြီး ရက် ၉၀ လောက်မှသာ သိမ်းပိုက်နိုင်မယ်လို့ အမေရိကန်တာဝန်ရှိသူတွေက ထင်မြင်ခဲ့ကြပါတယ်။ တကယ်တော့ အမေရိကန်တပ်တွေ ဆုတ်ခွာပြီး ရက်အနည်းငယ်အတွင်းမှာပဲ သိမ်းပိုက်နိုင်ခဲ့ပါတယ်။

**စုံစမ်းထောက်လှမ်းမှုအားနည်း**

အာဖဂန်နစ္စတန်နိုင်ငံ တာလီဘန်လက်အောက် ဘာကြောင့် ဒီလောက်မြန်မြန် ကျဆင်းသွားသလဲဆိုရင် အမေရိကန်ရဲ့ စုံစမ်းထောက်လှမ်းမှု အားနည်းတာက အကြောင်းတစ်ရပ်အနေနဲ့ ပါဝင်တယ်လို့ ဒီမိုကရေစီကာကွယ်မှု ဖောင်ဒေးရှင်း အကြီးတန်းအရာရှိ ဘေရိုဂျီရိုက ဆိုပါတယ်။ ၁၉၆၈ ခုနှစ် ဗီယက်နမ် စစ်ပွဲမှာလည်း အမေရိကန်နဲ့ မဟာမိတ်နိုင်ငံတွေကို လျှပ်တစ်ပြက် ထိုးစစ်ဆင်နိုင်ခဲ့တာလည်း အမေရိကန်ရဲ့ စုံစမ်းထောက်လှမ်းမှုအားနည်းလို့ ဖြစ်တယ်ဆိုပြီး ဘေရိုဂျီရိုက ဆိုပါတယ်။ တာလီဘန်တွေက မေလကတည်းက လက်နက်အင်အား အပြည့်နဲ့ စစ်ဆင်ရေးဆင်နွှဲဖို့ ပြင်ဆင်နေခဲ့ပါတယ်။ ဒါပေမယ့် အမေရိကန်တာဝန်ရှိသူတွေက အမေရိကန်တပ်ဖွဲ့တွေကို အာဖဂန်နစ္စတန်ကနေ ဆုတ်ခွာဖို့ စီစဉ်နေပါတယ်။ အာဖဂန်နစ္စတန်အစိုးရအဖွဲ့နဲ့ ကာကွယ်ရေးတပ်ဖွဲ့တွေက အာဖဂန်နစ္စတန်နိုင်ငံကို ခြောက်လကနေ တစ်နှစ်လောက်အထိ တာလီဘန်လက်အောက် မကျရောက်ဖို့ ခုခံကာကွယ်ထားသင့်တယ်လို့ ထင်မြင်ခဲ့ပါတယ်။

**ဆိုးရွားသော ဆုတ်နစ်မှု**

အာဖဂန်နစ္စတန်တပ်ဖွဲ့တွေက နှစ် ၂၀ နီးပါး အမေရိကန်တွေရဲ့ လေကြောင်းအင်အား၊ ထောက်လှမ်းရေးသတင်းအချက်အလက်၊ ထောက်ပံ့ပို့ဆောင်ရေး၊ အစီအစဉ်ရေးဆွဲခြင်း စတဲ့ကိစ္စရပ်တွေပေါ်မှာ မှီခိုနေခဲ့ရပါတယ်။ အမေရိကန်အစိုးရက အာဖဂန်နစ္စတန်တပ်ဖွဲ့ဝင်တွေကို အမေရိကန်ဒေါ်လာ နှစ်ထရီလီယံ ကုန်ကျခံပြီးတော့ စစ်ရေးလေ့ကျင့်မှုတွေနဲ့ လက်နက်အင်အားတွေ ဖြည့်တင်းပေးခဲ့ပါတယ်။ ဒီလိုအစစအရာရာ ထောက်ပံ့ပေးတဲ့အတွက် အာဖဂန်နစ္စတန်တပ်ဖွဲ့ဝင်တွေဟာ ယုံကြည်မှု ပျောက်ဆုံးခဲ့ရပါတယ်။ စစ်ဆင်ရေးစွမ်းပကားဟာ တဖြည်းဖြည်း ဆုတ်နစ်မှုတွေ ရှိလာပါတယ်။ စစ်ဆင်ရေးတွေမှာ အမေရိကန်တပ်ဖွဲ့ဝင် ၆၀၀၀ ကျော်နဲ့ အာဖဂန်တပ်ဖွဲ့ဝင်တစ်သိန်းကျော် သေဆုံးခဲ့ပါတယ်။

ဒါကြောင့် ၂၀၂၀ ပြည့်နှစ် ဖေဖော်ဝါရီလမှာ သမ္မတဟောင်း ဒေါ်နယ်ထရမ့်နဲ့ တာလီဘန်အဖွဲ့တို့အကြား စစ်ပွဲပြီးဆုံးကြောင်း သဘောတူလက်မှတ်ရေးထိုးခဲ့ပါတယ်။ ဒီသဘောတူချက်ဟာ အာဖဂန်နစ္စတန်ကနေ အမေရိကန်တပ်ဖွဲ့တွေ ဆုတ်ခွာသွားပြီးနောက်မှာ အာဖဂန်နစ္စတန်အစိုးရတပ်ဖွဲ့ကို တာလီဘန်လက်အောက် ကျရောက်သွားစေတဲ့ သဘော ဖြစ်တယ်လို့ အာဖဂန်နစ္စတန်အထူးတပ်ဖွဲ့မှ တာဝန်ရှိသူတစ်ဦးက ဝါရှင်တန်ပို့စ်သတင်းစာကို ပြောခဲ့ပါတယ်။ အာဖဂန်နစ္စတန်သမ္မတ ဂါနီကလည်း သမ္မတ ဂျိုးဘိုင်ဒင်က အမေရိကန်တပ်ဖွဲ့တွေ တပ်ဆုတ်ခွာမယ့်အရေး ရက်ရွှေ့ဆိုင်းမယ်လို့ ယူဆနိုင်ဖွယ်ရှိပါတယ်။ ဒါပေမယ့် ၂၀၂၁ ခုနှစ် စက်တင်ဘာ ၁၁ ရက်မတိုင်မီ တပ်ဆုတ်ခွာဖို့ကို သမ္မတ ဂျိုးဘိုင်ဒင်က ဧပြီလမှာ ကြေညာခဲ့ပါတယ်။ အမေရိကန်တပ်ဖွဲ့ဝင်တွေအပါအဝင် လေကြောင်းတိုက်ခိုက်ရေးနဲ့ ထောက်ပံ့ပို့ဆောင်ရေးတွေမှာ အာဖဂန်နစ္စတန်အစိုးရတပ်ဖွဲ့က အဓိကမှီခိုအားထားရတဲ့ မဟာမိတ်တပ်ဖွဲ့ဝင်တွေပါ တပ်ဆုတ်ခွာသွားခဲ့ပါတယ်။ နိုင်ငံတစ်ဝန်းမှာ တပ်ဖြန့်ထားတဲ့ တပ်ဖွဲ့ဝင်တွေဆီကို စားနပ်ရိက္ခာ၊ လက်နက်ခဲယမ်းစတဲ့ အထောက်အပံ့တွေပေးဖို့ အာဖဂန်အစိုးရတပ်ဖွဲ့က ပြီးခဲ့တဲ့လအနည်းငယ်အတွင်းမှာ တာဝန်ပျက်ကွက်ခဲ့ပါတယ်။ ဒါကြောင့် အာဖဂန်နစ္စတန်အစိုးရတပ်ဖွဲ့ဝင်အချို့က တာလီဘန်အဖွဲ့တွေနဲ့ ထိပ်တိုက်ရင်ဆိုင်စစ်ဆင်ရေးဆင်နွှဲမှုတွေကို ရှောင်ကွင်းခဲ့တာတွေ၊ အညံ့ခံခဲ့တာတွေ ပြုလုပ်ခဲ့ကြပါတယ်။

ဒ့ါအပြင် တာလီဘန်အဖွဲ့ကလည်း လေယာဉ်မှူးတွေလို အစိုးရတပ်ဖွဲ့ရဲ့ အဓိကကျသူတွေကို လုပ်ကြံသတ်ဖြတ်ခဲ့ပါတယ်။ သူတို့ရဲ့ မိသားစုဝင်တွေကို ဖမ်းဆီးပြီး ခြိမ်းခြောက်မှုတွေလည်း လုပ်ဆောင်ခဲ့ပါတယ်။ ဒါကြောင့် တပ်ဖွဲ့ဝင်တွေဟာ အညံ့ခံအရှုံးပေးတဲ့ လမ်းကြောင်းကို ရွေးချယ်ခဲ့တဲ့အတွက် တာလီဘန်တွေဟာ ဒီလိုမြန်မြန်ဆန်ဆန် သိမ်းပိုက်နိုင်ခဲ့တာဖြစ်ပါတယ်။

**တာလီဘန်တွေ စစ်ရေးမှာကျွမ်းကျင်လာ**

တာလီဘန်တွေ အာဖဂန်နစ္စတန်နိုင်ငံကို လွယ်လွယ်နဲ့ သိမ်းပိုက်နိုင်တာ အမေရိကန်တပ်ဖွဲ့ဝင်တွေ တပ်ဆုတ်ခွာသွားတာကို အဓိကအကြောင်းအရင်းတစ်ရပ်လို့ မှတ်ယူလို့ မရပါဘူး။ တာလီဘန်တွေက တိုက်ခိုက်ရေးနဲ့ လက်နက်အင်အားကို ၁၉၉၆ ခုနှစ်နောက်ပိုင်းမှာကတည်းက ဖြည့်တင်းလာခဲ့တာဖြစ်တယ်လို့ the Scowcroft Middle East Security Initiative ဒါရိုက်တာ ကာစတင် ဖိုတန်ရို့စ်က ပြောခဲ့ပါတယ်။ မြို့တော်ကဘူးလ်ကို သိမ်းပိုက်တဲ့နေ့မှာ တာလီဘန်တွေက မြို့တော်ကို ဝိုင်းလိုက်တယ်။ အစိုးရအဖွဲ့လိုအပ်တဲ့ ထောက်ပံ့ရေးလမ်းကြောင်းတွေကို ဖြတ်တောက်ခဲ့တယ်။ လူမှုကွန်ရက်ကို ထိရောက်စွာအသုံးချနိုင်ခဲ့တယ်။ ဒေသခံပြည်သူတွေကို အသက်အန္တရာယ်ပြုမယ့်အကြောင်း ဒေသခံအစိုးရတပ်ဖွဲ့ခေါင်းဆောင်တွေဆီကို ခြိမ်းခြောက်စာတွေ ဖုန်းကနေတစ်ဆင့် မက်ဆေ့ပို့တယ်။ ဒီလိုနည်းဗျူဟာတွေကို ကျင့်သုံးခဲ့တယ်လို့ ဒါရိုက်တာ ကာစတင် ဖိုတန်ရို့စ်က ပြောပါတယ်။

**အာဖဂန်နစ္စတန်အစိုးရတပ်ဖွဲ့နဲ့ အကျင့်ပျက်ခြစားမှု**

အာဖဂန်နစ္စတန်အစိုးရတပ်ဖွဲ့မှာ အကျင့်ပျက်ခြစားတဲ့ တပ်ဖွဲ့ဝင်တွေလည်း ပါဝင်လို့နေပါတယ်။ ဒီလိုအကျင့်ပျက်တပ်ဖွဲ့ဝင်တွေ ရှိနေတဲ့အတွက် တာလီဘန်အဖွဲ့ရဲ့အုပ်ချုပ်မှုဟာ ဆက်လက်သက်တမ်းရှည်နေမှာဖြစ်ပါတယ်။ အကျင့်ပျက်တပ်ဖွဲ့ဝင်တွေကို အစိုးရတပ်ဖွဲ့က ထိထိရောက်ရောက် အမိန့်ပေးညွှန်ကြားဖို့ မလွယ်ကူပါ။ ဒီလိုဘာကြောင့် အကျင့်ပျက်တပ်ဖွဲ့ဝင်တွေ ရှိရသလဲဆိုရင် အာဖဂန်နစ္စတန်အစိုးရအဖွဲ့က တပ်ဖွဲ့ဝင်တွေကို လစာ၊ ထောက်ပံ့မှုနဲ့ လျော်ကြေးငွေပေးချေမှု အနည်းငယ်သာ ပေးနိုင်လို့ပဲဖြစ်ပါတယ်။ အချို့တပ်ဖွဲ့ဝင်တွေဆိုရင် အချိန်အတော်ကြာ တိုက်ခိုက်ရေးဆင်နွှဲနေရပေမယ့် ထိုက်တန်တဲ့ ထောက်ပံ့ပေးမှုတွေ မရရှိခဲ့ပါဘူး။ ဒါကြောင့် သူတို့ရဲ့လက်နက်ခဲယမ်းတွေကို တာလီဘန်တွေဆီ ရောင်းစားတာတွေ ပြုလုပ်ခဲ့ကြပါတယ်။ ဒီလိုအားနည်းချက်တွေရှိတာကြောင့် တာလီဘန်တွေက အာဖဂန်နစ္စတန်နိုင်ငံကို အလွယ်တကူ သိမ်းပိုက်နိုင်ခဲ့တာဖြစ်ပါတယ်။

လက်ရှိအချိန် တာလီဘန်လက်အောက်မှာရှိတဲ့ အာဖဂန်ပြည်သူတွေရဲ့ခံစားချက်၊ ဘဝနေထိုင်မှု လုံခြုံမှုရှိ၊ မရှိ၊ အမျိုးသမီးတွေရဲ့ လွတ်လပ်ခွင့်စတဲ့ လူ့အခွင့်အရေးတွေကို အာဖဂန်ပြည်သူတွေ အပြည့်အဝရရှိနိုင်မလားဆိုတာ စောင့်ကြည့်ရမှာဖြစ်ပါတယ်။

**ကိုးကား-စီအင်န်ဘီစီနယူးစ်**



# မလေးရှားနိုင်ငံ၏ ဝန်ကြီးချုပ်သစ်အဖြစ် အစ္စမေးလ်ဆာဘရီ ကျမ်းသစ္စာကျိန်ဆို

**ကွာလာလမ်ပူ ဩဂုတ် ၂၁**

မလေးရှားနိုင်ငံ၏ ဒုတိယဝန်ကြီးချုပ်ဟောင်း အစ္စမေးလ်ဆာဘရီယာကော့ဗ်သည် မလေးရှားနိုင်ငံ၏ ဝန်ကြီးချုပ်သစ်အဖြစ် ယနေ့တွင် ကျမ်းသစ္စာကျိန်ဆိုခဲ့ကြောင်း သိရသည်။

အမျိုးသားနန်းတော်၌ မလေးရှားဘုရင် ဆူလ်တန်အဗ်ဒူလာဆူလ်တန်အာမက်ရှာ၏ရှေ့မှောက်တွင်မလေးရှားရိုးရာဝတ်စုံဝတ်ဆင်ပြီး ကျမ်းသစ္စာကျိန်ဆိုနေသည့် အစ္စမေးလ်ဆာဘရီ၏ ပုံများကို ရုပ်သံလွှင့်ဌာနတွင် တိုက်ရိုက်ထုတ်လွှင့်ခဲ့သည်။

အသက် ၆၁ နှစ်အရွယ် အစ္စမေးလ်ဆာဘရီသည် ယူနိုက်တက် မလေးလူမျိုးများ အမျိုးသားအဖွဲ့၏ ဒုတိယဥက္ကဋ္ဌဖြစ်ပြီး ဇူလိုင်လက ဒုတိယဝန်ကြီးချုပ်အဖြစ် ရွေးချယ်ခန့်အပ်ခြင်း မခံရမီ မလေးရှား ဝန်ကြီးချုပ်ဟောင်း မူဟစ်ဒင်ယာဆင်၏ အစိုးရအဖွဲ့တွင် ကာကွယ်ရေးဝန်ကြီးအဖြစ် တာဝန်ထမ်းဆောင်ခဲ့သည်။

ဆာဘရီသည် ၎င်း၏ ယူနိုက်တက် မလေးလူမျိုးများ အမျိုးသားပါတီနှင့် မူဟစ်ဒင်အစိုးရ၏ ထောက်ခံမဲများကို လက်ခံရရှိခဲ့ကြောင်း သိရသည်။

အစ္စမေးလ် ဆာဘရီသည် မလေးရှား အောက်လွှတ်တော်တွင် အမတ်အများစု၏ ထောက်ခံမှုမရရှိခဲ့ခြင်းကြောင့် ဩဂုတ် ၁၆ ရက်က ရာထူးမှ နုတ်ထွက်ခဲ့သည့်မူဟစ်ဒင်ယာဆင်း၏ ရာထူးနေရာကို ဆက်ခံမည်ဖြစ်ကြောင်း သိရသည်။ **ကိုးကား – ဆင်ဟွာ**

**ဘာသာပြန် – ဂျေတီ**

# ဂျိုးဘိုင်ဒင်က နီကောလပ်စ်ဘန်းစ်အား တရုတ်နိုင်ငံဆိုင်ရာ အမေရိကန်သံအမတ်ကြီးအဖြစ် အဆိုပြု

**ဝါရှင်တန် ဩဂုတ် ၂၁**

အမေရိကန်သမ္မတ ဂျိုးဘိုင်ဒင်သည် ဟားဗတ်တက္ကသိုလ်၏ပါမောက္ခနှင့် ဝါရှင့်သံတမန်တစ်ဦးဖြစ်သူ နီကောလပ်စ်ဘန်းစ်ကို တရုတ်နိုင်ငံဆိုင်ရာ အမေရိကန်သံအမတ်ကြီးအဖြစ် ခန့်အပ်ရန်ရည်ရွယ်ထားကြောင်း အိမ်ဖြူတော်က ယနေ့ပြောကြားသည်။

အသက် ၆၅ နှစ်အရွယ် နီကောလပ်စ်ဘန်းစ်သည် လတ်တလောအချိန်တွင် ဟားဗတ်တက္ကသိုလ်၏ ကနေဒီအစိုးရကျောင်း၌ နိုင်ငံတကာဆက်ဆံရေးဌာနတွင် ပါမောက္ခတစ်ဦးအဖြစ် တာဝန်ထမ်းဆောင်လျက်ရှိကြောင်း သိရသည်။

နီကောလပ်စ်ဘန်းစ်သည် ၎င်း၏ အစိုးရဝန်ထမ်း လုပ်သက် ၂၇ နှစ်ကာလတစ်လျှောက်လုံးတွင် ဒီမိုကရက်တစ်နှင့် ရီပတ်ဘလီကန် အစိုးရနှစ်ရပ်စလုံးတွင် အကြီးတန်း ရာထူးတာဝန်များကို ထမ်းဆောင်ခဲ့ပြီး ၂၀၀၅ ခုနှစ်မှ ၂၀၀၈ ခုနှစ်အထိ နိုင်ငံခြားရေးဝန်ကြီးဌာန၊ နိုင်ငံရေးရာဌာနတွင် ဒုတိယဝန်ကြီးအဖြစ် တာဝန်ထမ်းဆောင်ခဲ့သည်။ အဆိုပါ ရာထူးအဆင့်သည် နိုင်ငံခြားရေးဝန်ကြီးဌာနတွင် တတိယ အမြင့်ဆုံးရာထူးအဆင့်ဖြစ်သည်။

နီကောလပ်စ်ဘန်းစ်သည် ၂၀၀၁ ခုနှစ်မှ ၂၀၀၅ ခုနှစ်အထိ နေတိုးဆိုင်ရာ အမေရိကန် သံအမတ်ကြီးအဖြစ်လည်းကောင်း၊ ယင်းမတိုင်မီက အမေရိကန်နိုင်ငံခြားရေးဝန်ကြီးဌာန ပြောရေးဆိုခွင့်ရှိသူနှင့် ဂရိနိုင်ငံဆိုင်ရာ အမေရိကန်သံအမတ်ကြီးအဖြစ် လည်းကောင်း တာဝန်ထမ်းဆောင်ခဲ့သည်။ ထို့အပြင် နီကောလပ်စ်ဘန်းစ်သည် အမေရိကန်သမ္မတဟောင်းများ ဖြစ်ကြသည့် ဂျော့ဂျ်အိပ်ချ်ဒဗလျူဘုရှ်နှင့် ကလင်တန်လက်ထက်တွင် အိမ်ဖြူတော်ရှိ အမျိုးသားလုံခြုံရေးကောင်စီတွင်လည်း တာဝန်ထမ်းဆောင်ခဲ့ကြောင်း နိုင်ငံခြားရေးဝန်ကြီးဌာန၏ ထုတ်ပြန်ချက်အရ သိရသည်။

ထို့အပြင် ဂျိုးဘိုင်ဒင်သည် ချီကာဂိုမြို့တော်ဝန်ဟောင်းနှင့် သမ္မတအိုဘားမားလက်ထက်က အိမ်ဖြူတော်ဝန်ထမ်းအကြီးအကဲဖြစ်သူ ရမ်းအီမာနျူအယ်လ်ကိုလည်း ဂျပန်နိုင်ငံဆိုင်ရာ အမေရိကန်သံအမတ်ကြီးအဖြစ် အဆိုပြုထားကြောင်း သိရသည်။ သို့သော် ယင်းအဆိုပြုချက် နှစ်ခုစလုံးကို အထက်လွှတ်တော်က အတည်ပြုရန် လိုအပ်မည်ဖြစ်သည်။ **ကိုးကား – ဆင်ဟွာ**

**ဘာသာပြန် – ဂျေတီ**





# တူရကီနိုင်ငံ၌ တစ်ရက်အတွင်း ကိုဗစ်-၁၉ ရောဂါကူးစက်ခံရသူ ၁၉၉၁၈ ဦးရှိ

**အန်ကာရာ ဩဂုတ် ၂၁**

တူရကီနိုင်ငံ၌ လွန်ခဲ့သည့်တစ်ရက်အတွင်း ကိုဗစ်-၁၉ ရောဂါကူးစက်ခံရသူ ၁၉၉၁၈ ဦးရှိခြင်းကြောင့် နိုင်ငံတစ်ဝန်း၌ ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသူ စုစုပေါင်း ၆၁၇၇၆၉၀ ရှိလာကြောင်း တူရကီနိုင်ငံကျန်းမာရေးဝန်ကြီးဌာနက ပြောကြားသည်။

တူရကီနိုင်ငံ၌ လွန်ခဲ့သည့်တစ်ရက်အတွင်း ကိုဗစ်-၁၉ ရောဂါကြောင့်သေဆုံးသူ ၂၀၄ ဦး ထပ်မံတွေ့ရှိခြင်းကြောင့် တစ်နိုင်ငံလုံးအတိုင်းအတာအရ သေဆုံးသူစုစုပေါင်း ၅၄၀၉၅ ဦးရှိလာကြောင်းနှင့် လွန်ခဲ့သည့်တစ်ရက်အတွင်း ကိုဗစ်-၁၉ ရောဂါမှ ပြန်လည်ကျန်းမာလာသူ ၁၅၅၆၁ ဦးရှိကြောင်း သိရသည်။

တူရကီနိုင်ငံသည် တရုတ်နိုင်ငံထုတ် Sinovac ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးကို အရေးပေါ်အသုံးပြုရန် ကျန်းမာရေးအာဏာပိုင်များက အတည်ပြုပေးခဲ့ပြီးနောက် နိုင်ငံတစ်ဝန်း ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးထိုးနှံမှုအစီအစဉ်ကို ဇန်နဝါရီ ၁၄ ရက်တွင် စတင်ခဲ့ကြောင်း သိရသည်။

လက်ရှိတွင် တူရကီနိုင်ငံ၌ ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးအနည်းဆုံးတစ်ကြိမ်ထိုးနှံပြီးသူ ၄၅ ဒသမ ၆၃ သန်းကျော်ရှိကြောင်း၊ ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးနှစ်ကြိမ်စလုံးထိုးနှံပြီးသူ ၃၄ ဒသမ ၇၉ သန်းကျော်ရှိကြောင်းနှင့် ကာကွယ်ဆေးအလုံးရေ ၈၈ ဒသမ ၀၅ သန်းကျော်ရှိကြောင်း သိရသည်။

**ကိုးကား-ဆင်ဟွာ**

**ဘာသာပြန်-အလင်းသစ်**

# ဖိလစ်ပိုင်နိုင်ငံ၌ ကိုဗစ်-၁၉ ရောဂါကူးစက်ခံရသူပေါင်း ၁ ဒသမ ၈၂ သန်းကျော်ရှိ

**မနီလာ ဩဂုတ် ၂၁**

ဖိလစ်ပိုင်နိုင်ငံ၌ ယနေ့တွင် ကိုဗစ်-၁၉ ရောဂါကူးစက်ခံရသူ ၁၆၆၉၄ ဦး ထပ်မံတွေ့ရှိခြင်းကြောင့် နိုင်ငံတစ်ဝန်း၌ ကိုဗစ်-၁၉ ရောဂါကူးစက်ခံရသူ စုစုပေါင်း ၁၈၂၄၀၅၁ ဦးရှိလာကြောင်းနှင့် အဆိုပါ တစ်ရက်အတွင်း ကိုဗစ်-၁၉ ရောဂါကူးစက်ခံရသူ အရေအတွက်သည် ဖိလစ်ပိုင်နိုင်ငံ၌ ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရမှုစတင်တွေ့ရှိခဲ့သည့် ပြီးခဲ့သည့်နှစ် ဇန်နဝါရီလနောက်ပိုင်း နေ့စဉ် ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသူအရေအတွက် ဒုတိယအများဆုံးဖြစ်ကြောင်း သိရသည်။

ဖိလစ်ပိုင်နိုင်ငံ၌ ကိုဗစ်-၁၉ ရောဂါကြောင့် သေဆုံးသူ ၃၉၈ ဦးထပ်မံတွေ့ရှိခြင်းကြောင့် နိုင်ငံတစ်ဝန်း၌ ကိုဗစ်-၁၉ ရောဂါကြောင့် သေဆုံးသူ စုစုပေါင်း ၃၁၅၉၆ ဦး ရှိလာကြောင်းနှင့် ယင်းသို့ တစ်ရက်အတွင်း ကိုဗစ်-၁၉ ရောဂါကြောင့် သေဆုံးမှု အရေအတွက်သည်လည်း ကိုဗစ်-၁၉ ရောဂါစတင်ဖြစ်ပွားပြီးနောက်ပိုင်း နေ့စဉ် ကိုဗစ်-၁၉ ရောဂါကြောင့် သေဆုံးမှုအရေအတွက် ဒုတိယအမြင့်ဆုံးဖြစ်ကြောင်း သိရသည်။

ဖိလစ်ပိုင်နိုင်ငံ၌ လူဦးရေသန်း ၁၁၀ ခန့်ရှိသည့်အနက် လက်ရှိတွင် ကိုဗစ်-၁၉ ရောဂါကူးစက်ခံရမှုရှိ၊ မရှိ စမ်းသပ်စစ်ဆေးပြီးသူစုစုပေါင်း ၁၆ ဒသမ ၅ သန်းကျော်ရှိသွားပြီဖြစ်ကြောင်း သိရသည်။

**ကိုးကား-ဆင်ဟွာ**

**ဘာသာပြန်-အလင်းသစ်**



# တရုတ်နိုင်ငံထုတ် Sinovac ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးများ ချီလီနိုင်ငံ ထပ်မံလက်ခံရရှိ



**ဆန်တီယာဂို ဩဂုတ် ၂၁**
ချီလီနိုင်ငံသည် တရုတ်နိုင်ငံ၏ ဆေးဝါးကုမ္ပဏီ Sinovac က ထုတ်လုပ်သည့် Sinovac ကိုဗစ်–၁၉ ရောဂါကာကွယ်ဆေးများကို ယမန်နေ့တွင် ထပ်မံလက်ခံရရှိခဲ့ကြောင်း သိရသည်။

ဩဂုတ် ၂၀ ရက်တွင် ဆန်တီယာဂိုအပြည်ပြည်ဆိုင်ရာလေဆိပ်သို့ Sinovac ကိုဗစ်–၁၉ ရောဂါကာကွယ်ဆေးများ ထပ်မံရောက်ရှိလာခဲ့ခြင်းကြောင့် ချီလီနိုင်ငံရှိ ပြည်သူအများအပြားအား ကိုဗစ်–၁၉ ရောဂါကာကွယ်ဆေး ထိုးနှံပေးနိုင်တော့မည်ဖြစ်ကြောင်း ချီလီနိုင်ငံ ကျန်းမာရေးဝန်ကြီးဌာနမှ ဒုတိယဝန်ကြီး ပေါလာဒါဇာက ပြောကြားသည်။

ချီလီနိုင်ငံသည် တရုတ်နိုင်ငံထုတ် Sinovac ကိုဗစ်–၁၉ ရောဂါကာကွယ်ဆေးကို နိုင်ငံအတွင်း၌ အရေးပေါ်အသုံးပြုရန် ယခုနှစ်အစောပိုင်းတွင် အတည်ပြုပေးခဲ့ပြီးနောက် အသက် ၁၈ နှစ်အထက် အသက်အရွယ်ရှိသူများအား ထိုးနှံပေးလျက်ရှိကြောင်း သိရသည်။

လက်ရှိတွင် ချီလီနိုင်ငံသည် နိုင်ငံအသီးသီးမှ ကိုဗစ်–၁၉ ရောဂါကာကွယ်ဆေးအလုံးရေစုစုပေါင်း ၃၁ ဒသမ ၄ သန်းကျော်လက်ခံရရှိခဲ့ပြီးဖြစ်ကြောင်း သိရသည်။ ချီလီနိုင်ငံ၌ ကိုဗစ်–၁၉ ရောဂါ ကာကွယ်ဆေးထိုးနှံပေးရန် ရည်ရွယ်ထားသည့် ပြည်သူများအနက်မှ ၈၄ ရာခိုင်နှုန်းအထိ ကိုဗစ်–၁၉ ရောဂါကာကွယ်ဆေးနှစ်ကြိမ်စလုံး ထိုးနှံပေးပြီးဖြစ်ကြောင်း ချီလီနိုင်ငံအစိုးရက ပြောကြားသည်။

**ကိုးကား – ဆင်ဟွာ**
**ဘာသာပြန် – အလင်းသစ်**

# ရုရှားနိုင်ငံ၌ ကိုဗစ်-၁၉ ရောဂါကူးစက်ခံရသူပေါင်း ၆ ဒသမ ၇၂ သန်းကျော်ရှိလာ

**မော်စကို ဩဂုတ် ၂၁**
ရုရှားနိုင်ငံ၌ လွန်ခဲ့သည့်တစ်ရက်အတွင်း ကိုဗစ်–၁၉ ရောဂါကူးစက်ခံရသူ ၂၁၀၀၀ ထပ်မံတွေ့ရှိခြင်းကြောင့် တစ်နိုင်ငံလုံးအတိုင်းအတာအရ ကိုဗစ်–၁၉ ရောဂါကူးစက်ခံရသူစုစုပေါင်း ၆၇၂၆၅၂၃ ဦးရှိလာကြောင်း ရုရှားနိုင်ငံ၏ ကိုဗစ်–၁၉ ရောဂါစောင့်ကြည့်ရေးနှင့် တုံ့ပြန်ရေးစင်တာ၏ ယနေ့ ပြောကြားချက်အရ သိရသည်။

ထို့ပြင် ရုရှားနိုင်ငံ၌ လွန်ခဲ့သည့်တစ်ရက်အတွင်း ကိုဗစ်–၁၉ ရောဂါကြောင့် သေဆုံးသူ ၇၉၇ ဦးရှိခြင်းကြောင့် သေဆုံးသူစုစုပေါင်း ၁၇၅၂၈၂ ဦးရှိလာကြောင်းနှင့် ကိုဗစ်–၁၉ ရောဂါမှ ပြန်လည်ကျန်းမာလာသဖြင့် ဆေးရုံအသီးသီးမှ ဆင်းခွင့်ရရှိသူ ၂၀၆၄၇ ဦးရှိခြင်းကြောင့် ပြန်လည်ကျန်းမာလာသူစုစုပေါင်း ၆၀၀၄၀၅၂ ဦးရှိလာကြောင်း သိရသည်။

ရုရှားနိုင်ငံ၏ ကိုဗစ်–၁၉ ရောဂါစောင့်ကြည့်ရေးနှင့် တုံ့ပြန်ရေးစင်တာ၏ ပြောကြားချက်အရ မြို့တော်မော်စကိုသည် ရုရှားနိုင်ငံ၌ ကိုဗစ်–၁၉ ရောဂါကူးစက်ခံရမှု အများဆုံးဒေသဖြစ်ကြောင်းနှင့် လွန်ခဲ့သည့်တစ်ရက်အတွင်း ကိုဗစ်–၁၉ ရောဂါကူးစက်ခံရသူ ၁၈၅၂ ဦးထပ်မံတွေ့ရှိခြင်းကြောင့် ကူးစက်ခံရသူစုစုပေါင်း ၁၅၅၃၁၆၃ ဦးရှိလာကြောင်း သိရသည်။

လက်ရှိတွင် ရုရှားနိုင်ငံ၌ ကိုဗစ်–၁၉ ရောဂါကာကွယ်ဆေးနှစ်ကြိမ်စလုံးထိုးနှံပြီးသူ ၃၄ သန်းကျော်ရှိသွားပြီဖြစ်ကြောင်းလည်း ရုရှားနိုင်ငံ၏ ကိုဗစ်–၁၉ ရောဂါစောင့်ကြည့်ရေးနှင့် တုံ့ပြန်ရေးစင်တာက ပြောကြားသည်။

**ကိုးကား – ဆင်ဟွာ**
**ဘာသာပြန် – အလင်းသစ်**





# မလေးရှားနိုင်ငံ၌ တစ်ရက်အတွင်း ကိုဗစ်–၁၉ ရောဂါကူးစက်ခံရသူ ၂၂၆၂ ဦးရှိ

**ကွာလာလမ်ပူ ဩဂုတ် ၂၁**
မလေးရှားနိုင်ငံ၌ ယနေ့တွင် ကိုဗစ်–၁၉ ရောဂါကူးစက်ခံရသူ ၂၂၆၂ ဦးရှိခြင်းကြောင့် နိုင်ငံတစ်ဝန်း၌ ရောဂါကူးစက်ခံရသူစုစုပေါင်း ၁၅၃၅၂၈၆ ဦးရှိလာကြောင်း မလေးရှားကျန်းမာရေးဝန်ကြီးဌာနက သတင်းထုတ်ပြန်သည်။

အဆိုပါတစ်ရက်အတွင်း ကိုဗစ်–၁၉ ရောဂါကူးစက်ခံရသူ ၂၂၆၂ ဦးအနက်မှ ၂၂၂၂ ဦးသည် ပြည်တွင်း၌ ကူးစက်ခံရသူများဖြစ်ကြောင်းနှင့် ၄၀ သည် ပြည်ပမှ ပြန်လာသူများအနက်မှ ကူးစက်ခံရသူများဖြစ်ကြောင်း မလေးရှားကျန်းမာရေးဝန်ကြီးဌာနမှ ညွှန်ကြားရေးမှူးချုပ် နော်ဟာစ်ရှမ်အဗ္ဗဒူလာက သတင်းစာရှင်းလင်းပွဲတစ်ရပ်တွင် ပြောကြားသည်။

ထို့ပြင် မလေးရှားနိုင်ငံ၌ ကိုဗစ်–၁၉ ရောဂါကြောင့်သေဆုံးသူ ၂၂၃ ဦးထပ်မံတိုးလာခြင်းကြောင့် တစ်နိုင်ငံလုံး အတိုင်းအတာအရ ကိုဗစ်–၁၉ ရောဂါကြောင့် သေဆုံးသူစုစုပေါင်း ၁၃၉၃၆ ဦးရှိလာကြောင်း သိရသည်။

မလေးရှားနိုင်ငံ၌ ကိုဗစ်–၁၉ ရောဂါမှ ပြန်လည်ကျန်းမာလာသဖြင့် ဆေးရုံများမှဆင်းခွင့်ရရှိသူ ၁၈၅၇၆ ဦးရှိခြင်းကြောင့် ပြန်လည် ကျန်းမာလာသူစုစုပေါင်း ၁၂၆၀၄၇၀ ရှိလာကြောင်း နှင့် ယင်းအရေအတွက်သည် မလေးရှားနိုင်ငံ ကိုဗစ်–၁၉ ရောဂါကူးစက်ခံရသူစုစုပေါင်း၏ ၈၂ ဒသမ ၁ ရာခိုင်နှုန်းရှိကြောင်း သိရသည်။

လက်ရှိတွင် မလေးရှားနိုင်ငံ၌ ကိုဗစ်–၁၉ ရောဂါပိုးတွေ့ရှိဆဲလူနာစုစုပေါင်း ၂၆၀၈၈၀ ရှိကြောင်း၊ ယင်းတို့အနက် ၁၀၃၅ ဦးသည် အထူးကြပ်မတ်ကုသဆောင်များ၌ ဆေးဝါးကုသမှုခံယူလျက်ရှိသူများဖြစ်ကြောင်းနှင့် ၅၁၃ ဦးသည် အသက်ရှူအထောက်အကူပြုကိရိယာများ လိုအပ်လျက်ရှိကြောင်း သိရသည်။**ကိုးကား – ဆင်ဟွာ၊ ဘာသာပြန် – အလင်းသစ်**

# အီရန်နိုင်ငံ၌ တစ်ရက်အတွင်း ကိုဗစ်-၁၉ ရောဂါကူးစက်ခံရသူ ၂၈၈၃၃ ဦးရှိ

**တီဟီရန် ဩဂုတ် ၂၁**
အီရန်နိုင်ငံ၌ ယမန်နေ့တွင် ကိုဗစ်–၁၉ ရောဂါကူးစက်ခံရသူ ၂၈၈၃၃ ဦးရှိခြင်းကြောင့် နိုင်ငံတစ်ဝန်း၌ ကိုဗစ်–၁၉ ရောဂါကူးစက်ခံရသူစုစုပေါင်း ၄၆၁၆၅၁၆ ဦး ရှိလာကြောင်း အီရန်နိုင်ငံ၏ ကျန်းမာရေးနှင့် ဆေးဘက်ဆိုင်ရာ ပညာရေးဝန်ကြီးဌာနက ပြောကြားသည်။

ထို့ပြင် အီရန်နိုင်ငံ၌ လွန်ခဲ့သည့် တစ်ရက်အတွင်း ကိုဗစ်–၁၉ ရောဂါကြောင့် သေဆုံးသူ ၅၅၅ ဦးထပ်မံတိုးလာခြင်းကြောင့် သေဆုံးသူစုစုပေါင်း ၁၀၀၈၁၀ ရှိလာကြောင်း အဆိုပါဝန်ကြီးဌာနက သတင်းစာရှင်းလင်းပွဲတစ်ရပ်တွင် ပြောကြားသည်။

လက်ရှိတွင် အီရန်နိုင်ငံ၌ ကိုဗစ်–၁၉ ရောဂါမှ ပြန်လည်ကျန်းမာလာသဖြင့် ဆေးရုံများမှ ဆင်းခွင့်ရရှိသူ စုစုပေါင်း ၃၈၆၈၁၉၆ ဦးရှိကြောင်းနှင့် အထူးကြပ်မတ်ကုသဆောင်များ၌ ဆေးဝါးကုသမှုခံယူလျက်ရှိသူစုစုပေါင်း ၇၅၈၇ ဦးရှိကြောင်း သိရသည်။

အီရန်နိုင်ငံ၌ ဩဂုတ် ၂၀ ရက်အထိ ကိုဗစ်–၁၉ ရောဂါ ကာကွယ်ဆေး အနည်းဆုံး တစ်ကြိမ်ထိုးနှံပြီးသူ ၁၆၃၇၈၃၃၁ ဦးရှိကြောင်းနှင့် ကိုဗစ်–၁၉ ရောဂါကာကွယ်ဆေး နှစ်ကြိမ်စလုံးထိုးနှံပြီးသူ ၅၄၂၇၅၄၈ ဦးရှိကြောင်း သိရသည်။

**ကိုးကား–ဆင်ဟွာ**
**ဘာသာပြန်–အလင်းသစ်**

## ကမ္ဘာ့တစ်ဝန်း ကိုဗစ်–၁၉ ရောဂါဆိုင်ရာ နောက်ဆုံးအခြေအနေ

| | |
|---|---|
| ဗိုင်းရပ်စ်ပိုးကူးစက်ခံရသူ | ၂၁၁၇၃၉၅၃၆ ဦး |
| သေဆုံးသူ | ၄၄၃၁၈၂၁ ဦး |
| ပြန်လည်ကျန်းမာလာသူ | ၁၈၉၄၈၂၆၄၂ ဦး |

# နောင်ချိုမြို့နယ်၌ ငွေကျပ်သိန်း ၂၉၀၀ ကျော်တန်ဖိုးရှိ မူးယစ်ဆေးဝါးများ သိမ်းဆည်းရမိ

**နေပြည်တော် ဩဂုတ် ၂၁**

ရှမ်းပြည်နယ်(မြောက်ပိုင်း) နောင်ချိုမြို့နယ်တွင် ငွေကျပ် သိန်း ၂၉၀၀ ကျော် တန်ဖိုးရှိ မူးယစ်ဆေးဝါးများ သိမ်းဆည်းရမိခဲ့ကြောင်း သိရသည်။

**စစ်ဆေးဖော်ထုတ်လျက်ရှိ**

လုံခြုံရေးတပ်ဖွဲ့ဝင်များ ပါဝင်သော ပူးပေါင်းအဖွဲ့သည် ယမန်နေ့ ည ၁၁ နာရီတွင် နောင်ချိုမြို့နယ် မူဆယ်-မန္တလေးသွားကားလမ်း အိုရီယမ်တယ်တိုးဂိတ်အနီး၌ ကျောက်မဲမှ မန္တလေးသို့ ဝေမင်းဟန် မောင်းနှင်ပြီး ငြိမ်းချမ်းလိုက်ပါလာသည့် ခြောက်ဘီးကွန်တိန်နာယာဉ်ကို သတင်းအရရှာဖွေရာ ဒေသကာလတန်ဖိုး ငွေကျပ်သိန်း ၂၉၀၀ ကျော် တန်ဖိုးရှိ ဘိန်းဖြူအလေးချိန် ၁၆ ဒသမ ၅ ကီလို၊ စိတ်ကြွရူးသွပ်ဆေးပြား ၅၄၀၀၀၊ ဘိန်းကီလို ၃၀ တို့ကို သိမ်းဆည်းရမိခဲ့သည်။ စစ်ဆေးပေါ်ပေါက်ချက်အရ အဆိုပါ မူးယစ်ဆေးဝါးများကို ရှမ်းပြည်နယ်(မြောက်ပိုင်း) ကျောက်မဲမြို့နယ်မှ မန္တလေးမြို့သို့ သယ်ဆောင်ခြင်းဖြစ်ကြောင်း သိရသဖြင့် ၎င်းတို့အား မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာဥပဒေအရ အရေးယူထားပြီး ကွင်းဆက်ပြစ်မှုကျူးလွန်သူများကို စစ်ဆေးဖော်ထုတ်လျက်ရှိကြောင်း သိရသည်။



ဝေမင်းဟန်နှင့် ငြိမ်းချမ်းတို့ကို သိမ်းဆည်းရမိသည့် မူးယစ်ဆေးဝါးများနှင့်အတူ တွေ့ရစဉ်။

သတင်းစဉ်

# ဝိုင်းမော်၊ ကမာရွတ်၊ မြောက်ဥက္ကလာပနှင့် ရှားမြို့နယ်တို့၌ မူးယစ်ဆေးဝါးများ သိမ်းဆည်းရမိ

**နေပြည်တော် ဩဂုတ် ၂၁**

မူးယစ်ဆေးဝါး တားဆီးနှိမ်နင်းရေး တပ်ဖွဲ့ဝင်များ ပါဝင်သော ပူးပေါင်းအဖွဲ့သည် ယမန်နေ့ နံနက် ၈ နာရီ ၄၅ မိနစ်တွင် ဝိုင်းမော်မြို့ အမှတ်(၃)ရပ်ကွက်ရှိ မထွေးကြည်၏ နေအိမ်သို့ ဝင်ရောက်ရှာဖွေရာ ဘိန်းဖြူ သုည ဒသမ ၃၃ ကီလိုကိုလည်းကောင်း။

အလားတူ ယင်းနေ့ နံနက် ၁၁ နာရီတွင် မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် ကမာရွတ်မြို့နယ် အမှတ်(၃)ရပ်ကွက် ဦးလှော်ခြံလမ်း အိမ်အမှတ် (၁၇)ရှိ ကိုမောင်၏ နေအိမ်သို့ ဝင်ရောက်ရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၁၅၄ ပြား၊ အိုက်စ် သုည ဒသမ ၀၀၃ ကီလိုနှင့် ဆေးခြောက် သုည ဒသမ ၀၁၅ ကီလိုကိုလည်းကောင်း၊ ဆက်လက်၍ မွန်းလွဲ ၂ နာရီတွင် အဆိုပါနေအိမ်ရှေ့သို့ သက်စိုးဟိန်း(ခ)မွန်ကြီး မောင်းနှင်ပြီး ပိုင်စိုးဦး(ခ) ပိုင်စိုးနှင့် အောင်ဝေဖြိုးတို့ လိုက်ပါလာသည့်ယာဉ် ရောက်ရှိလာသဖြင့် စစ်ဆေးရှာဖွေရာ ပိုင်စိုးဦး (ခ)ပိုင်စိုးထံမှ စိတ်ကြွရူးသွပ်ဆေးပြား ၂၂၄၀ တို့ကိုလည်းကောင်း၊ ဆက်လက်၍ ညနေပိုင်းတွင် ပိုင်စိုးဦး(ခ)ပိုင်စိုး နေထိုင်သည့် မြောက်ဥက္ကလာပမြို့နယ် (ဃ)ရပ်ကွက် နွယ်နီ(၄)လမ်း တိုက်အမှတ်(၅၀၅) (၆)လွှာရှိ တိုက်ခန်းသို့ဝင်ရောက်ရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၁၈၀၀ ကိုလည်းကောင်း။

ထို့အတူ ယင်းနေ့ မွန်းလွဲ ၂ နာရီတွင် မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် ရှားမြို့နယ် အောင်ပန်း-ရှားသွားကားလမ်း မိုင်တိုင် (၄၇/၄) အနီးတွင် စိုးမိုးဝင်း(ခ)ဖိုးလုံး မောင်းနှင်လာသည့် ဆိုင်ကယ်ကို ရပ်တန့်စစ်ဆေးရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၁၀၀၀၀ ကိုလည်းကောင်း သိမ်းဆည်းရမိခဲ့သဖြင့် ၎င်းတို့အား မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာ ဥပဒေအရ အရေးယူထားကြောင်း သိရသည်။



ကိုမောင်၊ အောင်ဝေဖြိုး၊ ပိုင်စိုးဦး(ခ)ပိုင်စိုး၊ သက်စိုးဟိန်း(ခ)မွန်ကြီး တို့အား သိမ်းဆည်းရမိသည့် မူးယစ်ဆေးဝါးများနှင့်အတူ တွေ့ရစဉ်။

ရဲပြန်ကြား

## ဖားကန့်မြို့နယ် သာယာကုန်းကျေးရွာ၌ ရေမဆေးကျောက်ရှာဖွေသူ သုံးဦး မြေစာပိပျောက်ဆုံး

**ဖားကန့် ဩဂုတ် ၂၁**

ကချင်ပြည်နယ် ဖားကန့်မြို့နယ် လုံးခင်းကျေးရွာအုပ်စု သာယာကုန်း ကျေးရွာအနီးရှိ ကျောက်မျက်လုပ်ကွက်ဟောင်းတွင် ယမန်နေ့က အမြင့်ပေ ၂၀၀ ခန့်ရှိ ကမ်းပါးယံပြိုကျမှုကြောင့် ကမ်းပါးယံအောက်တွင် ရေမဆေးကျောက်ရှာဖွေသူ အမျိုးသား သုံးဦး မြေစာပိပျောက်ဆုံးကြောင်း မိုးညှင်းခရိုင် မီးသတ်ဦးစီးဌာနမှ သိရသည်။

ဖြစ်စဉ်မှာ ယမန်နေ့ ညနေ ၄ နာရီခွဲက သာယာကုန်းကျေးရွာအနီးရှိ နဂါးကိုးကောင် ကျောက်မျက်တူးဖော်ရေးကုမ္ပဏီ လုပ်ကွက်ဟောင်းရှိ အမြင့်ပေ ၂၀၀ ခန့်မှ မြေစာများမှာ မိုးများ၍ ပြိုကျခဲ့ရာ မြေစာပုံအောက်ခြေတွင် ရေမဆေးကျောက်ရှာဖွေနေသူ အမျိုးသားသုံးဦး မြေပြိုကျသည့်အောက်တွင် ပိနေကြောင်း သတင်းအရ သာယာကုန်းကျေးရွာ အရန်မီးသတ်စခန်းမှ မီးသတ်တပ်ဖွဲ့ဝင်များက ရှာဖွေကယ်ဆယ်ရေးလုပ်ငန်းများ ဆောင်ရွက်ခဲ့ရာ အမျိုးသားတစ်ဦး၏ ရုပ်အလောင်းကို ရှာဖွေတွေ့ရှိခဲ့သည်။

ကျန်ရှိသူနှစ်ဦးကို ယနေ့ နံနက် ၈ နာရီမှစတင်၍ လုံးခင်းနယ်မြေ မီးသတ်စခန်းမှ တပ်ဖွဲ့ဝင်များက သာယာကုန်းကျေးရွာ အရန်မီးသတ် တပ်ဖွဲ့ဝင်များနှင့်အတူ ရှာဖွေကယ်ဆယ်ရေးလုပ်ငန်းများ ဆက်လက်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

မိုးဃ်းကျ(မြစ်ကြီးနား)

## တရားမဝင်ကုန်စည်များ တားဆီးထိန်းချုပ်ရေးဆောင်ရွက်လျက်ရှိ

**နေပြည်တော် ဩဂုတ် ၂၁**

တရားမဝင်ကုန်စည်များ တားဆီးထိန်းချုပ်ရေးအတွက် ရေပူနှင့်မရမ်းချောင် အမြဲတမ်းစစ်ဆေးရေးစခန်းတို့အား ဌာနဆိုင်ရာ ပူးပေါင်းအဖွဲ့များဖြင့် ၂၀၁၇ ခုနှစ် မတ် ၁ ရက်တွင် စတင်ဖွင့်လှစ်ဆောင်ရွက်ခဲ့ပြီး ဩဂုတ် ၂၀ ရက်တွင် မန္တလေး-မူဆယ်ပြည်ထောင်စုလမ်းမကြီး တစ်လျှောက် ကုန်သွယ်မှုယာဉ် ပို့ကုန် ၁၂၃ စီး၊ သွင်းကုန် ခုနစ်စီး၊ ရန်ကုန်-မြဝတီလမ်းမကြီးတစ်လျှောက် ကုန်သွယ်မှုယာဉ် သွင်းကုန် ၂၅၀ ကုန်စည်များ သယ်ယူပို့ဆောင်လျက်ရှိသည်။

အဆိုပါ စစ်ဆေးရေးစခန်းတွင် တင်သွင်း/တင်ပို့သော ကုန်ပစ္စည်းများအား စစ်ဆေးမှုများ ပြုလုပ်ဆောင်ရွက်လျက်ရှိရာ ဩဂုတ် ၂၀ ရက်တွင် မရမ်းချောင်အမြဲတမ်းစစ်ဆေးရေးစခန်းမှ တားဆီးမှု နှစ်မှု (ခန့်မှန်းတန်ဖိုးငွေကျပ် ၁ ဒသမ ၇၆၇ သန်း တန်ဖိုးရှိ ) တရားဝင်စာရွက်စာတမ်း တစ်စုံတစ်ရာ တင်ပြနိုင်ခြင်းမရှိသော ပုဇွန်နှစ်ကောင်စားဆီ (5Lx4)(50 Pkgs)နှင့် ထိုင်းနိုင်ငံထုတ် Empty Iron Drum (90 U)အား သိမ်းဆည်းရမိခဲ့ကြောင်း သိရသည်။

သတင်းစဉ်

## မြန်မာ့အသံနှင့်ရုပ်မြင်သံကြား

MRTV

၂၃:၃၀ MRTV National News

mitv

07:01 News
07:27 The Caves
07:43 Taung Byone Nat Festival (Ep-5)
07:56 The Art of Making Paper Toys
08:00 Kayah Traditional Dance
08:13 International Dances in Myanmar
08:47 Today Myanmar
08:54 Scented Buddha Images
09:01 Let's Taste Delicious Insects: Cricket Samosas, Pounded Crickets and Potato
09:20 Handmade Artisan Ye Linn Oo
09:35 Kyaikkale pagoda
09:48 Betel Nut Farmer
11:00 Myanmar Family Life

MRTV Sports

Sports News
Soccer View/ Weekly Sports Info

MRTV Farmers' Channel
Education Channel
SCAN ME
www.mrtv.gov.mm
twitter.com/mrtvwebportal
t.me/mrtvnews

# မန္တလေးမြို့အတွင်း PDF အကြမ်းဖက်အဖွဲ့ဝင်များနှင့် လက်နက်/ခဲယမ်းများ ဖမ်းဆီးရမိ

**နေပြည်တော် ဩဂုတ် ၂၁**

အကြမ်းဖက်တိုက်ခိုက်မှုဖြစ်စဉ်များ ဖြစ်ပွားမှုမရှိစေရေးအတွက် လုံခြုံရေးတပ်ဖွဲ့ဝင်များဖြင့် စစ်ဆေးရှာဖွေမှုများ ဆောင်ရွက်လျက်ရှိရာ ဇူလိုင် ၃၁ ရက်တွင် ပြင်ဦးလွင်မြို့နယ် ပြင်စာကျေးရွာအနီး၌ PDF အဖွဲ့ဝင်များအား တိုင်းရင်းသားလက်နက်ကိုင် နယ်မြေများအတွင်းသို့ အကြမ်းဖက်သင်တန်းများ တက်ရောက်ရန်အတွက် စေလွှတ်လျက်ရှိသူ ဇော်နိုးနှင့် စိုးသူဝင်းတို့ နှစ်ဦးကို ဖမ်းဆီးရမိခဲ့သည်။

ဆက်လက်ပြီး ပြင်ဦးလွင်မြို့နယ် အောင်ချမ်းသာကျေးရွာ၌ ဆက်စပ်တရားခံများဖြစ်သော ထက်ပိုင်ကျော်၊ ရဲရင့်သူ၊ ကျော်ဇင်သောင်း(ခ) ပီလီ၊ အောင်ဇင်ဟိန်းနှင့် ဝါဝါထက်တို့ ငါးဦးကို ဩဂုတ် ၁ ရက်တွင် ထပ်မံဖမ်းဆီးရမိခဲ့သည်။

ဖမ်းဆီးရမိ ကျော်ဇင်သောင်း(ခ)ပီလီ၏ ထွက်ဆိုချက်အရ မဟာအောင်မြေမြို့နယ် သံလျက်မော်အနောက်ရပ်ကွက်၌ မဟာအောင်မြေမြို့နယ် PDF အဖွဲ့ခေါင်းဆောင်ဖြစ်သူ ထက်နောင်ဝင်းကို ဖမ်းဆီးရမိခဲ့ပြီး ၎င်း၏ ထွက်ဆိုချက်အရ အေးချမ်းသာကျောင်းတိုက်သို့ ဝင်ရောက်ရှာဖွေခဲ့ရာ ချေမှုန်းရေးရိုင်ဖယ် တစ်လက်၊ ကျည်အိမ်လေးခု၊ ၎င်းကျည် ၂၀၉ တောင့်၊ MG 1 လက်ပစ်ဗုံး တစ်လုံး၊ ပြောက်ကျားစစ်ချပ်ဝတ် တစ်စုံကို သိမ်းဆည်းရမိခဲ့သည်။ အလားတူ ချမ်းမြသာစည်မြို့နယ်၊ ထွန်းတုံးရပ်ကွက်၌ စိုးပြည့်အောင်၊ ဗိုလ်ဗိုလ်မြင့်သူ(ခ)ဗိုလ်ဗိုလ်၊ အောင်မင်းထက်၊ ဇူးဇူး(ခ)ဆုစန္ဒီဇော်တို့ လေးဦးကို လက်လုပ်မိုင်း တစ်လုံး၊ လက်လုပ်မိုင်းပြုလုပ်သည့် ဆက်စပ်ပစ္စည်းများနှင့်အတူ ထပ်မံဖမ်းဆီးရမိခဲ့သည်။

ဖမ်းဆီးရမိသူဝါဝါထက်၏ ထွက်ဆိုချက်အရ ၎င်းထံမှ လက်လုပ်ဗုံးများယူဆောင်၍ ပြင်ဦးလွင်မြို့နယ်အတွင်း ဖောက်ခွဲရေးလုပ်ငန်းများ လုပ်ဆောင်နေသူ အောင်ကျော်သိန်း(ခ)နောင်နောင်ကို ဩဂုတ် ၂ ရက်တွင် ပြင်ဦးလွင်မြို့၌ ထပ်မံဖမ်းဆီးရမိခဲ့သည်။

ဖမ်းဆီးရမိသူများ၏ ထွက်ဆိုချက်အရ ဖြစ်စဉ်နှင့် ဆက်စပ်သူများဖြစ်သည့် သီဟဝင်း(ခ)ကိုသီကို ပြင်ဦးလွင်မြို့ ရပ်ကွက်ကြီး(၁၇)၌လည်းကောင်း၊ သက်ဇော်ထွန်း(ခ)သက်ဇော်ကို ချမ်းမြသာစည်မြို့နယ် မြို့သစ်(၃)ရပ်ကွက်၌ လည်းကောင်း၊ မြတ်မင်းစိုး(ခ)အာလူး၊ မင်းချစ်ဇော်နှင့် မမေမြတ်နိုးတို့ သုံးဦးကို လက်လုပ်ဂက်စ်သေနတ် တစ်လက်၊ ကြိုးဆွဲလက်ပစ်ဗုံး ခြောက်လုံး၊ 91 လက်ပစ်ဗုံး သုံးလုံး၊ ချိန်ကိုက်မိုင်းပြုလုပ်ရန် Keypad ဖုန်း တစ်လုံး၊ လက်လုပ်ဗုံးပြုလုပ်ရန် သံပိုက် ၄၀ တို့နှင့်အတူ ပြင်ဦးလွင်မြို့နယ် ကျွဲနွားထောက်ကျေးရွာအနီး၌လည်းကောင်း ဩဂုတ် ၅ ရက်တွင် ထပ်မံဖမ်းဆီးရမိခဲ့သည်။

ဖမ်းဆီးရမိသူ သက်ဇော်ထွန်း(ခ)သက်ဇော်၏ ထွက်ဆိုချက်အရ ဆက်စပ်သူများဖြစ်သည့် ဘိုဘိုအောင်(ခ)ဘိုဘိုနှင့် အောင်သူဟိန်းတို့ကို ပြင်ဦးလွင်မြို့ အနီးစခန်း၌လည်းကောင်း၊ ပိုင်ဝဏ္ဏကို ရေငယ်ရွာ၌လည်းကောင်း ဩဂုတ် ၁၁ ရက်တွင် ဖမ်းဆီးရမိခဲ့ပြီး ဝိုင်းဝိုင်းလင်းထက်(ခ) ဝိုင်းဝိုင်းနှင့် ထွဋ်စစ်မှူးလွင်(ခ)ထွဋ်စစ်တို့ကို ပြင်ဦးလွင်မြို့ ရပ်ကွက်ကြီး(၁)၌ ဩဂုတ် ၁၄ ရက်တွင် ထပ်မံဖမ်းဆီးရမိခဲ့သည်။

ဇော်နိုး၏ ထွက်ဆိုချက်အရ ၎င်းအနေဖြင့် မဟာအောင်မြေမြို့နယ် NLD ပါတီဝင် ရဲမင်းဇော်နှင့် NUG ကာကွယ်ရေးဝန်ကြီး ရည်မွန်တို့နှင့် ချိတ်ဆက်၍ မန္တလေးတိုင်းအတွင်းမှ လူငယ်များအား KIA နယ်မြေအတွင်း ဖောက်ခွဲရေးသင်တန်းတက်ရောက်ရန်နှင့် အကြမ်းဖက်လုပ်ငန်းဆောင်ရွက်သူများအား စုဆောင်းစေလွှတ်သူဖြစ်ကြောင်း၊ လိုင်ဇာအနီး၌ ဖွင့်လှစ်ခဲ့သောဖောက်ခွဲရေးသင်တန်းတွင် ဇော်နိုး၊ စိုးသူဝင်း၊ ထက်နောင်ဝင်းနှင့် ထွဋ်စစ်မှူးလွင်တို့ တက်ရောက်ခဲ့ကြောင်း ဖော်ထုတ်သိရှိရသည်။

ထက်နောင်ဝင်းသည် KIA အဖွဲ့မှ ဖွင့်လှစ်သော ဖောက်ခွဲရေးသင်တန်းတက်ရောက်ခဲ့ပြီး သင်တန်းဆင်းချိန်တွင် အကြမ်းဖက်လုပ်ငန်းများပြုလုပ်ရန်ရည်ရွယ်၍ လက်နက်/ခဲယမ်းများ သယ်ဆောင်လာခဲ့ပြီး သိမ်းဆည်းထားရှိကာ အဖျက်လုပ်ငန်းများဆောင်ရွက်ရန် စီစဉ်ခဲ့ကြောင်းဖော်ထုတ်သိရှိရသည်။

အကြမ်းဖက်နှင့် ဖောက်ခွဲရေးသင်တန်း တက်ရောက်ပြီးသူများဖြစ်သော ၂၀၁၅ ခုနှစ် ပြည်ကြီးတံခွန်မြို့နယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်ဟောင်း NLD ပါတီဝင် ကျော်စိုးလင်းနှင့် ၂၀၁၅ ခုနှစ် ကောလင်းမြို့နယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်ဟောင်း NLD ပါတီဝင် မျိုးဇော်အောင်တို့က သင်တန်းဆင်းသူများအား မြို့နယ်အသီးသီးသို့ ပြန်လည်ရောက်ရှိပါက အစိုးရယန္တရား လည်ပတ်မှုမရှိစေရေး၊ စာသင်ကျောင်းများ ဖွင့်လှစ်နိုင်မှုမရှိစေရေးနှင့် ဒလန်များအား ရှင်းလင်းရေးတို့အတွက် အဓိကလုပ်ဆောင်သွားရန် စီစဉ်မှာကြားမှုများ ပြုလုပ်ခဲ့ကြောင်း ဖော်ထုတ်သိရှိရသည်။

ဖမ်းဆီးရမိသူများ၏ ထွက်ဆိုချက်အရ မေ ၁၉ ရက်တွင် မင်းချစ်ဇော်၊ သက်ဇော်ထွန်း(ခ)သက်၊ မြတ်မင်းစိုး(ခ)အာလူး၊ ဝိုင်းဝိုင်းလင်းထက်နှင့် ပိုင်ဝဏ္ဏတို့သည် နောင်ချိုမြို့နယ် ပန်ဝိုးလေးကျေးရွာအနီးရှိ TNLA သင်တန်းတွင် ဖောက်ခွဲရေးသင်တန်းကို အခြားသင်တန်းသားများနှင့်အတူ တက်ရောက်ခဲ့ကြောင်း၊ ဖမ်းဆီးရမိသူ ဇော်နိုးဦးဆောင်၍ စဉ့်ကူးမြို့နယ်အတွင်းဖွင့်လှစ်သော ဖောက်ခွဲရေးသင်တန်းကို အောင်ဇင်ဟိန်း၊ စိုးပြည့်အောင်နှင့် ဗိုလ်ဗိုလ်မြင့်သူတို့ တက်ရောက်ခဲ့ကြောင်း၊ စိုးပြည့်အောင်သည် ဖောက်ခွဲမှုများဆောင်ရွက်ရန် လက်ပစ်ဗုံးများအား သယ်ဆောင်ရောင်းချမှုများ **စာမျက်နှာ ၁၆ သို့** »»


ဇော်နိုး


စိုးသူဝင်း


ကျော်ဇင်သောင်း(ခ)ပီလီ


အောင်ဇင်ဟိန်း


ထက်ပိုင်ကျော်


ရဲရင့်သူ


ဝါဝါထက်


ထက်နောင်ဝင်း


စိုးပြည့်အောင်


ဗိုလ်ဗိုလ်မြင့်သူ(ခ) ဗိုလ်ဗိုလ်


အောင်ကျော်သိန်း(ခ)နောင်နောင်


သီဟဝင်း (ခ) ကိုသီ


အောင်မင်းထက်


ဇူးဇူး(ခ)ဆုစန္ဒီဇော်



သက်ဇော်ထွန်း(ခ) သက်ဇော်


မြတ်မင်းစိုး (ခ) အာလူး


မင်းချစ်ဇော်


မမေမြတ်နိုး


ဘိုဘိုအောင်(ခ) ဘိုဘို


အောင်သူဟိန်း


ပိုင်ဝဏ္ဏ


ဝိုင်းဝိုင်းလင်းထက် (ခ) ဝိုင်းဝိုင်း


ထွဋ်စစ်မှူးလွင် (ခ) ထွဋ်စစ်

# VOA နှင့် Frontier Myanmar သတင်းဌာနတို့၏ ပင်တိုင်ဆောင်းပါးရှင် အောင်ဆန်း(ခ)စည်သူအောင်မြင့်နှင့် BBC သတင်းဌာန အလွတ်တန်းသတင်းထောက် ထက်ထက်ခိုင် တို့အား ဖမ်းဆီးရမိ

**နေပြည်တော် ဩဂုတ် ၂၁**

အစိုးရနှင့် တပ်မတော်အပေါ် ပြည်သူလူထုမှ အထင်အမြင်လွဲမှားစေရန် သတင်းဌာနများနှင့် လူမှုကွန်ရက်တွင် ဝေဖန်ရေးသားမှုများပြုလုပ်နေပြီး ရာဇသတ်ကြီး ဥပဒေပုဒ်မ ၅၀၅-က ဖြင့် အမှုဖွင့်လှစ်ထားရှိသည့် VOA နှင့် Frontier Myanmar သတင်းဌာနတို့၏ ပင်တိုင်ဆောင်းပါးရှင် အောင်ဆန်း(ခ)စည်သူအောင်မြင့်နှင့် BBC သတင်းဌာန အလွတ်တန်း သတင်းထောက် ထက်ထက်ခိုင် တို့ကို ဩဂုတ် ၁၅ ရက် ညပိုင်းတွင် ရန်ကုန်တိုင်းဒေသကြီး ဗဟန်းမြို့နယ် ကိုယ့်မင်းကိုယ့်ချင်းရပ်ကွက် ကမ္ဘာအေးဘုရားလမ်း ရွှေဂုံရိပ်မွန်အိမ်ရာ တိုက်(၁၂) အခန်း(၉)၌ အတူတကွတွေ့ရှိသဖြင့် ဖမ်းဆီးစစ်ဆေးမှုများပြုလုပ်ခဲ့သည်။

**သတင်းမီဒီယာနှင့် ဝါဒဖြန့်ချိရေးလုပ်ငန်းများလုပ်ကိုင်**

တရားခံ အောင်ဆန်း(ခ)စည်သူအောင်မြင့်နှင့် ထက်ထက်ခိုင် တို့သည် ၂၀၂၂ ခုနှစ် မတ်လတတိယပတ်မှစ၍ အဆိုပါ ကမ္ဘာအေး ဘုရားလမ်းရှိ ရွှေဂုံရိပ်မွန်အိမ်ရာ တိုက်ခန်းတွင် သီးသန့် နှစ်ဦးတည်း အတူတကွနေထိုင်ကာ သတင်းမီဒီယာနှင့် ဝါဒဖြန့်ချိရေးလုပ်ငန်းများ ကို လုပ်ကိုင်ခဲ့ကြကြောင်း သိရသည်။

အောင်ဆန်း(ခ)စည်သူအောင်မြင့်သည် တပ်မတော်မှ နိုင်ငံတော် တာဝန်ကို ထိန်းသိမ်းပြီးနောက်ပိုင်း VOA သတင်းဌာနနှင့် Frontier



အောင်ဆန်း(ခ)စည်သူအောင်မြင့်



ထက်ထက်ခိုင်

Myanmar သတင်းဌာနများသို့ တပ်မတော်ကို ဝေဖန်ဆန့်ကျင်သည့် သတင်းနှင့်ဆောင်းပါးများ ရေးသားပေးပို့ခြင်း၊ လူမှုကွန်ရက်စာမျက်နှာ တွင် Sithu Aung Myint အမည်ဖြင့် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ကို ဝေဖန်သည့် ဆောင်းပါးများ၊ နိုင်ငံ့ဝန်ထမ်းများ CDM ပြုလုပ်လာ စေရန် စည်းရုံးလှုံ့ဆော်သည့် စာသားများ၊ အကြမ်းဖက်အဖွဲ့ အစည်း ဖြစ်သည့် NUG/CRPH တို့ကို ထောက်ခံရေးသားသော အကြောင်းအရာ များ၊ ပြည်သူလူထု အထင်အမြင်လွဲမှားစေနိုင်သည့် အခြေအမြစ်မရှိသော သတင်းများ နိုင်ငံတော်မှ အောင်ဘာလေထီ ရောင်းချခြင်းကို ပြည်သူ လူထု အသိအမြင်လွဲမှားစေရန် လှုံ့ဆော်ရေးသားခြင်းများ ဆောင်ရွက်ခဲ့ ကြောင်း သိရသည်။

**စိစစ်တွေ့ရှိ**

အလားတူ ထက်ထက်ခိုင်အနေဖြင့် ရာဇသတ်ကြီးဥပဒေပုဒ်မ ၅၀၅-က ဖြင့် အမှုဖွင့်လှစ်ထားရှိသော တရားခံ အောင်ဆန်း(ခ) စည်သူအောင်မြင့်ကို ၎င်း၏နေအိမ်တွင် ပုန်းရှောင်နေနိုင်ရန် လက်ခံ ထားရှိခြင်း၊ အကြမ်းဖက်အဖွဲ့အစည်းဖြစ်သည့် NUG မှ နေ့စဉ်ထုတ်လွှင့် သော Federal FM တွင် Volunteer အယ်ဒီတာအဖြစ် ဝင်ရောက် လုပ်ကိုင်ခဲ့ခြင်းများ ဆောင်ရွက်ခဲ့ကြောင်း စိစစ်တွေ့ရှိရသည်။

သို့ဖြစ်၍ တရားခံ အောင်ဆန်း(ခ)စည်သူအောင်မြင့်ကို ယခင် အမှုဖွင့်လှစ်ထားသည့် ရာဇသတ်ကြီး ဥပဒေပုဒ်မ ၅၀၅-က နှင့် ရာဇသတ်ကြီး ဥပဒေပုဒ်မ ၁၂၄(က) တို့ဖြင့်လည်းကောင်း၊ တရားခံ ထက်ထက်ခိုင်ကို မတရားအသင်းနှင့် ဆက်သွယ်ဆောင်ရွက်မှုဥပဒေပုဒ်မ ၁၇(၁)ဖြင့်လည်းကောင်း အမှုဖွင့်အရေးယူ ဆောင်ရွက်သွားမည် ဖြစ်ကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**

---

»»» စာမျက်နှာ ၁၅ မှ

ပြုလုပ်ခဲ့ပြီး လက်နက်ရောင်းဝယ်မှုများတွင်လည်း ပါဝင်ပတ်သက်ခဲ့ ကြောင်း၊ ဇော်နီးသည် ကျော်ဇင်သောင်း၊ ထွန်းတောက်နိုင်၊ မိုးတိမ်၊ တင်မောင်ထွေး(ဖမ်းဆီးရန်ကျန်)တို့နှင့်အတူ မန္တလေးမြို့အတွင်း အဖျက်လုပ်ငန်းများ လုပ်ဆောင်နိုင်ရေး ဦးဆောင်စီစဉ်ခဲ့မှုများတွင် ပါဝင်ခဲ့ကြောင်း၊ ဇော်နီးသည် တိမ်းရှောင်လျက်ရှိသည့် တင်မောင်ထွေး၊ မျိုးမင်းတို့နှင့်အတူ TNLA သောင်းကျန်းသူများထံမှ လက်ပစ်ဗုံး အလုံး ၂၅၀ အား သွားရောက်ယူဆောင်ရာတွင် ပူးပေါင်းပါဝင်ခဲ့ကြောင်း၊ ၎င်းသည် KIA အဖွဲ့စေခိုင်းမှုဖြင့် အစိုးရအဆောက်အအုံများနှင့် လူစည်ကားရာနေရာများအား ဖောက်ခွဲဖျက်ဆီးရန် စီစဉ်နေသူဖြစ် ကြောင်း၊ ဒလန်ရှင်းလင်းရေးအတွက် လက်နက်ငှားရမ်းမှုများ ပြုလုပ် ရာတွင် ပူးပေါင်းပါဝင်ခဲ့ကြောင်း၊ ဇွန်လတွင် ပုသိမ်ကြီးမြို့နယ်အတွင်း လုံခြုံရေးဆောင်ရွက်နေသော ရဲတပ်ဖွဲ့ဝင်နှစ်ဦးအား သေနတ်ဖြင့် ပစ်ခတ်ခဲ့သည့်ဖြစ်စဉ်တွင်လည်း တိမ်းရှောင်လျက်ရှိသည့် ဝေစိုးနှင့် အတူ ပူးပေါင်းပါဝင်ဆောင်ရွက်ခဲ့ကြောင်း ဖော်ထုတ်သိရှိရသည်။

ထို့ပြင် အောင်ကျော်သိန်း(ခ)နောင်နောင်နှင့် သက်ဇော်ထွန်း(ခ) သေက် တို့သည် ဇူလိုင် ၂၀ ရက်တွင် အနီးစခန်းရဲကင်းနှင့် ဇွန် ၁၂ ရက်တွင် ရပ်ကွက်ကြီး(၅) ပြည်တော်သာလမ်းထိပ် ရပ်ကွက်ရုံးတို့ကို လက်လုပ် မိုင်းဖြင့် ပစ်ခတ်ရာတွင် ပူးပေါင်းပါဝင်ကျူးလွန်ထားသူများဖြစ် ကြောင်း၊ မြတ်မင်းစိုးသည် ဇူလိုင် ၁၈ ရက်တွင် တပ်မတော်နည်းပညာ တက္ကသိုလ်အနီး၌ လက်လုပ်မိုင်းဖောက်ခွဲမှုတွင် ပူးပေါင်းပါဝင်ကျူးလွန် သူများဖြစ်ကြောင်း ဖော်ထုတ်သိရှိရသည်။

ဖမ်းဆီးရမိသူ ကျော်ဇင်သောင်း၏ ထွက်ဆိုချက်အရ ၂၀၂၂ ခုနှစ် ဧပြီလတွင် မန္တလေးမြို့ ၆၂ လမ်းတွင်ရှိသော အထွေထွေရောဂါကု ဆေးရုံကြီးရှေ့တွင် ဖောက်ခွဲမှုပြုလုပ်ခဲ့ပြီး ဗဟိုအမျိုးသမီးဆေးရုံတွင် လည်း ထပ်မံဖောက်ခွဲရန် စီစဉ်ထားကြောင်း၊ ဝါဝါထက်နှင့် ထက်ပိုင်ကျော် တို့သည် ချမ်းအေးသာစံမြို့နယ်ရှိ ၈၆ လမ်းနေအိမ်တွင် မီးပုလင်း အလုံး ၁၀၀ နှင့် လက်လုပ်မိုင်း အလုံး ၅၀ တို့ကို ပြုလုပ်ခြင်း၊ CRPH



မဟာအောင်မြေမြို့နယ် သာသနာ့ပိုင်ကျောင်းတိုက် အေးချမ်းသာ ကျောင်းတွင် လက်နက်/ခဲယမ်းများ သိမ်းဆည်းရမိသည့် မှတ်တမ်း ဓာတ်ပုံ။

အဖွဲ့နှင့် ချိတ်ဆက်၍ လက်လုပ်မိုင်း အလုံး ၈၀ ကို မှာယူပြီး ဖောက်ခွဲရေး ဆောင်ရွက်ရန်အတွက် ပြန်လည်ဖြန့်ခွဲပေးခြင်းတို့ကို ပြုလုပ်ရာတွင် ပါဝင်ခဲ့ကြောင်း၊ ဝါဝါထက်သည် တိမ်းရှောင်လျက်ရှိသည့် နှယ်နီလှိုင်နှင့် အတူ ဧပြီလတတိယပတ်အတွင်း အောင်မြေသာစံမြို့နယ် ကညန ရုံးရှေ့ ဗုံးပေါက်ကွဲမှုဖြစ်စဉ်၌ ၎င်းတို့ကိုယ်တိုင် ဗုံးဖောက်ခွဲရန် ပြုလုပ် စဉ် ပေါက်ကွဲခဲ့ပြီး ဒဏ်ရာရရှိခဲ့ခြင်းဖြစ်ကြောင်း ဖော်ထုတ်သိရှိရသည်။

ဖမ်းဆီးရမိသူ အောင်မင်းထက်၏ ထွက်ဆိုချက်အရ မေ ၂၉ ရက် တွင် ပြည်ကြီးတံခွန်မြို့နယ် အထက(၂၇)စာသင်ကျောင်း၊ ပညာရေးမှူး ရုံးနှင့် (ဈ)ရပ်ကွက် အုပ်ချုပ်ရေးမှူးရုံးများကို ဖောက်ခွဲရန်အတွက် ထွက်ပြေးတိမ်းရှောင်နေသူ မျိုးသီဟနှင့်အတူ ပူးပေါင်းဆောင်ရွက်ခဲ့ ကြောင်း ဖော်ထုတ်သိရှိရသည်။

သို့ဖြစ်ပါ၍ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေ စိုးမိုးရေးကို ထိခိုက်ပျက်ပြားအောင် အဖျက်အမှောင့်လုပ်ငန်းများ လုပ်ဆောင်ရန်နှင့် လုံခြုံရေးတပ်ဖွဲ့ဝင်များကို တိုက်ခိုက်ရန် လုပ်ဆောင်




ချမ်းမြသာစည်မြို့နယ် ထွန်းတုံးရပ်ကွက်ရှိ နေအိမ်တွင် သိမ်းဆည်းရမိသည့် လက်လုပ်မိုင်းနှင့် ဆက်စပ်ပစ္စည်းများ မှတ်တမ်းဓာတ်ပုံ။

မည့် ဇော်နီးအပါအဝင် မန္တလေးမြို့အတွင်းမှ PDF အဖွဲ့ဝင် စုစုပေါင်း ၂၃ ဦးကို ဖမ်းဆီးနိုင်ခဲ့ပြီး ချေမှုန်းရေးရိုင်ဖယ် တစ်လက်၊ လက်လုပ်ဂက်စ် သေနတ် တစ်လက်၊ ကျည်အိမ် လေးခု၊ ကျည် ၂၀၉ တောင့်၊ MG-1 လက်ပစ်ဗုံး တစ်လုံး၊ ကြိုးဆွဲလက်ပစ်ဗုံး ခြောက်လုံး၊ 91 လက်ပစ်ဗုံး သုံးလုံး၊ လက်လုပ်မိုင်း တစ်လုံး၊ လက်လုပ်မိုင်းပြုလုပ်ရန် သံပိုက် ၄၀ ဆက်စပ်ပစ္စည်းများနှင့် ဆန္ဒပြခဲ့ပစ္စည်းများကို သိမ်းဆည်းနိုင်ခဲ့ကာ ဖမ်းဆီးရမိသူများအား ဥပဒေအရ ထိရောက်စွာအရေးယူနိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်းနှင့် ဆက်စပ်သူများကို အမြန်ဆုံးဖမ်းဆီးရမိရေးအတွက် ၎င်းတို့ ပုန်းခိုရာနေရာများ၊ လှုပ်ရှား သွားလာနေထိုင်မှုသတင်းများရရှိပါက သက်ဆိုင်ရာသို့ လျှို့ဝှက်စွာ သတင်းပေးတိုင်ကြားနိုင်ပါကြောင်းနှင့် မြို့/ရွာများ အမြန်ဆုံးတည်ငြိမ် အေးချမ်းရေးအတွက် ပြည်သူတစ်ရပ်လုံး ပူးပေါင်းပါဝင် ကြိုးပမ်း ဆောင်ရွက်နိုင်ပါရန် မေတ္တာရပ်ခံထားသည်။

**သတင်းစဉ်**

---

# အကြမ်းဖက်ရာတွင်အသုံးပြုသည့် ပစ္စည်းများအား ရေစကြိုမြို့နယ်အတွင်းရှိ ဘုန်းတော်ကြီးကျောင်းဝင်းအတွင်းမှ ဖော်ထုတ်သိမ်းဆည်းရမိ



သိမ်းဆည်းရမိသည့် လက်လုပ်သေနတ်များ၊ လက်လုပ်မိုင်းများနှင့် ဆက်စပ်ပစ္စည်းများ၏ မှတ်တမ်းဓာတ်ပုံ။



တရားခံ ကျော်နိုင်

**နေပြည်တော် ဩဂုတ် ၂၁**

မကွေးတိုင်းဒေသကြီး ရေစကြိုမြို့နယ်နှင့် စစ်ကိုင်း တိုင်းဒေသကြီး မြောင်မြို့နယ်အစပ်ရှိ ကျေးရွာအချို့ တို့တွင် အကြမ်းဖက်သင်တန်းများပို့ချခြင်း၊ လက်လုပ် သေနတ်များ ပြုလုပ်ခြင်းတို့ကို လုပ်ဆောင်နေ ကြောင်း သတင်းအရ လုံခြုံရေးတပ်ဖွဲ့ဝင်များသည် လိုအပ်သည့် စုံစမ်းဖော်ထုတ်မှုများကို ဆောင်ရွက် ခဲ့ရာ ရေစကြိုမြို့နယ် ရွှေလုံကျေးရွာ ကမ္ဘာအေး ဘုန်းတော်ကြီးကျောင်းဝင်းအတွင်းမှ လက်နက် ခဲယမ်းများကို ယနေ့မွန်းလွဲပိုင်းတွင် ဖော်ထုတ် သိမ်းဆည်းရရှိခဲ့ကြောင်း သိရသည်။

ဖော်ထုတ်သိမ်းဆည်းရမိသည့် လက်နက် ခဲယမ်းများအနေဖြင့် လက်လုပ်စိန်ပြောင်း နှစ်လက်၊ လက်လုပ်ပခုံးထမ်းဒုံး တစ်လက်၊ တူမီး ၂၂ လက်၊ လက်လုပ်မိုင်း ပြုလုပ်ရာတွင် အသုံးပြုသည့် ယမ်းနှင့် ဆက်စပ်ပစ္စည်းများ၊ စနက်တံမျိုးစုံ ၂၀၀၊ လက်နက် နှင့် မိုင်းများပြုလုပ်ရာတွင် အသုံးပြုသည့် စက်ပစ္စည်း များကို သိမ်းဆည်းရမိခဲ့သည်။

လုံခြုံရေးတပ်ဖွဲ့ဝင်များအနေဖြင့် ဘုန်းတော်ကြီး ကျောင်းနှင့် ကျေးရွာပတ်ဝန်းကျင်တစ်ဝိုက်ကို ဆက်လက်ရှာဖွေဖော်ထုတ်ခဲ့ရာ ဦးကျော်နိုင်(၄၈)နှစ် မြစ်သာကျေးရွာနေထိုင်သူအား လက်လုပ်သေနတ် ပြုလုပ်နေသည့် မှတ်တမ်းဓာတ်ပုံများ ပါဝင်သည့် လက်ကိုင်ဖုန်းတစ်လုံးနှင့်အတူ ဖမ်းဆီးရမိခဲ့သည်။

ဖမ်းဆီးရမိသူအား တရားဥပဒေနှင့်အညီ ထိရောက်စွာအရေးယူနိုင်ရေးနှင့် ဆက်စပ်သူများကို ထပ်မံဖမ်းဆီးရမိရေး ဆက်လက်ဆောင်ရွက်သွား မည်ဖြစ်ကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**

# စစ်ကိုင်းမြို့နယ် ဆင်တပ်ကျေးရွာ အုပ်ချုပ်ရေးမှူး ဦးအောင်သောင်းကို သတ်ဖြတ်ခဲ့သည့် တရားခံများ ဖမ်းဆီးရမိ

**နေပြည်တော် ဩဂုတ် ၂၁**

စစ်ကိုင်းမြို့နယ် ဆင်တပ်ကျေးရွာ အုပ်ချုပ်ရေးမှူး ဦးအောင်သောင်းသည် ဩဂုတ် ၃ ရက်တွင် တစ်ရွာတည်းနေ ဦးအောင်ညွန့်နှင့်အတူ ဆိုင်ကယ်ဖြင့် စစ်ကိုင်းမြို့ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ရုံးမှ လစာထုတ်ပြီး ဆင်တပ်ကျေးရွာသို့ ပြန်လာစဉ် စစ်ကိုင်းမြို့နယ် ကံတလူဘုရားအနီး အရောက်၌ အကြမ်းဖက်သူ နှစ်ဦးက ဆိုင်ကယ်ဖြင့် လိုက်ပါလာပြီး ဦးအောင်သောင်းအား ဓားဖြင့် ထိုးခဲ့သဖြင့် ဦးအောင်သောင်းသည် ဓားဒဏ်ရာများဖြင့် နေရာတွင် သေဆုံးခဲ့ပြီး ဦးအောင်ညွန့်မှာ ထွက်ပြေးလွတ်မြောက်သည့် ဖြစ်စဉ်ဖြစ်ပွားခဲ့သည်။

**ဖမ်းဆီးရမိ**

အဆိုပါဖြစ်စဉ်နှင့်ပတ်သက်၍ တရားခံများကို ဖမ်းဆီးရမိရေး ဆောင်ရွက်ခဲ့ရာ ဩဂုတ် ၂၀ ရက်တွင် စစ်ကိုင်းမြို့နယ် အုန်းတောမြောက်ကျေးရွာအဝင်၌ လူသတ်မှုတွင်ပါဝင်သူ တရားခံ သန်းနိုင်စိုး "မြတ်နိုးဦး"လက်ဖက်ရည်ဆိုင်ပိုင်ရှင် ဆင်တပ်ကျေးရွာနေသူကို ဖမ်းဆီးရမိခဲ့ပြီး ၎င်း၏ ထွက်ဆိုချက်အရ ပြစ်မှုကျူးလွန်ရာတွင် အုန်းတောမြောက်ကျေးရွာနေသူများဖြစ်သည့် အောင်ဇော်မင်း(ခ)မင်းမင်း၊ အေးမင်းသက်၊ အောင်လင်းခန့်တို့ သုံးဦးနှင့် ချောင်းဦးကျေးရွာနေသူ ဘုန်းမြတ်နိုင်တို့ ပါဝင်ကြောင်း သိရှိရသဖြင့် ဖမ်းဆီးရမိရေးဆောင်ရွက်ခဲ့ရာ အောင်လင်းခန့်ကို အုန်းတောမြောက်ကျေးရွာရှိ ၎င်း၏နေအိမ်တွင် ဖမ်းဆီးရမိခဲ့သည်။

ယင်းနောက် ဆက်စပ်တရားခံများဖြစ်သော အောင်ဇော်မင်း(ခ)မင်းမင်းနှင့် အေးမင်းသက်တို့၏ နေအိမ်များသို့ သွားရောက်ဖမ်းဆီးခဲ့ရာ တရားခံများမှာ ထွက်ပြေးတိမ်းရှောင်နေပြီး အောင်ဇော်မင်း(ခ)မင်းမင်း၏ နေအိမ်အိပ်ခန်းအတွင်းရှိ ဗီရိုပေါ်မှ လူသတ်မှုကျူးလွန်ရာတွင် အသုံးပြုခဲ့သော သွေးစွန်းနေသည့် ဓားမြှောင် တစ်ချောင်းကို သက်သေခံပစ္စည်းအဖြစ် သိမ်းဆည်းရမိခဲ့ကြောင်း၊ ထို့နောက် တရားခံ ဘုန်းမြတ်နိုင်ကို သွားရောက်ဖမ်းဆီးခဲ့ရာ ချောင်းဦးကျေးရွာရှိ ၎င်း၏နေအိမ်၌ လက်လုပ်မိုင်း ကိုးလုံးနှင့်အတူ ဖမ်းဆီးရမိခဲ့ကြောင်း သိရှိရသည်။



စစ်ကိုင်းမြို့နယ် ဆင်တပ်ကျေးရွာအုပ်ချုပ်ရေးမှူး ဦးအောင်သောင်းကို သတ်ဖြတ်ခဲ့သည့် တရားခံ သုံးဦးတို့အား လက်လုပ်မိုင်း ကိုးလုံးနှင့်အတူ ဖမ်းဆီးရမိခဲ့သည့် မှတ်တမ်းဓာတ်ပုံ။

ဖမ်းဆီးရမိတရားခံများ၏ ထွက်ဆိုချက်အရ ဦးအောင်သောင်းကို သတ်ဖြတ်ရန် NLD ပါတီ အမာခံများဖြစ်သည့် ယခင်ဆင်တပ်ကျေးရွာ အုပ်ချုပ်ရေးမှူး (ဟောင်း) ခင်မောင်ကြည်(ဖမ်းဆီးရန်ကျန်)နှင့် ၎င်းကျေးရွာနေ ခင်မောင်ဦး(ဖမ်းဆီးရန်ကျန်)တို့က ငွေကျပ် ငါးသိန်းပေး၍ လုပ်ကြံခိုင်းခဲ့ခြင်းဖြစ်ကြောင်း သိရှိရသည်။

ဖမ်းဆီးရမိတရားခံများအနက် ဘုန်းမြတ်နိုင်သည် အောင်ဇော်မင်း(ခ)မင်းမင်း(ဖမ်းဆီးရန်ကျန်)၊ အောင်လင်းခန့်၊ အေးမင်းသက်(ဖမ်းဆီးရန်ကျန်)တို့နှင့်အတူ ဇွန်လခန့်တွင် စစ်ကိုင်းမြို့နယ် ပန်းချီကျေးရွာအနီး တောတွင်း၌ အကြမ်းဖက်ဖောက်ခွဲရေးသင်တန်း တက်ရောက်ခဲ့ကြောင်း၊ သင်တန်းဆင်းပြီးနောက် အကြမ်းဖက်လုပ်ငန်းများဆောင်ရွက်ရန် ဘုန်းမြတ်နိုင်သည် အောင်ဇော်မင်း(ခ)မင်းမင်းထံမှ လက်လုပ်မိုင်း ကိုးလုံးရရှိခဲ့ပြီး ၎င်းလက်လုပ်မိုင်းများနှင့်အတူ ဖမ်းဆီးခံခဲ့ရခြင်းဖြစ်ကြောင်း သိရှိရသည်။

**သတင်းပေးတိုင်ကြားနိုင်**

အထက်ပါ စစ်ကိုင်းမြို့နယ် ဆင်တပ်ကျေးရွာ အုပ်ချုပ်ရေးမှူး ဦးအောင်သောင်းကို သတ်ဖြတ်ခဲ့သည့် တရားခံ သုံးဦးအား လက်လုပ်မိုင်း ကိုးလုံး၊ လူသတ်မှုကျူးလွန်ရာတွင် အသုံးပြုခဲ့သည့် ဓားမြှောင် တစ်ချောင်းတို့နှင့်အတူ ဖမ်းဆီးရမိခဲ့ပြီး ၎င်းတို့အား ဥပဒေအရ ထိရောက်စွာအရေးယူနိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည် ဖြစ်ကြောင်း၊ ထို့အပြင် ပြစ်မှုကျူးလွန်ရာတွင် ပါဝင်သည့် ဆက်စပ်တရားခံ အောင်ဇော်မင်း(ခ)မင်းမင်း၊ အေးမင်းသက်နှင့် သတ်ဖြတ်ရန် ခိုင်းစေခဲ့သည့် NLD ပါတီအမာခံ ခင်မောင်ကြည်၊ ခင်မောင်ဦးတို့ကို အမြန်ဆုံး ဖမ်းဆီးရမိရေးအတွက် ၎င်းတို့ ပုန်းခိုရာနေရာများ၊ လှုပ်ရှားသွားလာနေထိုင်မှု သတင်းများရရှိပါက သက်ဆိုင်ရာသို့ လျှို့ဝှက်စွာ သတင်းပေးတိုင်ကြားနိုင်ပါကြောင်းနှင့် မြို့ရွာများ အမြန်ဆုံးအေးချမ်းတည်ငြိမ်ရေးအတွက် ပြည်သူတစ်ရပ်လုံး ပူးပေါင်းပါဝင် ကြိုးပမ်းဆောင်ရွက်နိုင်ပါရန် မေတ္တာရပ်ခံထားကြောင်း သိရသည်။

သတင်းစဉ်

# မန္တလေးတိုင်းဒေသကြီး ပါတ်ကုန်းဝန်းကျင် အုပ်ချုပ်ရေးမှူးကို လုပ်ကြံသတ်ဖြတ်ခဲ့သူများအား ဖမ်းဆီးရမိ

**နေပြည်တော် ဩဂုတ် ၂၁**

မန္တလေးတိုင်းဒေသကြီး ချမ်းအေးသာစံမြို့နယ် ၇၂ လမ်း၊ ၂၉ လမ်းနှင့် ၃၀ လမ်းကြားရှိ ပါတ်ကုန်းဝန်းကျင် ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံး၌ ရပ်ကွက်အုပ်ချုပ်ရေးမှူးဖြစ်သူ ဦးအောင်ဆွေထွန်း(၄၆)နှစ် (ဘ)ဦးဉာဏ်စိန်ကို ဩဂုတ် ၁၈ ရက် နံနက်ပိုင်းတွင် အကြမ်းဖက်သမားများက သေနတ်ဖြင့် လုပ်ကြံသတ်ဖြတ်ခဲ့သည့် ဖြစ်စဉ်ဖြစ်ပွားခဲ့သည်။

**ဖမ်းဆီးရမိ**

အဆိုပါ ပြစ်မှုကျူးလွန်သူများအား အမြန်ဆုံး ဖမ်းဆီးရမိရေး လုံခြုံရေးတပ်ဖွဲ့ဝင်များက ဆောင်ရွက်ခဲ့ရာ ဩဂုတ် ၂၀ ရက် နံနက်ပိုင်းတွင် အုပ်ချုပ်ရေးမှူးအား သေနတ်ဖြင့် ပစ်ခတ်ခဲ့သူ အောင်မျိုးကျော်(ခ)သားကြီး(၃၃)နှစ် (ဘ)ဦးမွတ်တားနှင့် ဆိုင်ကယ်ဖြင့် လိုက်လံပို့ဆောင်ပေးသူ ခန့်စည်သူ(ခ)မာရှယ် (၂၁)နှစ် (ဘ)ဦးတင်အုန်းတို့ကို ချမ်းမြသာစည်မြို့နယ် ၄၆ လမ်းနှင့် ၁၀၅(အေ)လမ်းထောင့်ရှိ မန်းဝေလှိုင် တည်းခိုခန်းတွင် လည်းကောင်း၊ ရပ်ကွက်အုပ်ချုပ်ရေးမှူး၏ လှုပ်ရှားသွားလာမှုများကို စောင့်ကြည့်ပေးသူ ဇင်မင်းပိုင်(၂၈)နှစ် (ဘ)ဦးမင်းပိုင်ကို ချမ်းအေးသာစံမြို့နယ် ၂၈ လမ်းနှင့် ၂၉ လမ်းကြား၊ ၇၂ လမ်းနှင့် ၇၃ လမ်းကြားရှိ ၎င်း၏နေအိမ်တွင် လည်းကောင်း၊ လုပ်ကြံသတ်ဖြတ်ခဲ့သည့် ဖြစ်စဉ်တွင် အသုံးပြုခဲ့သည့် သေနတ်ကို ဝှက်ထားပေးသူ ဒေါ်ယဉ်မျိုးသီ(၅၀)နှစ် (ဘ)ဦးရဲမြင့်ကို မဟာအောင်မြေမြို့နယ် မဟာမြိုင်(၁)ရပ်ကွက် ၆၅ လမ်း၊ ၃၅ လမ်း နှင့် ၃၆ လမ်းကြားရှိ ၎င်း၏နေအိမ်တွင် လည်းကောင်း၊ ဖြစ်စဉ်တွင် အသုံးပြုခဲ့သည့် ဆိုင်ကယ်အား ဝှက်ထားပေးသူ အောင်မြင့်မြတ်ဖြိုး (၂၃)နှစ်(ဘ)ဦးရဲညွန့်ကို မဟာအောင်မြေမြို့နယ် ၆၂ လမ်း၊ ၃၅ လမ်းနှင့် ၃၆ လမ်းကြားတွင် လည်းကောင်း၊ ပြစ်မှုကျူးလွန်သူများအား တိမ်းရှောင်ရန် နေရာစီစဉ်ပေးသူ သူရိန်ထွန်း(ခ)ဘယ်ကျော် (၃၆)နှစ် (ဘ)ဦးမြင့်ဟန်အား ချမ်းအေးသာစံမြို့နယ် အမှတ်(၁၈၈/၁၄)၊ ၇၈ လမ်းနှင့် ၇၉ လမ်း၊ ၃၄ လမ်းနှင့် ၃၅ လမ်းကြားရှိ ၎င်း၏နေအိမ်တွင်လည်းကောင်း ဖမ်းဆီးရမိခဲ့သည်။

ဖမ်းဆီးရမိ တရားခံများနှင့်အတူ ဖြစ်စဉ်တွင် အသုံးပြုခဲ့သည့် SIG SAUER 9mm ပစ္စတို သေနတ် တစ်လက်၊ ၎င်းကျည် ၂၇ တောင့်၊ ကျည်အိမ် နှစ်ခု၊ ဆိုင်ကယ် တစ်စီး၊ ဒီတိုနေတာများ၊ ဆူပူဆန္ဒပြရာတွင် အသုံးပြုသည့် ပစ္စည်းများကို သိမ်းဆည်းရမိခဲ့သည်။

**ဖမ်းဆီးခံရ**

ဖမ်းဆီးရမိတရားခံများ၏ ထွက်ဆိုချက်များအရ အုပ်ချုပ်ရေးမှူးကို လုပ်ကြံသတ်ဖြတ်ရန်စေခိုင်းသူမှာ ရတနာပုံယူနိုက်တက်ဘောလုံးအသင်း ခေါင်းဆောင်ဝင်းနိုင်စိုး(ခ)ပီချေး(ဖမ်းဆီးရန် ကျန်ရှိသူ)ဖြစ်ပြီး အုပ်ချုပ်ရေးမှူး၏ လှုပ်ရှားမှုများကို ဇင်မင်းပိုင်က စောင့်ကြည့်ပေးခဲ့ကြောင်း၊ အောင်မျိုးကျော်နှင့် ခန့်စည်သူတို့နှစ်ဦးသည် အုပ်ချုပ်ရေးမှူးရုံးသို့ သွားရောက်၍ ခရီးသွားလိုသဖြင့် ထောက်ခံစာလာလုပ်ခြင်းဖြစ်ကြောင်း ပြောဆိုပြီး အောင်မျိုးကျော်က အုပ်ချုပ်ရေးမှူးအား သေနတ်ဖြင့် လုပ်ကြံသတ်ဖြတ်ခဲ့ခြင်းဖြစ်ကြောင်း၊ ထို့နောက် ဖြစ်စဉ်တွင် အသုံးပြုခဲ့သည့် သေနတ်နှင့် ဆိုင်ကယ်တို့ကို ဒေါ်ယဉ်မျိုးသီနှင့် အောင်မြင့်မြတ်ဖြိုးတို့က ဝှက်ထားပေးပြီး သူရိန်ထွန်း စီစဉ်ပေးသည့် တည်းခိုခန်းတွင် တည်းခိုနေစဉ် ဖမ်းဆီးခံရခြင်းဖြစ်ကြောင်းနှင့် တရားခံများကို တရားဥပဒေနှင့်အညီ အရေးယူနိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။



အောင်မျိုးကျော်(ခ)သားကြီး



ခန့်စည်သူ(ခ)မာရှယ်



ဇင်မင်းပိုင်



ဒေါ်ယဉ်မျိုးသီ



အောင်မြင့်မြတ်ဖြိုး




သူရိန်ထွန်း

သတင်းစဉ်

**ဥပဒေဘောင်အတွင်း နေထိုင်ခြင်း ဘေးကင်းရန်ကွာ လွန်ချမ်းသာ**

# ရှမ်းပြည်နယ်နှင့် ကယားပြည်နယ်များအတွင်း အကြမ်းဖက်လုပ်ငန်းများ ဆောင်ရွက်လျက်ရှိသည့် ဖယ်ခုံမြို့နယ် NLD ပါတီမှ ပီတယ်အောင် အပါအဝင် အကြမ်းဖက်သမားများကို လက်နက်/ခဲယမ်းများနှင့်အတူ ဖမ်းဆီးရမိ



**နေပြည်တော် ဩဂုတ် ၂၂**

အကြမ်းဖက်သမားများအနေဖြင့် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်အတွက် လက်နက်/ခဲယမ်းများ သယ်ဆောင်နေကြောင်း သတင်းအရ လုံခြုံရေးတပ်ဖွဲ့ဝင်များက ဖော်ထုတ်ဖမ်းဆီးမှုများ လုပ်ဆောင်လျက်ရှိရာ ဇူလိုင် ၃၀ ရက်တွင် ရှမ်းပြည်နယ်(တောင်ပိုင်း) နမ့်စန်မြို့၌ ရာဇသတ်ကြီးပုဒ်မ-၅၀၅(က)ဖြင့် ဖမ်းဝရမ်းထုတ်ထားသည့် ဖယ်ခုံ PDF အဖွဲ့၏ထောက်ပံ့ပို့ဆောင်ရေးတာဝန်ခံ ဖယ်ခုံမြို့နယ် NLD ပါတီဝင် **ပီတယ်အောင်**၊ PDF အဖွဲ့ဝင်များဖြစ်သည့် **လှိုင်ကြူး(ခ)စိုင်းလူနှင့် မောင်နက်**၊ PNLO နယ်မြေအတွင်း အကြမ်းဖက်သင်တန်းတက်ရောက်ခဲ့သည့် **ဇင်သော်ဟိန်းနှင့် မောင်နို့**တို့ ငါးဦးကို ၎င်းတို့စီးနင်းလိုက်ပါလာသော မော်တော်ယာဉ်အပါအဝင် M-22 နှစ်လက်၊ M-4 တစ်လက်၊ ပစ္စတိုနှစ်လက် စုစုပေါင်း လက်နက်ငယ် ငါးလက်၊ ကျည်မျိုးစုံ ၄၂၅ တောင့်၊ ကျည်အိမ် ၁၄ ခု၊ ဆက်စပ်ပစ္စည်းများနှင့်အတူ ဖမ်းဆီးရမိခဲ့သည်။

ဖမ်းဆီးရမိသူ ပီတယ်အောင်၏ ထွက်ဆိုချက်အရ PDF အကြမ်းဖက်အဖွဲ့အတွက် ပြည်ပမှ ထောက်ပံ့ငွေများကို တရားမဝင် လက်ခံ/လွှဲပြောင်းပေးနေသူ မျိုးမြတ်လင်း(ခ)ဖိုးပြဲကို ဩဂုတ် ၅ ရက်တွင် ငွေသွင်း/ထုတ်မှတ်တမ်းစာအုပ် ငါးအုပ်နှင့်အတူ ညောင်ကုန်း(၅)ရပ်ကွက် ဖယ်ခုံမြို့ရှိ ၎င်း၏နေအိမ်၌ ထပ်မံဖမ်းဆီးရမိခဲ့ပြီး ပီတယ်အောင်သည် အကြမ်းဖက်အဖွဲ့အစည်းဖြစ်သည့် CRPH အဖွဲ့ဝင် NLD ပါတီမှ ၂၀၁၅ ခုနှစ် ညောင်ရွှေမြို့နယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်ဟောင်း နေမျိုး၏ စေခိုင်းချက်အရ မတ်လအတွင်း NLD ပါတီမှ ၂၀၁၅ ခုနှစ် ဖယ်ခုံမြို့နယ် အမှတ်(၂) ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်ဟောင်း အန်းဂျေလို အပါအဝင် ၁၆ ဦးဖြင့် ဖယ်ခုံမြို့နယ် ပြည်သူ့အုပ်ချုပ်ရေးအဖွဲ့ကို ဖွဲ့စည်းခဲ့ကြောင်း၊ ထို့နောက် PDF ဖွဲ့စည်းနိုင်ရေးအတွက် ဧပြီလနှင့် မေလတို့တွင် အကြမ်းဖက်အဖွဲ့အစည်းဖြစ်သည့် NUG မှ ကယန်းအမျိုးသားပါတီ ဥက္ကဋ္ဌ ခွန်းဘီထူးနှင့် ချိတ်ဆက်၍ မိုးဗြဲမြို့နယ်နှင့် ဖယ်ခုံမြို့နယ်တို့မှ အစွန်းရောက်လူငယ်များကို KNPP ဌာနချုပ် ဉာဏ်မှုကုန်းတွင် အကြမ်းဖက်သင်တန်းများ တက်ရောက်စေခဲ့ပြီး ဖယ်ခုံမြို့နယ် PDF အဖွဲ့နှင့် မိုးဗြဲ PDF အဖွဲ့ကို ဖွဲ့စည်းခဲ့ကြောင်း။

မေ ၂၃ ရက်တွင် ဖယ်ခုံ PDF အကြမ်းဖက်အဖွဲ့ဝင် NLD ပါတီမှ ၂၀၁၅ ခုနှစ် ဖယ်ခုံမြို့နယ် အမှတ်(၂) ပြည်နယ်လွှတ်တော် ကိုယ်စားလှယ်ဟောင်း အန်းဂျေလို ခေါင်းဆောင်၍ KNPP လက်နက်ကိုင်အဖွဲ့နှင့် ပူးပေါင်းကာ မိုးဗြဲနယ်မြေရဲစခန်းကို ဝင်ရောက်တိုက်ခိုက်ခဲ့ကြောင်း။

ထို့အပြင် အကြမ်းဖက်လုပ်ငန်းများ ဆောင်ရွက်နိုင်ရန်အတွက် PDF အဖွဲ့များ ဖွဲ့စည်းပြီးနောက် ပီတယ်အောင်သည် လက်နက်/ခဲယမ်းများ ဝယ်ယူရန်အတွက် တိုက်ပွဲရှောင်ပြည်သူများအား စားနပ်ရိက္ခာထောက်ပံ့ရေး ခေါင်းစဉ်ဖြင့် ပြည်တွင်း/ပြည်ပရှိကရင်နီလူမျိုးများထံမှရရှိသောထောက်ပံ့ငွေများကို အသုံးပြု၍ လက်နက်/ခဲယမ်းများ ဝယ်ယူခဲ့ပြီး ကျေးသီးမြို့နယ် NLD ပါတီအောင်နိုင်ရေး ဥက္ကဋ္ဌ လင်းထွန်းနှင့် ချိတ်ဆက်ကာ လက်နက်/ခဲယမ်းများ ထပ်မံဝယ်ယူရန်စီစဉ်ခဲ့ကြောင်း သိရသည်။

ဇူလိုင် ၂၈ ရက်တွင် အကြမ်းဖက်အဖွဲ့အစည်းဖြစ်သည့် NUG မှ ခင်မမမျိုး ဦးဆောင်ပြုလုပ်သည့် Zoom Meeting ကို နိုင်ကောင်းရွက်၊ NLD ပါတီမှ ၂၀၁၅ ခုနှစ် ညောင်ရွှေမြို့နယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်ဟောင်း နေမျိုး၊ NLD ပါတီမှ ၂၀၁၅ ခုနှစ် မန္တလေးတိုင်းဒေသကြီး အမျိုးသားလွှတ်တော် မဲဆန္ဒနယ်အမှတ်(၁၁) ကိုယ်စားလှယ်ဟောင်း ကျော်မြင့်ဦး၊ NLD ပါတီမှ ၂၀၁၅ ခုနှစ် ပျဉ်းမနားမြို့နယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်ဟောင်း သန်းစိုးအောင်၊ ဒီးမော့ဆိုမြို့နယ် NLD ပါတီဝင် ကော်ဖရီခင်ဦးတို့နှင့်အတူ တက်ရောက်ဆွေးနွေးခဲ့ပြီး ခင်မမမျိုးက မြို့နယ်အလိုက် PDF အဖွဲ့များ ဖွဲ့စည်း၍ မြို့ကြီးများအားတိုက်ခိုက်ရန် ပြင်ဆင်နေကြောင်း၊ တိုင်းရင်းသားလက်နက်ကိုင် အဖွဲ့အစည်းများနှင့် ပူးပေါင်း၍ ပြောက်ကျားစစ်နှင့် မြို့ပြတိုက်ပွဲဆင်နွှဲနိုင်ရေး ဆောင်ရွက်လျက်ရှိသည်ဟု ပြောကြားခဲ့ကြောင်း။

NUG အနေဖြင့် တိုင်းရင်းသားလက်နက်ကိုင် အဖွဲ့အစည်းများ၏နယ်မြေများတွင် အခြေခံနယ်မြေတစ်ခုရရှိရေး အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိပြီး နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ အုပ်ချုပ်ရေးယန္တရားများ ပျက်စီးစေရေး ရည်ရွယ်လုပ်ဆောင်သွားရန် စီစဉ်လျက်ရှိကြောင်းသိရသည်။

ဖမ်းဆီးရမိသူ လှိုင်ကြူး၏ ထွက်ဆိုချက်အရ ၎င်းသည် ဖယ်ခုံမြို့နယ် အရှေ့ခြမ်း PDF အဖွဲ့၏ ခေါင်းဆောင်တစ်ဦးဖြစ်ကြောင်း၊ လက်နက်/ခဲယမ်းများကို ထိုင်းနိုင်ငံမှဝယ်ယူ၍ မြဝတီလမ်းကြောင်းမှ တစ်ဆင့် သယ်ဆောင်ခဲ့ကြောင်း၊ ဇူလိုင် ၃၀ ရက်တွင် ပီတယ်အောင်နှင့်အတူ နမ့်စန်မြို့တွင် လက်နက်/ခဲယမ်းများ သွားရောက်ဝယ်ယူရန်အတွက် PNLO အဖွဲ့မှ ဗိုလ်မှူးအဆင့်ရှိ ငြိမ်းကျော်ဌေးကို လုံခြုံရေးအကူအညီပေးရန် တောင်းခံခဲ့သဖြင့် မောင်နို့နှင့် ဇင်သော်ဟိန်းကို ခေါ်ဆောင်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

မောင်နို့နှင့် ဇင်သော်ဟိန်းတို့သည် ၂၀၂၂ ခုနှစ် မေလတွင် PNLO အဖွဲ့သို့ ဝင်ရောက်ခဲ့ပြီး PNLO ဌာနချုပ်တွင် စစ်သင်တန်းတက်ရောက်ခဲ့ကြောင်း၊ ထိုသို့ တက်ရောက်စဉ် PNLO ဌာနချုပ်၌ အစွန်းရောက်လူငယ်များကို အကြမ်းဖက်သင်တန်းများ သင်ကြားပို့ချလျက်ရှိသည်ကို တွေ့ရှိခဲ့ရပြီး တရားမဝင်ဖွဲ့စည်းထားသော အကြမ်းဖက်အဖွဲ့အစည်းဖြစ်သည့် NUG မှ ဩဂုတ်လအတွင်း ရိက္ခာနှင့် လက်နက်/ခဲယမ်းများ ထောက်ပံ့ပေးအပ်ရန် စီစဉ်လျက်ရှိကြောင်း သိရသည်။

သို့ဖြစ်၍ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေးကို ထိခိုက်ပျက်ပြားအောင် အဖျက်အမှောင့်လုပ်ငန်းများနှင့် အကြမ်းဖက်တိုက်ခိုက်မှုများ လုပ်ဆောင်မည့်သူများကို ကြိုတင်ဖမ်းဆီးထိန်းသိမ်းနိုင်ခဲ့ပြီး ဖမ်းဆီးရမိသူ ခြောက်ဦးကို ဥပဒေအရ ထိရောက်စွာအရေးယူနိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ ကျေးသီးမြို့နယ် NLD ပါတီ အောင်နိုင်ရေးဥက္ကဋ္ဌ လင်းထွန်း အပါအဝင် ဆက်စပ်သူများအား အမြန်ဆုံး ဖမ်းဆီးရမိရေးအတွက် ၎င်းတို့ပုန်းခိုရာနေရာများ၊ လှုပ်ရှားသွားလာနေထိုင်မှုသတင်းများရရှိပါက သက်ဆိုင်ရာသို့ လျှို့ဝှက်စွာ သတင်းပေးတိုင်ကြားနိုင်ပါကြောင်းနှင့် မြို့ရွာများ အမြန်ဆုံးအေးချမ်းတည်ငြိမ်ရေးအတွက် ပြည်သူတစ်ရပ်လုံး ပူးပေါင်းပါဝင် ကြိုးပမ်းဆောင်ရွက်နိုင်ပါရန် မေတ္တာရပ်ခံထားကြောင်း သိရသည်။

**သတင်းစဉ်**

# စစ်တွေမြို့နယ်ရှိ ဘုန်းတော်ကြီးကျောင်းများနှင့် သီလရှင်ကျောင်းများသို့ ဆန်အိတ် ၁၀၀၀ လှူဒါန်း



**စစ်တွေ ဩဂုတ် ၂၁**

ရခိုင်ပြည်နယ်ဝန်ကြီးချုပ် ဒေါက်တာ အောင်ကျော်မင်းသည် အနောက်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ထင်လတ်ဦးနှင့် တာဝန်ရှိသူများလိုက်ပါလျက် ယနေ့နံနက်ပိုင်းက စစ်တွေမြို့ပေါ်ရှိ ဘုန်းတော်ကြီးကျောင်းများသို့ သွားရောက်၍ ဆွမ်းဆန်တော်၊ ဆီနှင့် လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်းကြသည်။

ရခိုင်ပြည်နယ်ဝန်ကြီးချုပ်နှင့်အဖွဲ့သည် စစ်တွေမြို့ ကျောင်းတက်လမ်းရပ်ကွက်ရှိ ကျားရုပ်ပရိယတ္တိစာသင်တိုက်နှင့် ဘောက်သီးစုရပ်ကွက်ရှိ မြို့မပရိယတ္တိစာသင်တိုက်များသို့ သွားရောက်ပြီး ဆရာတော်၊ သံဃာတော်များအား ဆွမ်းဆန်တော်၊ ဆီနှင့် လှူဖွယ်ဝတ္ထုများကို ဆက်ကပ်လှူဒါန်းကြသည်။

ရခိုင်ပြည်နယ်အစိုးရအဖွဲ့သည် ကိုဗစ်-၁၉ ရောဂါဖြစ်ပွားမှု အခြေအနေကြောင့် ဝါတွင်းကာလအတွင်း ဆရာတော်၊ သံဃာတော်များ ဆွမ်းခံမကြွရောက်နိုင်သည့်အတွက် ပြည်နယ်အတွင်းရှိ ဘုန်းတော်ကြီးကျောင်းများ၊ သီလရှင်ကျောင်းများသို့ ဆွမ်းဆန်တော်များ လှူဒါန်းလျက်ရှိသည်။

စစ်တွေမြို့နယ်ရှိ ဘုန်းတော်ကြီးကျောင်း ၃၂၄ ကျောင်း၌ ရဟန်း၊ သာမဏေ ၂၃၃၆ ပါးနှင့် သီလရှင်ကျောင်း ၃၈ ကျောင်း၌ သီလရှင် ၂၉၉ ပါး ဝါဆိုလျက်ရှိရာ ရခိုင်ပြည်နယ်အစိုးရအဖွဲ့က အဆိုပါ သံဃာတော်များနှင့် သီလရှင်များအတွက် ပေါ်ဆန်းမွှေးဆန်အိတ် ၁၀၀၀ ကို ဆက်ကပ်လှူဒါန်းခဲ့ကြောင်း သိရသည်။

**တင်ထွန်း(ပြန်/ဆက်)**

## ချောင်းဦးမြို့နယ်အတွင်းရှိ အသက် ၆၅ နှစ်နှင့်အထက် အဘိုး အဘွားများနှင့် ပြည်သူများအား ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးများ ထိုးနှံပေးနေမှု ကြည့်ရှုအားပေး

**ချောင်းဦး ဩဂုတ် ၂၁**

စစ်ကိုင်းတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမြတ်ကျော်သည် ယနေ့နံနက်ပိုင်းတွင် ချောင်းဦးမြို့ ပြည်သူ့ဆေးရုံ၌ အသက် ၆၅နှစ်နှင့် အထက် အဘိုးအဘွားများ၊ ပြည်သူများနှင့် လူမှုရေးအသင်းအဖွဲ့ဝင်များအား ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးများ ထိုးနှံပေးနေမှုအား ကြည့်ရှုပြီး ကာကွယ်ဆေးထိုးနှံနေကြသည့် ပြည်သူများအား ရင်းရင်း နှီးနှီးနှုတ်ဆက်အားပေးစကား ပြောကြားသည်။

ယင်းနောက် တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများသည် ချောင်းဦးမြို့ အနော်ရထာခန်းမ၌ မြို့နယ်အဆင့်ဌာနဆိုင်ရာများအားတွေ့ဆုံပြီး မြို့နယ်အတွင်း ကိုဗစ်၁၉ ရောဂါ ကာကွယ်ထိန်းချုပ်နိုင်ရေးအတွက် ငွေကျပ် ၁၀ သိန်း၊ Oxygen Concentrator ငါးလုံး၊ Oxygen လီတာ ၄၀ ဆံ့ ၁၀ အိုးနှင့် ဆက်စပ်ပစ္စည်းများကို ချောင်းဦးမြို့နယ် စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးထူးကျော်ထံသို့ ပေးအပ်သည်။

ထို့နောက် တိုင်းဒေသကြီးဝန်ကြီးများက တစ်ကိုယ်ရေသုံး ကာကွယ်ရေးဝတ်စုံ၊ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ရေးပစ္စည်းများ၊ ထောက်ပံ့ငွေများ၊ စားသောက်ဖွယ်ရာများကို ပေးအပ်သည်။

ဆက်လက်၍ ဝန်ကြီးချုပ်နှင့်အဖွဲ့သည် ချောင်းဦးမြို့နယ် နွယ်ခွေကျေးရွာတွင် စိုက်ပျိုးထားသော အောင်မြင် ဖြစ်ထွန်းနေသည့် ပိုးချည်မျှင်ရှည်ဝါ စံပြစိုက်ခင်းနှင့် ငါးယှန်ကျေးရွာတွင် မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ တောင်သူများအား သဘာဝပိုးသတ်ဆေး၊ သဘာဝမြေဆွေး ပြုလုပ်ပုံ သရုပ်ပြသနေမှုကို အားပေးကြည့်ရှုခဲ့ကြောင်း သိရသည်။

**မြို့နယ်**
**(ပြန်/ဆက်)**



## တောင်ကြီး ပညာရေးကောလိပ်ရှိ Positive လူနာဆောင်အား ကြည့်ရှု

**တောင်ကြီး ဩဂုတ် ၂၁**

ရှမ်းပြည်နယ်ဝန်ကြီးချုပ် ဒေါက်တာကျော်ထွန်း၊ အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ်တိုင်းမှူး ဗိုလ်မှူးချုပ် နီလင်းအောင်နှင့် တာဝန်ရှိသူများသည် ယနေ့ နံနက် ၁၀ နာရီက တောင်ကြီးမြို့ ပညာရေးကောလိပ်ကျောင်းတွင် ဖွင့်လှစ်ထားသော Positive လူနာဆောင်အား သွားရောက် ကြည့်ရှုစစ်ဆေးသည်။

ပြည်နယ်ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများသည် အစားအသောက်များ ပြင်ဆင်ဆောင်ရွက်ထားရှိမှုနှင့် ဆေးဝါးများကို ကြည့်ရှုစစ်ဆေးခဲ့ကြပြီး Positive လူနာထပ်တိုးလာပါက ထားရှိနိုင်ရန် ပညာရေးကောလိပ် တိုးချဲ့ဆောင် ဆောက်လုပ် နေမှုကို သွားရောက်ကြည့်ရှုခဲ့ကြသည်။

အဆိုပါ ပညာရေးကောလိပ်တွင် Positive လူနာ အမျိုးသား ၉၃ ဦးနှင့် အမျိုးသမီး ၇၅ ဦး စုစုပေါင်း ၁၆၈ ဦး ရှိသည်။

တောင်ကြီးမြို့ စဝ်စံထွန်းဆေးရုံ ကုသရေးစင်တာတွင် လူနာ ၅၅ ဦး၊ အမျိုးသမီးနှင့်ကလေးဆေးရုံ ကုသရေးစင်တာတွင် လူနာစုစုပေါင်း ခြောက်ဦး၊ Positive စင်တာများဖြစ်သည့် အမျိုးသမီးနှင့် ကလေးဆေးရုံတွင် လူနာ၁၈ဦး၊ ကွန်ပျူတာတက္ကသိုလ်တွင် လူနာ ၃၇ ဦး၊ တောင်ကြီးတက္ကသိုလ်တွင် လူနာ ၂၁၇ ဦး၊ ပညာရေးကောလိပ်တွင် ၁၆၈ ဦး၊ အားကာသိပ္ပံ (အေးသာယာ) တွင် ၁၁၁ ဦး၊ အ.ထ.က (စက်မှုဇုန်) တွင် လူနာ ၈၈ ဦး၊ Positive လူနာ စုစုပေါင်း ၆၃၉ ဦးရှိကြောင်း သိရသည်။

**မောင်မောင်သန်း**
**(တောင်ကြီး)**

■

**ဆရာကြီး ကာတွန်းမောင်စိန်၏ ကာတွန်းလက်ရာများကို မူရင်းအတိုင်း ဖော်ပြပါသည်။**
**စာတည်း**




## တစ်ရက်လျှင် အောက်ဆီဂျင်အိုး အလုံး ၁၀၀ ထုတ်နိုင်သည့် အောက်ဆီဂျင်စက် ကျိုင်းတုံမြို့သို့ရောက်ရှိ

**ကျိုင်းတုံ ဩဂုတ် ၂၁**


ရှမ်းပြည်နယ်(အရှေ့ပိုင်း) ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးကော်မတီက ကျိုင်းတုံမြို့နယ်နှင့် ဒေသအတွင်း ကိုဗစ်-၁၉ ရောဂါ အတည်ပြုလူနာများနှင့် အောက်ဆီဂျင်လိုအပ်သောလူနာများအတွက် အောက်ဆီဂျင် လုံလောက်မှုရှိစေရန် ဝယ်ယူထားသည့် တစ်ရက်လျှင် အောက်ဆီဂျင် အလုံး ၁၀၀ ထုတ်နိုင်မည့်စက်ကို ယမန်နေ့ညနေပိုင်းတွင် စက်ရုံတည်ဆောက်မည့် ကျိုင်းတုံပြည်သူ့ဆေးရုံကြီးသို့ ရောက်ရှိလာပြီဖြစ်ကြောင်း သိရသည်။

ရောက်ရှိသည့် အောက်ဆီဂျင်ထုတ်စက်အား တြိဂံဒေသတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ် မျိုးမင်းထွန်းနှင့် တာဝန်ရှိသူများက သွားရောက်ကြည့်ရှုစစ်ဆေးပြီး ကျိုင်းတုံပြည်သူ့ဆေးရုံ တာဝန်ရှိသူများနှင့် သက်ဆိုင်ရာကုမ္ပဏီများက အောက်ဆီဂျင်စက်တပ်ဆင်ပြီးပါက လိုအပ်သည့်လူနာများအား အမြန်ဆုံးဖြည့်ဆည်းပေးနိုင်ရေး၊ ဒေသအတွင်း လိုအပ်သည့်နေရာများသို့ စနစ်တကျ ဖြန့်ဝေပေးနိုင်ရေး စီစဉ်ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

**အောင်ဇင်မြင့်(ပြန်/ဆက်)**

ဝတ္ထုတို

# နေဝင်ချိန် အာလွမ်း



ဇင်မင်းစိုး (ဗိုလ်ကလေး)

(၁)

ပတ်ဝန်းကျင်တစ်ခုလုံး တိတ်ဆိတ်ငြိမ်သက်လျက်ရှိသည်။ တစ်ခါတစ်ရံ အဝေးဆီက ခေါင်းလောင်းထိုးသံနှင့် ဆည်းလည်းသံလေးတွေကို သဲ့သဲ့ကြားရတတ်သည်။ နွေမိန်တပေါင်းမို့ ထင်သည်။ ရော်ရွက်ခြောက်တွေ လေတိုက်တိုင်း တဖြုတ်ဖြုတ် ကြွေကျလျက်ရှိသည်။

လွမ်းဆွေးတတ်သူဆိုလျှင် သစ်ရွက်ကြွေပုံ ကန့်ကလျလေးကိုကြည့်၍ အတိတ်က အလွမ်းတွေ ပြန်ပေါ်လာနိုင်ပြီး ဆွေးမြည့်ခံစားရနိုင်သည်။

ကျွန်မအတွက်ကတော့ နေ့တိုင်း မြင်နေရသော မြင်ကွင်းမို့ အထူးတလည် စာဖွဲ့ပြရန်မလိုတော့ပေ။ လွမ်းစရာတွေဖြင့် အလွမ်းဖြေနေရသည့် ရက်ပေါင်းလည်း မနည်းတော့ပြီ။

လွမ်းစရာဆိုလို့ အခြားလွမ်းစရာတွေတော့ မဟုတ်။ တစ်ကိုယ်တည်း အပျိုကြီးသမားတွေအတွက် သီးခြား အချစ်အလွမ်းတွေတော့မရှိ။ တစ်ချိန်က ကျောင်းဆရာမ လုပ်ခဲ့သည်မို့ အနယ်နယ်အရပ်ရပ်က လုပ်ဖော်ကိုင်ဖက်တွေ၊ လက်အောက်ငယ်သားတွေနဲ့ တပည့်သားချင်းတွေကိုပဲ တစ်လှည့်စီ လွမ်းစရာရှိသည်။

အချိန်ကာလ တစ်ခုဖြတ်ကျော်လာပြီဆိုသည်နှင့် ဟိုးအရင်က ဒီလဆိုလျှင် ဘာလုပ်ရမယ်၊ နောက်လ ဘာလုပ်စရာရှိတယ် စသည်ဖြင့် လုပ်ငန်းခွင်က အလုပ်တွေကို ပင်စင်ယူပြီးသည့်အချိန်ထိ အစွဲမပျောက်နိုင်အောင် အချိန်ကာလတစ်ခု ရောက်တိုင်း အတူတူလုပ်ကိုင်ခဲ့တဲ့ လုပ်ဖော်ကိုင်ဖက်တွေကို သတိရမိသည်။

တစ်ချိန်က အလုပ်တွေ များပြားပြီး စိတ်ညစ်စရာတွေရှိလျှင်–

"ပင်စင်သာ ယူပစ်လိုက်ချင်တော့တယ်"ဆိုတဲ့စကားကို ယခု ပင်စင်ယူပြီးသော အချိန်ရောက်မှ နောင်တရမိသလိုလိုရှိပြီး အလုပ်အပေါ်ထားရှိတဲ့ စိတ်ဆန္ဒက တော်တော်နဲ့ အရှိန်သတ်မရ။

"ဩော် … အဲဒီအချိန်က… ငါ့အခက်အခဲတွေကို ကောင်းမွန်စွာ ဖြတ်ကျော်နိုင်ခဲ့တာပဲ" ဟု တွေးရင်း အားရကျေနပ်မိသလိုလိုရှိပြန်သည်။

ယခုတော့ ပင်စင်ယူပြီး ဆွေမျိုးရင်းချာ သိပ်မရှိတဲ့ အပျိုကြီး ကျွန်မအတွက်တော့ တရားရိပ်သာဆိုတဲ့နေရာမှာ အဆုံးတိုင် ခေါင်းချသွားဖို့ ရည်စူးထားသည်။ ဘုရားရိပ်၊ တရားရိပ်မှာ အေးချမ်းပျော်ရွှင်ရပြီး အကြောင်းတိုက်ဆိုင်လျှင်တော့ တစ်ချိန်က အပေါင်းအဖော်၊ တပည့်တပန်း အခြွေအရံများစွာဖြင့် ရုန်းကန်လှုပ်ရှားခဲ့တဲ့ ဘဝခရီးလမ်းကို ပြန်လည်လွမ်းဆွတ်မိရင်တော့ တရားသမားပီပီ ဘဝတဏှာပါလားဟု ညည်းတွားဆင်ခြင်မိလေသည်။

(၂)

ကျွန်မတို့ ငယ်ဇာတိက ဧရာဝတီတိုင်းဒေသကြီး ကျိုက်လတ်ဇာတိဖြစ်ပေမယ့် ရန်ကုန်မှာပင် ကြီးပြင်းခဲ့ရသည်။ ဖခင်က ဆန်စက်၊ ပွဲရုံပိုင်ရှင်ဖြစ်သည်မို့ မတောင့်မတ မကြောင့်မကြနှင့် ပညာကို ဆုံးခန်းတိုင် သင်ယူတတ်မြောက်ခဲ့သည်။ ရန်ကုန်တက္ကသိုလ်မှာပင် မြန်မာစာအဓိကဖြင့် မဟာဝိဇ္ဇာဘွဲ့၊ ဒေါက်တာဘွဲ့တို့ ရရှိခဲ့သည်။

ဖခင်က မိန်းကလေးမို့ ကျောင်းဆရာမလေးနဲ့လိုက်သည်ဆိုပြီး မိမိကလည်း ဝါသနာပါသည်မို့ တက္ကသိုလ်ဆရာမ ဘဝကို ဝါသနာအရင်းခံစိတ် တစ်ခုတည်းဖြင့် ဝန်ထမ်းဘဝကို ကျေနပ်စွာခံယူခဲ့သည်။

မိဘလက်အောက်မှာ အေးအေးဆေးဆေးနေခဲ့ရပေမယ့် လောကဘဝခရီးကို စတင်ဖြတ်သန်းချိန်မှာတော့ မိဘအိမ်လောက်လွယ်လွယ်ကူကူတော့မရှိ။ ထားရာနေ စေရာသွား၊ ကမ်းနားသစ်ပင်ဘဝဖြင့် နေရာစုံကို လှည့်လည်သွားလာရသည်။

အပြောင်းအရွှေ့ထွက်ခါနီး၊ ရာထူးတိုးထွက်ခါနီးတိုင်း ရင်ခုန်လှုပ်ရှားရသည်။

"လျှောက်ထားတဲ့ နေရာပါပဲ့မလား"

"အတိုးအပြောင်းလား"

"အပြောင်းချည်းပဲလား"

စသည့် မေးခွန်းပေါင်းများစွာက မိမိတို့လို ဆရာ၊ ဆရာမတွေအတွက် ရင်ဖွင့်ကြသောစကား ကိုယ့်ကိုကိုယ် ပြန်မေးမိသော မေးခွန်းတွေ ဖြစ်ကြလေသည်။

"ဒေါက်တာ မျိုးသီတာ … ပြည် တက္ကသိုလ်ကို တာဝန်ကျတယ်" ဟုဆိုလျှင်တော့ ခုနက ပြောနေကြသော ခန့်မှန်းခြေစကားတွေက မီးကို ရေနဲ့ဖြန်းသလို ရှဲကနဲ ငြိမ်းသွားပြီး တာဝန်ကျရာနေရာကို ပြောင်းဖို့ အထုပ်အပိုး ပြင်ဆင်ရသည်။

နှစ်ရှည်လများ ခင်မင်ရင်းနှီးခဲ့သော ဘဝတူ မိတ်ဆွေတွေနဲ့ အလွမ်းသယ်၊ နှုတ်ဆက်ကြ၊ ခွဲခွာကြနှင့် ထိုခဏမှာတော့ တရားသဘောအရ သိသလောက် မှတ်သလောက်လေးဖြင့် –

"သင်္ခါရသဘောပေါ့ မတင့်ရယ်။ ဘယ်တတ်နိုင်ပါ့မလဲ။ ကံကြုံရင် ပြန်ဆုံကြဦးမှာပေါ့" ဟု ဆိုရင်း နှုတ်ဆက်ခွဲခွာခဲ့ကြရသည်။

နေရာအသစ်ကို ရောက်ပြန်တော့ အဆင်ပြေသလို ရုန်းကန်လှုပ်ရှားရသည်။ ပေးအပ်သောတာဝန်ကို ကျေပွန်စွာ ထမ်းဆောင်ကြရသည်။ ပူးပေါင်းဆောင်ရွက်ကြရသည်။ အခက်အခဲတွေကြုံလျှင်လည်း ရဲဝံ့စွာ ဖြတ်ကျော်ကြရသည်။ ဝေဖန်မှုတွေ ကဲ့ရဲ့မှုတွေရှိလျှင်လည်း လူ့သဘာဝအရ ကျောခိုင်း၍ မျက်နှာလွှဲ ရှောင်တိမ်းရပြန်သည်။

ရာထူးအဆင့်အမျိုးမျိုးဖြင့် ပြောင်းရွှေ့ရင်း မမျိုးဆိုတဲ့ ကျွန်မတစ်ယောက် အတွေ့အကြုံများစွာ သင်ယူရရှိခဲ့ရပြန်လေသည်။

(၃)

ဝန်ထမ်းဘဝ ဖြတ်သန်းရချိန်မှာလည်း ရသမျိုးစုံကြုံတွေ့ရပြန်သည်။ ဘဝထဲက ဟာသအမောတွေ ပြေပျောက်ရသည်။ ကျွန်မတို့ မြေလတ်ဒေသဘက်ကို တာဝန်ကျတော့ ခွေးချစ်တတ်တဲ့ မမြင့်နဲ့ ကြုံရသည်။

မမြင့်က မနက်မိုးလင်းသည်နှင့် ခွေးစာကျွေးသည်။ ခွေးအိမ်ကို ပိုက်ဆံအကုန်ခံပြီး သစ်သားဖြင့် ခိုင်ခိုင်ခံ့ခံ့ ဆောက်လုပ်သည်။

"မမြင့်ရယ် … ခွေးပဲ။ တစ်နေရာရာ ဝင်နေရင်ဖြင့် လုံခြုံပါတယ်။ သူ့ဟာသူလည်း နေတတ်ပါတယ်။ မမြင့်လုပ်မှဖြင့် လှောင်ပိတ်ထားသလိုဖြစ်ပြီး ကျုပ်တို့ကို ကိုက်နေပါဦးမယ်နော်"

"မဟုတ်ဘူးလေ… မမျိုးရဲ့။ ခွေးမကကိုယ်ဝန်ကြီးနဲ့လေ။ မွေးလာတဲ့ ကလေးတွေကို ထားဖို့ပါ" မမြင့် ကောင်းမှုအကြောင်းပြ၍ အဆောင်တွင် ခွေးရောင်စုံတို့ လာနေကြသည်။ ကိုယ်တိုင်က အစားအသောက်နည်းသော မမြင့်တစ်ယောက် ခွေးစာအတွက် ဆန်ကို အိတ်နှင့်ဆွဲကာ ကြက်ခြေထောက်၊ ကြက်ခေါင်း၊ တောင်ပံအရိုးတို့ကို ဝယ်ယူ၍ မမောနိုင်မပန်းနိုင်ချက်ရှာသည်။

မမြင့် ကော်ဇလုံကြီးနဲ့ ထမင်းနယ်ပြီဆိုလျှင် ကျွန်မတို့ သွားကြည့်ကြသည်။ လူစားမည့်အလား ချက်ပြုတ်ထားသည့်ကို တွေ့ရသဖြင့် တစ်ခါတစ်လေ ကျွန်မတို့တောင် မမြင့် ခွေးစာကျွေးလျှင် –

"မမြင့်လက်ရာက မွှေးကြိုင်နေတာပဲ… ။ ကျွန်မတို့တောင် စားချင်မိတယ်တော့" ဟု ဆို၍ ခွေးစာခွက်လေးတွေ လိုက်ချပေးရသည်။

ခွေးလေးတွေ သားပေါက်တော့လည်း တကယ့်မိခင်နှင့်မခြား မအိပ်မနေ ပြုစုချစ်ခင်ရှာသည်။ ခွေးမကြီးက နို့မနိုင်လျှင် နို့မှုန့်နို့ဘူးဝယ်၍ ဖျော်ပြီး တိုက်လေသည်။

တစ်ခါတစ်လေ သူအပြင်သွားစရာရှိလျှင် နို့မှုန့် နို့ဘူးများပေး၍–

"မမျိုးရေ … ခဏထားခဲ့ဦးမယ်နော်။ ခဏကြည့်ထားပေးပါဦး။ ကိစ္စတစ်ခုရှိလို့ …"ဟု ဆိုလျှင် ကျွန်မတို့ကပါ အေးအေးဆေးဆေးမနေရ။ ခွေးလေးတွေကို အလှည့်ကျရင်မှာ ထွေးပွေ့၍ နို့ဘူးဖြင့် နို့ဖျော်တိုက်ရသည်။ ဘာလိုလိုနှင့် ကျွန်မတစ်ယောက် မမြင့်ကြောင့် ခွေးပါ ချစ်တတ်သွားခဲ့သည်။

ကျွန်မအိမ်တွင်လည်း နို့မှုန့်၊ နို့ဘူး မျိုးစုံရှိသဖြင့် အပြင်လူ ဧည့်သည်တစ်ယောက်လာလျှင် အိမ်၌ နို့စို့ကလေး ရှိပုံရသည်ဟုပင် ထင်မှတ်ရလေသည်။

တိရစ္ဆာန်ချစ်တတ်ခြင်းနှင့် ပတ်သက်၍ မမြင့်ဆီကပင် အကြောင်းအမျိုးမျိုး၊ ပုံပြင်အမျိုးမျိုး ကြားရသည်။

မမြင့်ပြောသလိုပင် ကျွန်မကိုယ်တိုင်လည်း ကြုံဖူးသည်။ ဆရာမတစ်ယောက် မုန့်ဟင်းခါးစားဖိတ်၍ လိုက်သွားရာမှ အတူသွားဆရာမကို –

"ဘာအတွက် အလှူလုပ်တာလဲ မမ" ဟု မေးမိသည်။ အလှူရှင် ဆရာမ၏ ကြောင်လေးဆုံးသွားလို့ ကုသိုလ်လုပ်အမျှဝေ အလှူပေးခြင်းဖြစ်ကြောင်း ကြားသိရလျှင် များစွာအံ့သြပြီး စားရနိုးနိုး မစားရနိုးနိုး ဖြစ်မိလေသည်။

နောင်တစ်ချိန်မှာ ငိုအားထက် ရယ်အားသန်ဆိုပုံပမာ ဌာနမှာပြောပြောပြီး ရယ်မောကြသည်။ ကျွန်မတို့ အမှတ်တမဲ့ရှိသော အရာတို့သည် တခြားသူတွေအတွက် အရေးပါ အရာရောက်လေသည်။

မမြင့်တို့လို ကြင်နာသူများအဖို့ တိရစ္ဆာန်လေးတွေအတွက် ကံကောင်းခြင်း လာဘ်တစ်ပါး ဆိုက်ရောက်သလို အခြေလှ၍ စိတ်ထားလှသူ မမြင့်အတွက်လည်း တစ်နေ့နေ့တွင် စေတနာအကျိုးပေးမှာပါဟုရင်၌ တွေးမိလေသည်။

(၄)

လူအမျိုးမျိုးတွင် စိတ်အမျိုးမျိုး ရှိကြလေသည်။ ဝန်ထမ်းလောကတွင် မျိုးစုံတွေ့ရသည်။ အချို့က ဖြူစင်ကြပြီး ကူညီလိုစိတ်ရှိသည်။ အချို့က ထိုသို့မဟုတ်။ အချို့ကလည်း မိမိနေရာရဖို့အတွက် သူတစ်ပါးကို ခြေထိုးခံလေ့ရှိသည်။ သူတစ်ပါးကျရှုံးမှ ကိုယ်အောင်မြင်နိုင်မည် သူမရှိမှ သူ့နေရာ ငါရမည်ဟူသော တစ်လွဲအတွေးတို့ ရှိတတ်ကြသည်။

အမှန်တော့ ထိုသို့မဟုတ်ပါ။ ကိုယ့်အနာဂတ်နှင့် ကိုယ်ရှိကြသည်။

ကျွန်မအတွက်တော့ ကံတရားအလိုအရသာ လျှောက်လှမ်းခဲ့သည်။ တွန်းတိုက်၍ နေရာမလိုချင်ပါ။ ပူလောင်လှသည်ဟု အမြဲတွေး၍ ဆင်ခြင်နေထိုင်မိသည်။

မိမိကြောင့် သူတစ်ပါး အခက်တွေ့ရ စိတ်ညစ်ရလျှင် သူတင်မဟုတ်။ သူ့မိသားစု အသိုက်အဝန်းတစ်ခုလုံး စိတ်ညစ်ရမည် စိတ်ဆင်းရဲရမည်ဟု ခံယူထား၍ အမြဲသတိထား ရှောင်ကြဉ်ကာ ကိုယ်ချင်းစာတရားဖြင့် အုပ်ချုပ်သည်။ သို့သော်–

"သူ့အလိုကြိုက် ဆယ်ခါလိုက်လည်း မလိုက်တစ်ခါ ရှိခဲ့ပါမူ ကောင်းတာလည်း ဆုံး၊ လူလည်းမုန်း၏" ဟူသော စကားအရ ကျွန်မ ဥပါဒါန်၏ရိုက်ချက်ကို ပြင်းပြင်းထန်ထန် ခံစားခဲ့ရသည်။

အကြောင်းရှာ ဖန်တီးထားသော ကိစ္စတစ်ခုနှင့် လူကြီးရှေ့ရောက်၍ ပြဿနာဖြေရှင်းခဲ့ရသည်။ သူ့ဘက်ကိုယ့်ဘက် အုပ်စုများ ကွဲပြားကြရသည်။ သို့သော် အတွေ့အကြုံရှိ၍ စီမံခန့်ခွဲမှု သဘောတရားကို နားလည်သော အထက်လူကြီးကြောင့်လည်းကောင်း၊ မိမိ၏ ပင်ကိုစိတ်ဓာတ်ကို သိရှိကြသော မိတ်ဆွေပေါင်းဖော်တို့၏ ကူညီမှုကြောင့်သော်လည်းကောင်း၊ အများတွေ ဘယ်လောက်များများ အမှန်တရားသည် သီးခြားတည်ရှိနေသည်ဟူသော လောကနိယာမတရားကြောင့်လည်းကောင်း … ကျွန်မ သက်သာခွင့်ရရှိခဲ့ပြီး ဘေးဥပဒ် မခံစားခဲ့ရပေ။

ကိုယ့်အကြောင်းသိသူတွေက အားပေးနှစ်သိမ့်ကြသည်။ အမှန်လည်း များပြားစွာရှိလေသည်။ လောကဓံတရားဟု မိမိကိုယ်ကို ဖြေသိမ့်ရသည်။

ကျွန်မ အောက်ဘက်တက္ကသိုလ်တစ်ခုမှာ တာဝန်ကျတော့ ဆရာမတစ်ယောက်၏ ရင်ဖွင့်ချက်ကို ကြားရသည်။

သူတို့မိသားစု အရေးကိစ္စတစ်ခုအတွက် ကျောင်းမသွားမိ၍ လူကြီးက ခွင့်မဲ့ပျက်ကွက် လုပ်ခဲ့တာကိုမသိကြောင်း ထိုလူကြီး ပင်စင်သွားပြီး၍ အချိန်အတော်ကြာမှ ရုံးက ခွင့်မဲ့ပျက်ကွက်စာရင်း ပြောကြားရာတွင် မိမိအမည်ပါနေမှ သိရှိရကြောင်း ပြောကြားလေသည်။

အခွင့်အရေးတစ်ခု ဆုံးရှုံးခဲ့ရသည်ဟု ဆိုလေသည်။ စိတ်ထဲ ဘယ်လိုခံစားရလဲဟု မေးမိသည်။

"အဲဒီသတင်းကြားတော့စိတ်မကောင်းဖြစ်မိတာပေါ့။ ဒါပေမယ့်လည်း အချိန်ကြာတော့ ကိုယ့်ဆရာပဲဆိုပြီး ပြေပျောက်ရတာပေါ့ မမျိုးရယ်"။ ဟိုတလောက ဆရာကန်တော့ပွဲမှာ ပြန်တွေ့ပါသေးတယ်။ ရင်ထဲမှာ ဘာမှ မရှိတော့ပါဘူး"

ပုထုဇဉ်ပီပီ စိတ်ကွက်မိပေမယ့် အမြန်ဆုံး ပယ်ဖျောက်နိုင်တဲ့ ထိုစိတ်ထားအတွက် မိမိလည်း လိုက်နာအတုယူရဦးမည်ဟု တွေးရင်း မိတ်ဆွေဆရာမအတွက် ဂုဏ်ယူမိလေသည်။

"အချင်းချင်း စာနာနားလည်မှုလည်း အရေးကြီးပေတာပဲလား" ဟု တွေးရင်း အားလုံးကို ပြုပြင်ပြောင်းလဲနားလည်စေချင်မိသည်။

(၅)

အချိန်တွေ အလီလီပြောင်းလဲခဲ့လေပြီ။ မိတ်ဆွေ အပေါင်းအသင်းတွေလည်း မိမိလိုပင် ပင်စင်ဖြင့် အနားယူသွားကြလေပြီ။ အချို့ကလည်း မိမိတို့ကို အပြီးတိုင် နှုတ်ဆက်၍ လူ့လောကမှ ထွက်ခွာသွားကြလေသည်။

သန်သန်မာမာနှင့် အတူတွဲစပ်လုပ်ကိုင်ကြတဲ့ အပေါင်းအသင်းတွေကို ကျန်းမာရေးမကောင်းကြောင်း သတင်းကြားရလျှင် အပြေးသွားတွေ့ချင်မိသည်။ သို့သော် မိမိကိုယ်တိုင်လည်း ဇရာထောင်းပြီမို့ အရင်ကလို စိတ်သွားတိုင်း ကိုယ်မပါတော့။

ဆရာကန်တော့ပွဲတွေ လုပ်ဖြစ်လျှင်တော့ အချို့ပြန်ဆုံကြပြီး ရှေးဟောင်းနှောင်းဖြစ်တွေ ပြော၍ လွမ်းဆွတ်မျက်ရည်ကျရသည်။ တဖြည်းဖြည်းနှင့် အခြေအနေအရပ်ရပ်ကြောင့် ဆရာကန်တော့ပွဲတွေမှာ မိတ်ဆွေတွေ လျော့လျော့လာတာတွေ့တော့ မိမိကိုယ်တိုင် ဒီအခမ်းအနား တက်နိုင်တာကိုပင် ဘုရား၊ တရား၊ သံဃာ၊ မိဘ၊ ဆရာကျေးဇူးတွေပဲဟု အောက်မေ့မိသည်။

ဘယ်သူတွေ ဆုံးရှာပြီဟု သတင်းကြားလျှင် ပြင်ဆင်သင့်တာတွေ ပြင်ဆင်ထားမိသည်။

အကြောင်းအရာ အခြေအနေတွေ တိုက်ဆိုင်တိုင်း ဖြတ်သန်းခဲ့ရတဲ့ အပေါင်းအဖော်တွေကို ပြန်သတိရဆဲ၊ အမှတ်ရဆဲပင် … ။

နေဝင်ချိန်ကို တရားဓမ္မဖြင့် အဖော်ပြုရင်း တစ်ချိန်က အမှတ်တရ ဓာတ်ပုံလေးတွေကို ထုတ်ကြည့်ကာ တစ်ခါတစ်ရံတော့ လွမ်းစိတ်တွေ ဖြေနေမိပါရဲ့ … … ။

## မေတ္တာဂုဏ်ဆောင် လဝါခေါင်

ထူးမြတ်ပါတဲ့ လဝါခေါင်
သရဝဏ်နက္ခက်ဆောင်။
ရေတွေဖောင်ဖောင် မြစ်ချောင်းအင်း
သပြေသီးမှည့်ဝင်း။
မွှေးပျံ့သန့်ရှင်း ပွင့်လန်းကာ
ရာသီပန်း ခတ္တာ။
ကြည်ညိုဖွယ်ရာ ဆင်ယင်နွှဲ
စာရေးတံတော်ပွဲ။
နှစ်စဉ်အမြဲ ဘိုးဘွားတွေ
လှူဒါန်းဆက်ကပ်ပေး။
ကောင်းမှုအမွေ ထိန်းသိမ်းကြ
ထူးမြတ်သည်ကာလ။
ရှင်တော်ဗုဒ္ဓ ဟောကြားသည်
မေတ္တာသုတ်တော်မည်။
ဂုဏ်တော်ကိုရည် ရွတ်ဖတ်ပေး
လူချစ်နတ်ချစ်ဆေး။
လပြည့်ညလေး ဝါခေါင်ဝယ်
ဟောဖော်မိန့်ခြွေတယ်။
သာယာနာဖွယ် စိတ်ချမ်းမြေ့
မေတ္တာအခါတော်နေ့။ ။

သာကီနွယ်(ညောင်ရမ်း)

---

## ရွှေကရင်နှင့်လက်ချည်ပွဲ

ချည်ဖြူပွဲနဲ့ ရွှေကရင်
ဟိုးရှေးသမိုင်းဝင်။
ဝါခေါင်လတွင် ကျင်းပမြဲ
လိပ်ပြာခေါ်တဲ့ပွဲ။
ညီညာလက်တွဲ ထိန်းသိမ်းကာ
လက်ဆင့်ကမ်းခဲ့တာ။
လက်ကောက်ဝတ်မှာ ချည်လို့ထား
နိမိတ်ကောင်းစေသား။
မိဘဘိုးဘွား လူကြီးတွေ
ဆုံးမစကားခြွေ။
မိသားစုတွေ ကျန်းမာရေး
လက်ချည်ဆုတောင်းပေး။
ယဉ်ကျေးမှုလည်း မြင့်မားပြန်
ထိန်းသိမ်းကြအမှန်။
ရိုးရာမှုဟန် ဘယ်မမေ့
နော်ဖိုးမူတို့ဓလေ့။ ။

မောင်ကြည်လင်(ရွှေကြိုးကြာ)

---

ဆောင်းပါး

# ငါတို့ခေတ် ငါတို့စာပေ တိုးတက်ပါစေ...

**မောင်စိုးငွေ(ကသစ်မြေ)**

နိုင်ငံတစ်နိုင်ငံ၏ ဖွံ့ဖြိုးမှု၊ စည်ပင်ပြောမ်းချမ်းမှု၊ လူမျိုးစုတစ်စု၏ ကြီးမြတ်မှု၊ ခမ်းနားထည်ဝါမှုနှင့် တည်တံ့ခိုင်မာမှုတို့၏ အဓိကအခြေခံအကြောင်းရင်းမှာ စာပေပင်ဖြစ်သည်။ စာပေသည် ကမ္ဘာကြီး၏ ပြောင်းလဲမှု၊ ရှင်သန်မှု၏ အဓိကမဏ္ဍိုင်လည်း ဖြစ်သည်။ ကျွန်တော်တို့ ယခုမျက်မှောက်တွင် မြင်တွေ့နေရသော ဖြစ်တည်မှုတို့သည်ပင် စာပေ၏ စွမ်းပကားတို့ပင်ဖြစ်သည်။

စာပေသည် တိုင်းပြည်တစ်ခု လူမျိုးတစ်စု၏ ရှင်သန်ရပ်တည်ရေးအတွက် ဒေါက်တိုင်တစ်ခုဖြစ်၏။ တိုးတက်ဖွံ့ဖြိုးမှုအတွက် တွန်းအားတစ်ခုဖြစ်၏။ အတိတ်သမိုင်းစဉ်အား ကိုယ်ထင်ပြ၏။ ယဉ်ကျေးမှုအမွေအနှစ်များအား သယ်ဆောင်၏။ ရှေ့လုပ်ငန်းစဉ်များအား လမ်းဖွင့်၏။ ငြိမ်းချမ်းစွာရှင်သန်ရန်အတွက် လမ်းညွှန်၏။ ကျွန်တော်တို့ဘဝတွင် စာပေ၏ အခန်းကဏ္ဍများမှာ အလွန်များလှပေသည်။

ကမ္ဘာ့ထိပ်တန်းနိုင်ငံများအား ကြည့်ပါက ၎င်းတို့၏စာပေကို တန်ဖိုးထားမြတ်နိုးကြသည်ကို တွေ့ရပါသည်။ သူတို့စာပေ၊ သူတို့စကားကို ကမ္ဘာအရပ်ရပ်သို့ ထိုးဖောက်လွှမ်းမိုးရန် အစဉ်ကြိုးစားအားထုတ်နေကြပေသည်။ ဥပမာ-သိပ္ပံပညာရပ်ဆိုင်ရာ ထုတ်ကုန်များ၊ အစားအသောက်နှင့် ဆေးဝါးဆိုင်ရာ ကုန်ပစ္စည်းများ၊ ယဉ်ကျေးမှုနှင့် အနုပညာဆိုင်ရာ ဖျော်ဖြေရေးကဏ္ဍများ စသည်တို့ဖြင့် ယှဉ်တွဲလျက် ၎င်းတို့၏ မိခင်စာပေမျိုးကို တိုးတက်မြင့်မားရန် ပွဲထုတ်အမွှမ်းတင်နေကြသည်ကို တွေ့ရပေသည်။ မိမိစာပေအား တန်ဖိုးထားလျှင် ထားသလောက် မိမိတိုင်းပြည်နှင့် လူမျိုးသည်လည်း လူနေမှုအဆင့်အတန်း တိုးတက်မြင့်မားနေကြသည်ကို သတိချပ်ရပေမည်။ ယနေ့ထိပ်တန်းနိုင်ငံများ ဖြစ်ကြသော အမေရိကန်၊ ဂျပန်၊ တရုတ်၊ ကိုရီးယား အစရှိသော နိုင်ငံများ၏ စာပေနှင့်ဘာသာစကားကို ကမ္ဘာ့ဒေသအသီးသီးမှ လူငယ်လူရွယ်များ အပတ်တကုတ် ကြိုးစားအားထုတ်သင်ယူနေကြပေသည်။ အဘယ်ကြောင့်နည်း။ အဖြေကားရှင်းပါသည်။ မိမိဘဝ တိုးတက်ရေးအတွက် တိုးတက်သောစာပေကို အသုံးချခြင်းပင်ဖြစ်သည်။ စာပေတိုးတက်မှ တိုင်းပြည်တိုးတက်မည်။ တိုင်းပြည်တိုးတက်မှ စာပေတိုးတက်မည်။ တိုင်းပြည်၏ ကဏ္ဍအသီးသီးနှင့် စာပေသည် တိုးတက်ဖွံ့ဖြိုးမှုအရာ၌ တိုက်ရိုက်အချိုးကျ၏။

"တိုင်းပြည်တစ်ခု ဖွံ့ဖြိုးတိုးတက်ရေးအတွက် မိခင်စာပေသည် အဘယ်သို့ အကျိုးပြုပါသနည်း"ဟု မေးစရာရှိသည်။ ဥပမာဆိုရပါလျှင် ခေတ်မီနည်းပညာများအား အခြားစာပေမျိုးဖြင့် ရေးသားထားသည်ထက် မိမိ မိခင်ဘာသာစာပေဖြင့် ရေးသားထားခြင်းက ပို၍နားလည်တတ်မြောက်လွယ်မည် ဖြစ်သည်။ တိကျမှန်ကန်စွာလည်း အသုံးချတတ်ပေမည်။ ထို့ကြောင့် မြန်မာစာပေကို တိုးတက်ဖွံ့ဖြိုးအောင် ကြံဆောင်ကြရပေမည်။

မြန်မာစာပေသည် ပုဂံခေတ်မှစတင်ကာ အခြေခိုင်ခံ့တောင့်တင်းစွာဖြင့် တစ်ခေတ်ပြီး တစ်ခေတ် ဖွံ့ဖြိုးတိုးတက်ပြောင်းလဲလာခဲ့သည်။ ကဗျာ၊ ဝတ္ထု၊ စကားပြေများ ဆေးကျမ်း၊ ဓာတ်ကျမ်းများနှင့် သမိုင်းရာဇဝင်များကို ကြည့်ခြင်းအားဖြင့် မြန်မာစာပေသည် မည်မျှအဆင့်မီ ခမ်းနားတိုးတက်ခဲ့သည်ကို သိရှိနိုင်သည်။ ထိုမျှမက ကနောင်မင်းသားကြီးသည် ဓာတ်ပြုမှုဆိုင်ရာ ပညာရပ်များကို မြန်မာစာပေဖြင့်ပြုစုလျက် စက်ရုံပေါင်း ၅၀ ကျော်ကို တည်ထောင်ကာ အရှေ့တောင်အာရှတွင် စက်မှုနိုင်ငံအဖြစ် ခမ်းနားထည်ဝါခဲ့ဖူးသည်။ ရှင်ဘုရင်နှင့် ပြည်သူ့ဆက်ဆံရေးအတွက် သတင်းစာများ ထုတ်ဝေနိုင်ခဲ့သည်အထိ တိုးတက်ခဲ့သည်။

ကိုလိုနီခေတ်တွင်လည်း မြန်မာစာပေသည် ဆက်လက်ဖွံ့ဖြိုးတိုးတက်ခဲ့သည်။ ထိုခေတ်က မြန်မာစာပေပညာရှင်ကြီးများ၏ ကြိုးစားတီထွင်ကြံဆမှုကြောင့် "ခေတ်စမ်းစာပေ"ဟုပင် တစ်ခေတ်ဆန်း တိုးတက်ခဲ့သည်။ ကိုလိုနီနယ်ချဲ့တို့၏ စနစ်ဆိုးကြောင့် မြန်မာစာပေကို ဖိနှိပ်ချိုးနှိမ်ခံရချိန်တွင် "မြန်မာစာသည်.... တို့စာ"၊ "မြန်မာစကားသည်..... တို့စကား"ဟု ကြွေးကြော်တော်လှန်၍ မြန်မာစာပေကို ထိန်းသိမ်းစောင့်ရှောက်ခဲ့ကြရသည်။ ကိုလိုနီခေတ်အဆက်ဆက် စာပေပညာရှင်ကြီးများနှင့် ပြည်သူပြည်သားတို့၏ကျေးဇူးကြောင့် မြန်မာစာပေ အခြေတိုးမြင့် ကျန်ရစ်ရပေသည်။

ယနေ့ခေတ်မျက်မှောက်တွင် "မြန်မာစာပေ ဖွံ့ဖြိုးတိုးတက်ပါသလား"ဟု မေးစရာရှိသည်။ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နည်းပညာခေတ်ကြီးတွင် မြန်မာစာပေသည် ရုံးပိုင်းဆိုင်ရာ အသုံးပြုမှုတွင်သာ ရောင့်ရဲမနေသင့်ပေ။ သုတ၊ ရသ စာပေမျိုးဖန်တီးရမည်။ အသစ်အသစ်သော နည်းပညာများကိုလည်း မြန်မာစာပေဖြင့် ပြုစုဖြန့်ဝေရမည်။ မြန်မာစာပေအား ကမ္ဘာအရပ်ရပ်သို့ တိုးပွားပျံ့နှံ့အောင်လည်း ကြံစည်အားထုတ်ရမည်။ ယနေ့ခေတ်တွင် စာဖတ်အားလျော့နည်းသည်ဟု ထင်ရသော်လည်း အမှန်တကယ်တွင် စာအလွန်ဖတ်ကြသည်။ အွန်လိုင်းပေါ်တွင်ဖတ်ခြင်းနှင့် စာအုပ်ကိုင်၍ဖတ်ခြင်းသာကွာပါလိမ့်မည်။ အွန်လိုင်းပေါ်တွင် မြန်မာစာပေကို ကဖျက်ယဖျက် ရေးသားကြသည်ကို တွေ့ရပါသည်။ သို့သော်လည်း အွန်လိုင်းစာမျက်နှာများပေါ်တွင် မြန်မာစာတိုးတက်ရေးအတွက် ကြိုးစား၍ ရေးသားဖတ်ရှုနေကြသော ဝါသနာရှင်၊ ပညာရှင်များစွာရှိပါသည်။ မည်သို့ပင်ဆိုစေ မြန်မာစာပျက်စီးရာ ပျက်စီးကြောင်းကို ရှောင်ကြဉ်၍ မြန်မာစာပေ ဖွံ့ဖြိုးတိုးတက်ရန် ဆောင်ရွက်ရမည်။

နိုင်ငံတကာမှ ဝင်ရောက်ရင်းနှီးမြှုပ်နှံမှုများနှင့် အတူ မြန်မာစာပေ တိုးတက်အောင်လည်း တစ်ပါတည်းဆောင်ရွက်ဖို့လိုသည်။ သို့မှသာ နိုင်ငံသားတစ်ဦးချင်းစီ သိရှိနားလည်ပြီး အကျိုးခံစားခွင့်များလည်း တန်းတူရရှိမည်ဖြစ်သည်။ ခေတ်အဆက်ဆက်တောက်ပခဲ့သော မြန်မာစာပေသည် ကျွန်တော်တို့လက်ထက်တွင် ပိုမိုတိုးတက်သောစာပေအဖြစ် ဖန်တီး၍ ဖွံ့ဖြိုးတိုးတက်သော နိုင်ငံသစ်ကို တည်ဆောက်ကြရမည်မှာ မျက်မှောက်ခေတ် ကျွန်တော်တို့၏ တာဝန်ပင်ဖြစ်သည်။ တိုင်းပြည်တစ်ခု၊ လူမျိုးတစ်စု၏ အနာဂတ်အား အဓိကပံ့ကိုင်သူသည် စာပေဖြစ်ခြင်းကြောင့် "မြန်မာစာပေ"ခေတ်နှင့်အညီ ဖွံ့ဖြိုးတိုးတက်ပါစေဟုသာ.....။ ။

---

## ခတ္တာပန်းလှ မွှေးပျံ့ချိန်

❖ ဝါဆိုဝါခေါင်၊ ရေဖောင်ဖောင်
မိုးတောင်ကမည်း၊ မိုးကသည်း
မိုးသည်းချိန်တွင်၊ တိမ်လျှိုးဆင်
ကောင်းကင်ပြင်ထက်၊ လျှပ်စီးလက်
လက်တယ်လေလေ့ လက်တယ်လေ့။

❖ ကောင်းကင်တစ်ခို၊ ပြိုမလို
တိမ်ညိုမှိုင်းမှိုင်း၊ မှိုင်းညို့ညို့
ဖားတို့အုံအင်၊ သံချိုလွင်
လွင်တယ်လေလေ့ လွင်တယ်လေ့။

❖ လယ်ကွင်းထဲတွင်၊ တမန်းပြင်
ပျိုခင်တစ်သိုက်၊ ပြုံးပျော်ပိုက်
ကောက်စိုက်ချိန်ခါ၊ တေးသံသာ
သာတယ်လေလေ့ သာတယ်လေ့။

❖ နှစ်လိုဖွယ်ရာ၊ ပန်းခတ္တာ
ရာသီချိန်သင့်၊ ခါမလင့်
လေးပွင့်တစ်ခိုင်၊ အတူပြိုင်
မွှေးကြိုင်ထုံသင်း၊ အလှခင်း
ခင်းတယ်လေလေ့ ခင်းတယ်လေ့။

❖ မြန်မာ့မှုဟန်၊ စာရေးတံ
သံဃာလှူမြဲ၊ ဒါနပွဲ
ဆင်နွှဲတူဆုံ၊ ကုသိုလ်ထုံ
ထုံတယ်လေလေ့ ထုံတယ်လေ့။

❖ ရှေးမှုမဖျက်၊ ဘယ်မပျက်
နှစ်သက်ဖွယ်ဆောင်၊ ယဉ်ဖွဲ့နှောင်
ဝါခေါင်ဤလ၊ သာပေစွ
သီလလည်းယူ၊ ဒါနကူ
ကူတယ်လေလေ့ ကူတယ်လေ့။ ။

နှင်းဇာခြည်မြင့်(ရွှေကျွန်းမြေ)

# သမိုင်းပညာရှင် ဆရာကြီးစည်သူဒေါက်တာခင်မောင်ညွန့်

## ကြည်ကြည်မြင့်(စာပေဗိမာန်)




**(ယမန်နေ့မှအဆက်)**

ထို့ပြင် ဆရာကြီးသည် ၂၀၁၆ ခုနှစ်အတွက် (အင်္ဂလိပ်ဘာသာ- သုတ)ဆုကို THE HISTORIC BELLS OF YANGON ဖြင့် ရရှိခဲ့ပါသည်။

“THE HISTORIC BELLS OF YANGON စာအုပ်သည် သမိုင်းနှင့် ယဉ်ကျေးမှုဆိုင်ရာ လိုအပ်ချက်ကွက်လပ်ကို ဖြည့်ဆည်းပေးထားပါသည်။ ခေါင်းလောင်းစာသည် ကျောက်စာလောက် အရေးမပါဟု ယူဆတတ်သူများအား ခေါင်းလောင်းစာများ၏ အရေးပါပုံကို သိမြင်စေသည်။ စာရေးသူသည် ရန်ကုန်မြို့၏ ဘုရားပုထိုးစေတီဝင်းများတွင် ချိတ်ဆွဲထားသည့် သမိုင်းဝင်ခေါင်းဆောင်များ၏ သမိုင်းဝင်ခေါင်းလောင်းစာများကို လေ့လာဆန်းစစ်တင်ပြထားသည်ကို တွေ့ရှိရသည်။ ရွှေတိဂုံစေတီတော်ရှိ စဥ့်ကူးမင်းခေါင်းလောင်းကြီးနှင့် သာယာဝတီမင်းခေါင်းလောင်းကြီးကို အသေးစိတ်တင်ပြထားပြီး ဆူးလေစေတီတော်မှ ခေါင်းလောင်းများနှင့် ကိုးထပ်ကြီးဘုရား၊ ငါးထပ်ကြီးဘုရား၊ ကျိုက္ကဆံဘုရား၊ ကျိုက်ဝိုင်းဘုရား၊ ကျိုက္ကလို့ဘုရားတို့၏ ပရိဝုဏ်များတွင် ချိတ်ဆွဲပူဇော်ထားသော ခေါင်းလောင်းများ၏စာများကိုပါ ဝန်းရံရှင်းလင်းထားသည်။ အထူးသဖြင့် အေဒီ ၁၇၇၉ ခုနှစ်တွင် အပြီးသတ်သွန်းလုပ်ခဲ့သော သမိုင်းတန်ဖိုးမြင့်သည့် စဥ့်ကူးမင်းခေါင်းလောင်းတော်နှင့် အေဒီ ၁၈၄၃ ခုနှစ်တွင် သွန်းလုပ်တော်မူခဲ့သော သာယာဝတီမင်းခေါင်းလောင်းတော်တို့ကို အသေးစိတ်တင်ပြထားသည်။ ခေါင်းလောင်းစာဟူသည် လှူဒါန်းသူ၏ ကောင်းမှုကုသိုလ်မှတ်တမ်းဟု ဆိုရသော်လည်း ခေတ်စနစ်တစ်ရပ်၏ နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေး၊ ယဉ်ကျေးမှုတို့မှအစ မြန်မာမှုအထွေထွေကို စာရေးသူက ထင်ဟပ်ဖော်ပြထားသည်။ သမိုင်းအထောက်အကူပြု တစ်နည်းအားဖြင့် သမိုင်းဖြည့်ကွက်ဟု ဆိုကြရပါသည်။

စာရေးသူကိုယ်တိုင်က သမိုင်းပညာရပ်ကို အထူးတလည် လေ့လာလိုက်စားပြီး ကိုယ်တိုင်ရေး အင်္ဂလိပ်စာဖြင့် မြန်မာမှုကို ဖော်ထုတ်ထားပါသည်။ အင်္ဂလိပ်စာအရေးအသားတွင်လည်း ပညာရပ်ပိုင်းကို ပညာရပ်ဆန်ဆန်တင်ပြခြင်းမဟုတ်ဘဲ သာမန်စာဖတ်သူတစ်ဦး နားလည်ခံစားနိုင်စေသည့် အရေးအသားဖြစ်သည်။ မြန်မာမှုမြန်မာ့ရေးရာကို အင်္ဂလိပ်ဘာသာဖြင့် နိုင်ငံတကာသို့ ထိုးဖောက်နိုင်စွမ်းရှိသည်”ဟု ဆုရွေးချယ်ရေးအဖွဲ့က သုံးသပ်ထားပါသည်။

ဆုရရှိခဲ့သည့်အပေါ် ဆရာကြီးက မှဒိတာစကားပြောကြားရာတွင် “အခုလိုစာပေဆုရတာ ဝမ်းသာပါတယ်။ အရင်တုန်းကလည်း စာပေဆုတွေ ရခဲ့တယ်။ ဒါက သုတေသနလုပ်တာ တော်တော်ကြာတယ်။ ခဲရာခဲဆစ်လုပ်ခဲ့ရတာ။ ခေါင်းလောင်းစာကစာတွေဖတ်ဖို့ ငြမ်းဆင်ထားတဲ့အပေါ်တွေ တက်ပြီး မှန်ဘီလူးနဲ့ကို ဖတ်ခဲ့ရတယ်။ သိပ်မထင်တဲ့စာတွေကို ရေဆေးပြီး ဖတ်ခဲ့ရတာ။ တချို့ဆို ထူးထူးဆန်းဆန်း အင်းကွက်တွေပါတယ်။ အင်းကွက်တွေကလည်း သူ့အဓိပ္ပာယ်နဲ့သူရှိနေတော့ ဒီစာအုပ်ထဲမှာမပါဘူး။ ဒါတွေကိုတော့ နားလည်ပေးပါလို့ ပြောချင်တယ်။ အခုလို ဆုရတဲ့အတွက်လည်း ဝမ်းသာတယ်။ ဆရာလည်း စာတွေဆက်ရေးဖို့ရှိနေပါတယ်။ ကျွန်တော်က သမိုင်းဌာနမှာတာဝန်ထမ်းဆောင်နေတဲ့အချိန် ရွှေတိဂုံဘုရားပေါ်ရောက်တဲ့အခါနဲ့ ကျိုက္ကလို့၊ ကျိုက္ကလဲ့ဘုရားတို့ကိုရောက်တဲ့အခါတွေမှာ လျှောက်ပြီးကြည့်တယ်။ ကျောက်စာတွေ ဖတ်တယ်။ ခေါင်းလောင်းစာတွေ ဖတ်တယ်။ ခေါင်းလောင်းစာတွေထဲမှာ အလှူအတန်းတွေအကြောင်းကို တွေ့ရတယ်။ အထူးသဖြင့် အင်္ဂလိပ်-မြန်မာစစ်ပွဲတွေအကြောင်းလည်း တွေ့ရတယ်။ အင်္ဂလိပ်နဲ့မြန်မာ စစ်မဖြစ်မီက မြန်မာရဲ့အင်ပါယာဟာ အကြီးကြီးဆိုတာ သိရတယ်။ ခေါင်းလောင်းစာတွေမှာ လှူဒါန်းတဲ့အလှူရှင်တွေရဲ့ ရည်ရွယ်ချက်အမျိုးမျိုးကို တွေ့ရတယ်။ ဆုတောင်းစာတွေလည်း ပါတယ်။ လှူဒါန်းတဲ့ကြေးဈေးနှုန်းက ဘယ်လောက်ရှိတယ်။ ပိဿာချိန်က ဘယ်လောက်ရှိတယ်ဆိုတာကို တွေ့ရတယ်။ ပန်းတဉ်းပညာရှင်က ဘယ်သူဆိုတာတွေလည်း ပါတယ်။ ပန်းတဉ်းပညာရှင်၊ ကြေးပညာရှင်တွေကတော့ မန္တလေးကများတယ်။ ဒါတွေဟာ စီးပွားရေးစစ်တမ်းကောက်လို့ရတဲ့အထိ အရေးပါတာတွေ့ရတယ်။ ခေါင်းလောင်းတွေမှာ အလှူရှင်တွေရဲ့ နတ်လူသာခုခေါ်ပါစေသော်၊ နိဗ္ဗာန်ရောက်ရပါလို၏ ဆိုတာလောက် မဟုတ်တော့ဘဲ ခေတ်ရဲ့ နိုင်ငံရေး၊ စီးပွားရေးတွေကို ဖော်ပြနေတာ ဖြစ်ပါတယ်။ ခေါင်းလောင်းတွေမှာ ပါဠိလိုရေးတာရှိတယ်။ သက္ကတဘာသာနဲ့ ရေးတာရှိတယ်။ သင်္ကေတတွေနဲ့ ထိုးထားတာလည်း ရှိတယ်။ သုတေသနပြုလုပ်ရတာ အတော်လေးကြာခဲ့ပါတယ်။ စဥ့်ကူးမင်းခေါင်းလောင်းကြီးကတော့ အထင်ရှားဆုံးဖြစ်ပါတယ်။ အင်္ဂလိပ်က စစ်အောင်တဲ့အထိမ်းအမှတ်နဲ့ လန်ဒန်ကို ယူသွားဖို့ကြိုးစားခဲ့ပေမယ့် ဒေါပုံမြစ်ထဲကို ပြုတ်ကျသွားခဲ့ပါတယ်။ အင်္ဂလိပ်တွေ မဆယ်နိုင်တဲ့ ဒီခေါင်းလောင်းကြီးကို မြန်မာ့နည်းမြန်မာ့ဟန်နဲ့ ဆယ်ယူပြီး ရွှေတိဂုံဘုရားမှာ ပြန်လည်ချိတ်ဆွဲထားခဲ့ပါတယ်” ဟု ပြောကြားခဲ့ပါသည်။

**ဆရာကြီး၏ ထင်ရှားကျော်ကြားသည့် စာအုပ်အချို့**

**ကျွန်တော် မစ္စတာဘားမား** စာအုပ်သည် ဆရာကြီး၏ ၁၉၅၆ ခုနှစ်မှ ၁၉၆၀ ပြည့်နှစ်ကာလက နိုင်ငံတော်အစိုးရ၏ ပညာတော်သင်ဆုရ၍ လန်ဒန်တက္ကသိုလ် လန်ဒန်စီးပွားရေးနှင့် နိုင်ငံရေးသိပ္ပံကောလိပ် (London School of Economics and Political Science) တွင် နိုင်ငံတကာဆက်ဆံရေးပညာဘာသာရပ်အတွက် သွားရောက်စဉ်က ပညာတော်သင်မှတ်တမ်းစာအုပ် ဖြစ်ပါသည်။ ဆရာကြီးသည် လန်ဒန်၌ လေးနှစ်ကြာ သွားရောက်ပညာသင်ကြားခဲ့ရပါသည်။ ထိုသို့ ပညာသင်ကြားရင်း လန်ဒန်တက္ကသိုလ်တွင် နိုင်ငံတကာကျောင်းသားများ ဗြိတိသျှလူမျိုးစုများနှင့် ရင်းနှီးကျွမ်းဝင်စွာ ပေါင်းသင်းဆက်ဆံမိခဲ့ပုံများ၊ သူတို့၏ ဘဝဓလေ့များ၊ အားလပ်ချိန်တွင် အသံလွှင့်ခြင်း၊ ပါဆယ်ပို့ခြင်း၊ စားပွဲထိုးဝင်လုပ်ခြင်းစသည်တို့ကို လုပ်ဆောင်ခဲ့ပုံများ၊ နွေရာသီကျောင်းပိတ်ရက်များတွင် လန်ဒန်ပြင်ပရှိ မြို့ရွာများက ဖိတ်ကြား၍ မြန်မာ့ယဉ်ကျေးမှုသမိုင်းကြောင်းကို သွားရောက်ဟောပြောခဲ့ပုံများ၊ ရန်ကုန်မှ လစ်ဘာပူးဆိပ်ကမ်းသို့ သင်္ဘောဖြင့် အသွားအပြန် သွားရောက်ခဲ့သည့် အတွေ့အကြုံများ၊ ပညာသင်ကြားရေးအတွေ့အကြုံများနှင့် ဒေသန္တရဗဟုသုတများကို စိတ်ဝင်စားဖွယ် မှတ်တမ်းတင်ရေးသားထားပါသည်။

**A POT-POURRI OF MYANMAR CULTURE** စာအုပ်တွင် ဆောင်းပါးပေါင်း အပုဒ် ၅၀ ပါဝင်ပြီး ယင်းဆောင်းပါးတို့သည် စနေနေ့ညနေတိုင်း မြန်မာ့အသံမှ အင်္ဂလိပ်ဘာသာအစီအစဉ်တွင် ထုတ်လွှင့်ခဲ့သည့် ဆရာကြီး၏ ရေဒီယိုဟောပြောချက်များ ဖြစ်ပါသည်။ ဆောင်းပါးများတွင် မြန်မာ့သဘာဝပတ်ဝန်းကျင်ဆိုင်ရာ၊ သမိုင်းဆိုင်ရာ၊ ရှေးဟောင်းသုတေသနဆိုင်ရာ၊ ဗုဒ္ဓဘာသာဆိုင်ရာ၊ မြန်မာ့ယဉ်ကျေးမှုဓလေ့ထုံးတမ်းဆိုင်ရာ၊ စာပေအနုပညာဆိုင်ရာ၊ လူမှုထုံးတမ်းဓလေ့ဆိုင်ရာ စာပေများ စသည်ဖြင့် ရသစုံလင်စွာ ပါဝင်ပါသည်။ ထိုစဉ်က ဆရာကြီး၏ ဟောပြောချက်များကို နားထောင်သူ မြန်မာပရိသတ်များသာမက နိုင်ငံခြားသားများကလည်း နှစ်ခြိုက်အားပေးခဲ့ကြပါသည်။

**AN OUTLINE HISTORY OF MYANMAR LITERATURE** စာအုပ်သည် ပုဂံခေတ်မှ ကုန်းဘောင်ခေတ်အတွင်း မြန်မာစာပေသမိုင်းကို အင်္ဂလိပ်ဘာသာဖြင့် အကျဉ်းရေးသားထားခြင်း ဖြစ်ပါသည်။ ပုဂံခေတ်၊ ပင်းယခေတ်၊ အင်းဝခေတ်၊ တောင်ငူခေတ်၊ ညောင်ရမ်းခေတ်နှင့် ကုန်းဘောင်ခေတ်အတွင်း မြန်မာစာပေနှင့် မြန်မာစာပေပညာရှင်ကြီးများအကြောင်းကို အနှစ်ချုပ်တင်ပြထားပြီး ဆရာကြီးဦးဖေမောင်တင်၏ “မြန်မာစာပေသမိုင်း” ကိုအခြေပြုရေးသားထားသော စာအုပ်ဖြစ်ပါသည်။ မြန်မာစာပေကို လေ့လာသုတေသနပြုနေကြသော နိုင်ငံတကာသုတေသီတို့အတွက် တန်ဖိုးရှိလှသည့်စာအုပ်ဖြစ်ပါသည်။ ယင်းစာအုပ်ကို စာပေဗိမာန်က ပြန်လည်ပုံနှိပ်နိုင်ရန် စီစဉ်လျက်ရှိပါသည်။

**စာမျက်နှာ ၂၃ သို့** ☆

❖ THE HISTORIC BELLS OF YANGON **စာအုပ်သည် သမိုင်းနှင့် ယဉ်ကျေးမှုဆိုင်ရာ လိုအပ်ချက်ကွက်လပ်ကို ဖြည့်ဆည်းပေးထားပါသည်။ ခေါင်းလောင်းစာသည် ကျောက်စာလောက်အရေးမပါဟု ယူဆတတ်သူများအား ခေါင်းလောင်းစာများ၏ အရေးပါပုံကို သိမြင်စေသည်**

❖ **ခေါင်းလောင်းစာဟူသည် လှူဒါန်းသူ၏ ကောင်းမှုကုသိုလ်မှတ်တမ်းဟုဆိုရသော်လည်း ခေတ်စနစ်တစ်ရပ်၏ နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေး၊ ယဉ်ကျေးမှုတို့မှအစ မြန်မာမှုအထွေထွေကို စာရေးသူက ထင်ဟပ်ဖော်ပြထားသည်။ သမိုင်းအထောက်အကူပြု တစ်နည်းအားဖြင့် သမိုင်းဖြည့်ကွက်ဟု ဆိုကြရ**

## ဒေသခံပြည်သူများ၊ ကျန်းမာရေးဝန်ထမ်းများနှင့် စေတနာ့ဝန်ထမ်းများအတွက် ဆန်၊ စားသောက်ဖွယ်ရာများ၊ ထောက်ပံ့ငွေနှင့် ကိုဗစ်-၁၉ ရောဂါ ကာကွယ်ရေးအထောက်အကူပြုပစ္စည်းများ ထောက်ပံ့ပေးအပ်



**နေပြည်တော် ဩဂုတ် ၂၁**

စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များ၊ မြန်မာနိုင်ငံ ရဲတပ်ဖွဲ့ဝင်များ၊ ပြည်သူ့စစ်(ဌာနေ) တပ်ဖွဲ့ဝင်များ၊ ကျန်းမာရေးဝန်ထမ်းများ၊ စေတနာ့ဝန်ထမ်းများနှင့် ဒေသခံပြည်သူများ စားရေးအဆင်ပြေစေရေးအတွက် တပ်မတော်နှင့် စေတနာရှင်အလှူရှင်များက စားသောက်ဖွယ်ရာများ၊ ထောက်ပံ့ငွေများနှင့် ရောဂါကာကွယ်ရေး အထောက်အကူပြု ပစ္စည်းများကို ထောက်ပံ့လှူဒါန်းလျက်ရှိသည်။

ထိုသို့ပေးအပ်လျက်ရှိရာ ယနေ့တွင် ဧရာဝတီတိုင်းဒေသကြီး ကျုံပျော်မြို့ အမှတ်(၄)ရပ်ကွက်ရှိ ဒေသခံပြည်သူများကို ဆန်နှင့် စားသောက်ဖွယ်ရာများကိုလည်းကောင်း၊ ဧရာဝတီတိုင်းဒေသကြီး အတွင်းရှိ ကျန်းမာရေးဝန်ထမ်းများနှင့် ဆေးရုံများအတွက် ထောက်ပံ့ငွေကျပ် ၁၀၂၅ သိန်း၊ ကန့်သတ်စောင့်ကြည့်ရေးစခန်း၊ ကုသရေးစင်တာနှင့် ကုသရေးဆေးရုံများတွင် တာဝန်ထမ်းဆောင်နေသည့် စေတနာ့ဝန်ထမ်းများ၏ စားစရိတ်နှင့် စက်သုံးဆီအတွက် ထောက်ပံ့ငွေကျပ် ၂၁၅၅ သိန်း၊ ဧရာဝတီတိုင်းဒေသကြီး အတွင်းရှိ ကျန်းမာရေးဝန်ထမ်းများနှင့် ကန့်သတ်စောင့်ကြည့်ရေးစခန်း၊ ကုသရေးစင်တာနှင့် ကုသရေးဆေးရုံများတွင် တာဝန် ထမ်းဆောင်လျက်ရှိသည့် စေတနာ့ဝန်ထမ်းများအတွက် ထောက်ပံ့ငွေကျပ်သိန်း ၂၁၇၀ တန်ဖိုးရှိ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ရေးအထောက်အကူပြုပစ္စည်းများကိုလည်းကောင်း၊ မန္တလေးတိုင်းဒေသကြီး ချောက်မြို့နယ် ပြည်သူ့ဆေးရုံရှိ ဆေးရုံတက်လူနာများအတွက် အာဟာရဖြည့် စားသောက်ဖွယ်ရာများကိုလည်းကောင်း သက်ဆိုင်ရာ တိုင်းဒေသကြီးနှင့် ပြည်နယ် အသီးသီးတို့မှ ဝန်ကြီးချုပ်များ၊ တိုင်းစစ်ဌာနချုပ်အသီးသီးမှ တိုင်းမှူးများနှင့် တာဝန်ရှိသူများက သွားရောက် ထောက်ပံ့လှူဒါန်းကြရာ တာဝန်ရှိသူများက လက်ခံရယူခဲ့ကြကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

■

## တက္ကသိုလ်ဝင်ခွင့်စာမေးပွဲ အောင်လက်မှတ်နှင့် အမှတ်စာရင်းများကို မြန်မာ့စာတိုက်လုပ်ငန်းမှတစ်ဆင့် လျှောက်ထားထုတ်ယူနိုင်ရေးဆောင်ရွက်ထား

**နေပြည်တော် ဩဂုတ် ၂၁**

ကျင်းပပြီးစီးခဲ့သည့် တက္ကသိုလ်ဝင်ခွင့်စာမေးပွဲများ၏ အောင်လက်မှတ်များနှင့်အမှတ်စာရင်းများအား စာတိုက်မှတစ်ဆင့် ထုတ်ပေးခြင်းလုပ်ငန်းကို မြန်မာနိုင်ငံ စာစစ်ဦးစီးဌာန(နေပြည်တော်)နှင့် မြန်မာနိုင်ငံ စာစစ်ဦးစီးဌာန (ရန်ကုန်ရုံးခွဲ)တို့တွင် အဆင်ပြေချောမွေ့စွာ ဆောင်ရွက်ပေးနိုင်ရေးအတွက် ကြိုတင်ပြင်ဆင်စီစဉ်ဆောင်ရွက်ထားရမည်ဖြစ်ပါကြောင်း မြန်မာနိုင်ငံစာစစ်ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာမျိုးသန့်က ပြောကြားသည်။



ယနေ့နံနက်ပိုင်းတွင် ဗီဒီယိုကွန်ဖရင့်စနစ်ဖြင့် ကျင်းပသည့် မြန်မာနိုင်ငံစာစစ်ဦးစီးဌာန လုပ်ငန်းညှိနှိုင်းအစည်းအဝေးတွင် ညွှန်ကြားရေးမှူးချုပ်က ထိုသို့ပြောကြားခြင်းဖြစ်သည်။

**စာတိုက်များမှတစ်ဆင့် ထုတ်ပေး**

ဆက်လက်၍ ညွှန်ကြားရေးမှူးချုပ်က ကျင်းပပြီးစီးခဲ့သည့် တက္ကသိုလ်ဝင်ခွင့်စာမေးပွဲများ၏ အောင်လက်မှတ်နှင့် အမှတ်စာရင်းများကို ယခင်က နေပြည်တော်ရုံးချုပ်နှင့် ရန်ကုန်ရုံးခွဲတို့တွင် ရုံးချိန်အတွင်း လူကိုယ်တိုင်လာရောက် လျှောက်ထားထုတ်ယူခွင့်ပြုခဲ့ပါကြောင်း၊ ယခုအခါ ကိုဗစ်-၁၉ ရောဂါကူးစက်မှုကို ကာကွယ်ထိန်းချုပ်နိုင်ရန်အတွက် လူကိုယ်တိုင် လာရောက်ထုတ်ယူခွင့်မပြုဘဲ စာတိုက်များမှတစ်ဆင့် ထုတ်ပေးခြင်းဖြစ်ပါကြောင်း။

အောင်လက်မှတ်နှင့် အမှတ်စာရင်းများကို မြန်မာနိုင်ငံစာစစ်ဦးစီးဌာနမှ ပြန်လည်ပေးပို့ရာတွင် မြန်မာ့စာတိုက်လုပ်ငန်း၏ ပေးပို့ခပါဝင်ပြီး Smart Register စာအိတ်အသုံးပြုသွားမည်ဖြစ်ပါကြောင်း၊ အောင်လက်မှတ်၊ အမှတ်စာရင်းအတွက် နိုင်ငံတော်သို့ ပေးသွင်းရငွေနှင့် Smart Register စာအိတ်ဖိုးအပါအဝင် ကျသင့်နှုန်းထားများမှာ အောင်လက်မှတ်တစ်စောင်လျှင် ငွေကျပ် ၁၆၀၀၊ အမှတ်စာရင်းတစ်စောင်လျှင် ငွေကျပ် ၁၀၀၀၊ အောင်လက်မှတ်နှင့် အမှတ်စာရင်းတစ်စုံလျှင် ငွေကျပ် ၂၀၀၀၊ အောင်လက်မှတ်ပျောက်ဆုံး/ပျက်စီးသူများအတွက် အောင်လက်မှတ်မိတ္တူ တစ်စောင်လျှင် ငွေကျပ် ၂၂၀၀ သတ်မှတ်ထားပါကြောင်း၊ အဆိုပါ ကျသင့်ငွေများကို မြန်မာ့စာတိုက်လုပ်ငန်း၏ ငွေပို့လွှာ (Money Order) ဖြင့်သာ ပေးပို့စေမည်ဖြစ်ပါကြောင်း၊ အောင်လက်မှတ်နှင့် အမှတ်စာရင်း လျှောက်ထားရယူရန် လိုအပ်သည့် အချက်အလက်များနှင့် လျှောက်ထားရန် လမ်းညွှန်ချက်များကို မြန်မာ့စာတိုက်လုပ်ငန်း၏ စာတိုက်များတွင် ကြော်ငြာကပ်ထားပေးခြင်းဖြင့် လျှောက်ထားလိုသူများသည် နီးစပ်ရာစာတိုက်များတွင် သွားရောက်လျှောက်ထားနိုင်မည်ဖြစ်ပါကြောင်း၊ သို့ဖြစ်ရာ ရုံးများပြန်ဖွင့်ချိန်တွင် လုပ်ငန်းများ စနစ်တကျ လျင်မြန်စွာ ပြီးမြောက်အောင်မြင်နိုင်ရေး ကြိုတင်ပြင်ဆင်ထားရမည်ဖြစ်ကြောင်း ပြောကြားသည်။

**ဆွေးနွေးတင်ပြ**

ယင်းနောက် အစည်းအဝေးတက်ရောက်လာသည့် ဒုတိယညွှန်ကြားရေးမှူးချုပ်၊ ညွှန်ကြားရေးမှူးများ၊ ဒုတိယညွှန်ကြားရေးမှူးများနှင့် သက်ဆိုင်ရာ တာဝန်ရှိသူများက လုပ်ငန်းနှင့်ပတ်သက်သော ကိစ္စရပ်များကို ဆွေးနွေးတင်ပြကြရာ ညွှန်ကြားရေးမှူးချုပ်က ပြန်လည်ဆွေးနွေး၍ ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးခဲ့သည်။

ရုံးပိတ်ရက်ကာလဖြစ်သော်လည်း တက္ကသိုလ်ဝင်ခွင့်စာမေးပွဲ အောင်လက်မှတ်နှင့် အမှတ်စာရင်းများကို ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန မြန်မာ့စာတိုက်လုပ်ငန်း၏ စာတိုက်များမှတစ်ဆင့် ပေးပို့လျှောက်ထားခွင့်ပြုလျက်ရှိပြီး သက်ဆိုင်ရာ လျှောက်ထားသူများထံသို့ ရုံးများဖွင့်လှစ်ချိန်တွင် စာတိုက်မှတစ်ဆင့် ပြန်လည်ပေးပို့သွားမည်ဖြစ်ကြောင်း သိရသည်။

**စိုးအောင်(ပညာရေး)**

☆ စာမျက်နှာ ၂၂ မှ

ကျွန်မသည် ယခင်က ဆရာကြီး၏ နေပြည်တော်သမိုင်းစာတမ်းကိုသာ ဖတ်ခဲ့ဖူးသော်လည်း စာပေဗိမာန်သို့ စာတည်းတာဝန်ဖြင့် ရောက်ရှိချိန်တွင် ဆရာကြီး၏ စာတမ်းများနှင့် အင်္ဂလိပ်စာအုပ်၊ မြန်မာစာအုပ်များကို သိရှိခွင့်ရရှိခဲ့ပါသည်။

စာပေဗိမာန်သို့ ကျွန်မ အယ်ဒီတာအဖြစ် အလုပ်ဝင်ရောက်သောအခါ ဆရာကြီးနှင့် ရင်းနှီးမှုမရှိသော်လည်း စာပေဗိမာန်မှ ထုတ်ဝေသော သုတပဒေသာစာစောင်တွင် စာမူလာရောက်ပေးပို့ခြင်းနှင့် ကြုံဆုံခဲ့ဖူးပါသည်။ ၂၀၂၀ ပြည့်နှစ်အထိ စာမူများပေးပို့ခဲ့ပြီး စာမူများကို ဆရာကြီး၏ ကိုယ်တိုင်လက်ရေးဖြင့် ရေးသားကာ Reference အဖြစ် မူရင်းစာအုပ်မှ စာရွက်အပိုင်းအစလေးများကို ဖြတ်ယူ၍ ပေးပို့တတ်ပါသည်။ အယ်ဒီတာများ မူရင်းစာမူနှင့်တိုက်ကာ စစ်ဆေးနိုင်ရန်နှင့် လိုအပ်ပါက သရုပ်ဖော်ပုံအဖြစ် အသုံးပြုနိုင်ရန် ဟူ၍ အမှာစာပါတတ်ပါသည်။ တိကျစေ့စပ်သော ပညာရှင်များ၏ နည်းနာများကို အတုခိုးမှတ်သားမိပါသည်။

၁၉၇၂ ခုနှစ်တွင် ကျရောက်ခဲ့သည့် နိုင်ငံတကာစာအုပ်နှစ်အထိမ်းအမှတ်အဖြစ် ထုတ်ဝေခဲ့သည့် ဆရာကြီးမောင်ဆုရှင်နှင့် ဆရာကြီးမောင်ပေါ်ထွန်းတို့ ပြုစုခဲ့သော စာအုပ်ဟူသည့် စာအုပ်တွင် ဆရာကြီးဒေါက်တာခင်မောင်ညွှန့်က “အလိမ္မာစာမှာရှိသည်” ဆိုသော မြန်မာ့ဆိုရိုးစကားသည် မှန်၏။ သို့သော် စာအုပ်များကို အရိုးများ၊ လိပ်ခုံများ၊ ဂူနံရံများ၊ စက္ကူလိပ်များ၊ ရွှံ့ပြားများ၊ ကျောက်ပြားများ၊ သစ်ပြားများ၊ ပေပုရပိုက်များ စသည်တို့အပေါ်တွင် ခေတ်အဆက်ဆက်က ထုထွင်းရေးခြစ်ခဲ့ရာ စာအုပ်၌ရှိသော အလိမ္မာသည် လူထုထံသို့ မရောက်နိုင်ခဲ့ချေ။

စာအုပ်တွင် ရေးသားပုံဖြစ်လာသောအခါမှာ လူထုထံသို့ အလိမ္မာရောက်နိုင်ပါသည်။ ထို့ကြောင့် “စာအုပ်သည် လူထုထံသို့ အလိမ္မာပေးပို့သော အထိရောက်ဆုံးယာဉ် ဖြစ်ပါသည်” ဟူ၍ “အလိမ္မာယာဉ်” ဟု ခေါင်းစည်းတပ်ကာ စာအုပ်၏ဂုဏ်ရည်ကို ရေးသားခဲ့ရာ စိတ်နှလုံးတွင် စွဲမြဲစွာ မှတ်မိလျက်ရှိပါသည်။

ဆရာကြီးသည် စာပေဗိမာန်နှင့် နှစ်ပေါင်းများစွာ ထိတွေ့ဆက်ဆံမှု ရှိခဲ့ပါသည်။ စာပေဗိမာန်၏ အခမ်းအနားများသို့ အသက် ၉၀ နားအထိ မပျက်မကွက် တက်ရောက်အားပေးလျက်ရှိပါသည်။ အမျိုးသားစာပေ စိစစ်ရွေးချယ်ရေးအဖွဲ့ဝင်နှင့် မြန်မာ့ရည်ညွှန်းကျမ်းစိစစ်ရေးအဖွဲ့ဝင်တို့အဖြစ် ဆောင်ရွက်ခဲ့ပြီး စာပေဗိမာန်က ကျင်းပသော စာတမ်းဖတ်ပွဲများတွင် သဘာပတိအဖွဲ့ဝင်နှင့် စာတမ်းရှင်တို့အဖြစ် ပါဝင်ကူညီဆောင်ရွက်ခဲ့သူဖြစ်ပါသည်။ ဆရာကြီးသည် အမျိုးသားစာပေဆုပေးပွဲအခမ်းအနားနှင့် စာတမ်းဖတ်ပွဲများသို့လည်း တက်ရောက်ချီးမြှင့်ခဲ့ပါသည်။

ဆရာကြီးသည် စာပေဗိမာန်တွင် ကျင်းပပြုလုပ်ခဲ့သည့် စာရေးဆရာမကြီး ဒေါ်ကြန်(မကြန်)၏ ရာပြည့်အခမ်းအနားသို့ တက်ရောက်အားပေးခဲ့ပါသည်။ ထို့ပြင် ဆရာမကြီး၏ ရာပြည့်အထိမ်းအမှတ်စာအုပ်တွင်လည်း အမှတ်တရ ဆောင်းပါးရေးသားခဲ့သည်ကိုလည်း ဖတ်ရှုရပါသည်။

ဆရာကြီးသည် ယခုအခါ အသက် ၉၂နှစ်ရှိပြီး ဇနီးဒေါ်လှလှခင်၊ သားသမီးငါးဦး၊ မြေးလေးဦးတို့နှင့်အတူ အမှတ်(၄၉၉/X)၊ မိုးမခလမ်း၊ ဗိုလ်ချုပ်(၂)ရပ်ကွက်၊ တာမွေမြို့နယ်၊ ရန်ကုန်မြို့၌ ကျန်းမာပျော်ရွှင်စွာ နေထိုင်လျက်ရှိပြီး စာပေလုပ်ငန်းများကို ဆောင်ရွက်နေဆဲပင် ဖြစ်ပါသည်။ ကျွန်မသည် ဆရာကြီးနှင့် လူချင်းတွေ့ကာ စကားမပြောဖူးခဲ့သော်လည်း ဆရာကြီးအား ဖုန်းဖြင့်ဆက်သွယ်ပြောဆိုခဲ့ရပါသည်။ ဆရာကြီးသည် အသက် ၉၂နှစ်ရှိပြီဖြစ်သော်လည်း အသံကြည်လင်စွာဖြင့် ပြောဆိုဆွေးနွေးနိုင်ဆဲ ဖြစ်ပါသည်။ ကျွန်မအနေဖြင့်လည်း ဆရာကြီးအား အသက်ရာကျော်တိုင်အောင် သားသမီးမြေးမြစ်များဖြင့် ကျန်းမာအသက်ရှည်စွာနေထိုင်လျက် ရာပြည့်ပွဲကို ပျော်ရွှင်စွာ ဆင်နွှဲနိုင်စေပါကြောင်း ဆုမွန်ကောင်းတောင်းလျက် ဂါရဝပြုရေးသားလိုက်ပါသည်။ ။

**ကျမ်းကိုး**

- **၂၀၀၉ ခုနှစ်အတွက် အမျိုးသားစာပေတစ်သက်တာဆု၊ အမျိုးသားစာပေဆုနှင့် စာပေဗိမာန်ဆုများ**
- **စတုတ္ထအကြိမ်မြောက်သုတစွယ်စုံစာပေဆု ချီးမြှင့်ပွဲအခမ်းအနား**
- **၂၀၁၆ အမျိုးသားစာပေဆု စိစစ်ရွေးချယ်ရေးကော်မတီနှင့် အဖွဲ့ငယ်များ အစီရင်ခံစာ**
- **မြန်မာနိုင်ငံသမိုင်းအဖွဲ့ နောက်ခံသမိုင်းနှင့် အဖွဲ့ဝင်များ၏ အတ္ထုပ္ပတ္တိ**
- **ဆရာကြီးရေးသားခဲ့သော စာအုပ်များ**

# ကိုဗစ်-၁၉ ရောဂါအတည်ပြုလူနာများနှင့် သီးသန့်စောင့်ကြည့်ရမည့်သူများထားရှိရန် ကြိုတင်ပြင်ဆင်မှုများ ဆက်လက်ဆောင်ရွက်

နေပြည်တော် ဩဂုတ် ၂၁

ကိုဗစ်-၁၉ ရောဂါအတည်ပြုလူနာများနှင့် သီးသန့်စောင့်ကြည့်ရမည့်သူများထားရှိရန်အတွက် တိုင်းစစ်ဌာနချုပ် နယ်မြေအသီးသီးရှိ တပ်မတော်ဆေးရုံများ၊ နယ်မြေခံသင်တန်းကျောင်းများ၊ စစ်ကြောရေးနှင့် တည်းခိုရေးစခန်းများ၌ ကြိုတင်ပြင်ဆင်မှုများကို လုပ်ဆောင်လျက်ရှိရာ ပြီးစီးသည့်နေရာများတွင် စနစ်တကျလက်ခံ၍ ကျန်းမာရေးစောင့်ရှောက်မှု လုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိသည်။ ထို့ပြင် ကျန်းမာရေးဝန်ကြီးဌာနနှင့် အခြားဌာနဆိုင်ရာ တာဝန်ရှိသူများ၊ ပရဟိတအဖွဲ့အစည်းများ၊ တာဝန်သိပြည်သူများနှင့် ပူးပေါင်း၍ သက်ဆိုင်ရာမြို့နယ်များ၌ ကန့်သတ်စောင့်ကြည့်ရေးစင်တာများကို ပြင်ဆင်ဆောင်ရွက်လျက်ရှိသည်။

**ညှိနှိုင်းဆောင်ရွက်**

ယင်းသို့ပြင်ဆင်ဆောင်ရွက်ပေးနေမှုများနှင့် ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများဆောင်ရွက်ပေးနေမှုများကို ယနေ့တွင် တိုင်းဒေသကြီးနှင့် ပြည်နယ် အသီးသီးမှ တာဝန်ရှိသူများ၊ သက်ဆိုင်ရာ တိုင်းစစ်ဌာနချုပ်များမှ တိုင်းမှူးများနှင့် တာဝန်ရှိသူများက သွားရောက်ကြည့်ရှု၍ ကိုဗစ်-၁၉ ရောဂါ အထောက်အကူပြုပစ္စည်းများ၊ အာဟာရဖြည့်စားသောက်ဖွယ်ရာများနှင့် အလှူငွေများပေးအပ်ကာ လိုအပ်သည်များ ညှိနှိုင်းဆောင်ရွက်ပေးသည်။

ထိုသို့ပြင်ဆင်လက်ခံဆောင်ရွက်ပေးလျက်ရှိရာ ယနေ့ည ၇ နာရီထိ နေပြည်တော်စစ်ကြောရေးနှင့် တည်းခိုရေးစခန်း၌ သီးသန့်စောင့်ကြည့်ရမည့်သူ အမျိုးသား ၂၀၅ ဦးနှင့် အမျိုးသမီး ၁၁၇ ဦး စုစုပေါင်း ၃၂၂ ဦးကို လည်းကောင်း၊ ဥတ္တရသီရိမြို့နယ်ရှိ နယ်မြေခံတပ်၌ ခေတ်ခွဲအတည်ပြုပိုးတွေ့ လူနာ အမျိုးသား ၁၀ ဦး၊ အမျိုးသမီး နှစ်ဦး စုစုပေါင်း ၁၂ ဦးတို့ကို လည်းကောင်း၊ ရန်ကုန်တိုင်းဒေသကြီး လှိုင်မြို့နယ်စစ်ကြောရေးနှင့် တည်းခိုရေးစခန်း၌ ခေတ်ခွဲအတည်ပြု ပိုးတွေ့လူနာ အမျိုးသား ၁၀၆ ဦးနှင့် အမျိုးသမီး ၁၀၀ စုစုပေါင်း ၂၀၆ ဦးကို လည်းကောင်း၊ ရဲမွန်တပ်မြို့ရှိ နယ်မြေခံတပ်၌ ခေတ်ခွဲအတည်ပြု ပိုးတွေ့လူနာအမျိုးသား ၄၆ ဦးနှင့် အမျိုးသမီး ၁၉ ဦး စုစုပေါင်း ၆၅ ဦး လည်းကောင်း လက်ခံထားရှိကြောင်း သိရှိ ရသည်။

အဆိုပါ စောင့်ကြည့်လူနာများနှင့် ခေတ်ခွဲအတည်ပြု ပိုးတွေ့လူနာများ၏ နေထိုင်စားသောက်ရေးနှင့် ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများကို သက်ဆိုင်ရာတိုင်းစစ်ဌာနချုပ်များရှိ နယ်မြေခံ ဆေးကုသရေးအဖွဲ့များနှင့် တာဝန်ရှိသူများက ကူညီဆောင်ရွက်ပေးလျက်ရှိသည်။ ထို့ပြင် ရှမ်းပြည်နယ်(တောင်ပိုင်း) တောင်ကြီးမြို့ ပညာရေးဒီဂရီကောလိပ်ရှိကန့်သတ်စောင့်ကြည့်ရေးစင်တာအတွက် ပြင်ဆင်နေမှုများကို ယနေ့တွင် ရှမ်းပြည်နယ် ဝန်ကြီးချုပ် ဒေါက်တာကျော်ထွန်း၊ အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်နီလင်းအောင်နှင့် တာဝန်ရှိသူများက သွားရောက်ကြည့်ရှု၍ လိုအပ်သည်များ ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။ **(အပေါ်ပုံ)**



**သတင်းစဉ်**

**✻ ကျောဖုံးမှ**

တောင်ကြီးမြို့သို့ ရောက်ရှိလာသော နေရပ်ပြန်မြန်မာရွှေ့ပြောင်းအလုပ်သမား အမျိုးသား ၂၃၉ ဦးနှင့် အမျိုးသမီး ၁၂၈ ဦး စုစုပေါင်း ၃၆၇ ဦးကို တာဝန်ရှိသူများက တောင်ကြီးစီးပွားရေးဇုန် ကားကြီးကွင်းတွင် ကြိုဆိုခဲ့ကြပြီး လိုအပ်သော ကျန်းမာရေးစစ်ဆေးခြင်း၊ အပူချိန်တိုင်းတာခြင်းများ ဆောင်ရွက်ပေးခဲ့ကြသည်။

ထို့နောက် ၎င်းတို့၏နေရပ်ဒေသအသီးသီးသို့ ဆက်လက်ထွက်ခွာနိုင်ရန် တောင်ကြီးခရိုင်အတွင်းရှိ ရပ်စောက်မြို့မှ ရွှေ့ပြောင်း အလုပ်သမားများကို ယာဉ်ငယ်လိုင်း နှစ်စီးဖြင့်လည်းကောင်း၊ ဟိုပုံးမြို့၊ ဆီဆိုင်မြို့နှင့် ကယားပြည်နယ်မှရွှေ့ပြောင်းအလုပ်သမားများကို ယာဉ်ငယ်လိုင်းတစ်စီးဖြင့်လည်းကောင်း၊ နေပြည်တော်၊ ရန်ကုန်တိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီး၊ ရခိုင်ပြည်နယ်မှနေထိုင်သူများကို နေရပ်ဒေသအသီးသီးသို့ ဒို့ညီနောင်ခရီးသည်တင်မော်တော်ယာဉ်လိုင်းကား ကိုးစီးဖြင့် လည်းကောင်း တောင်ကြီးမြို့မှ ဆက်လက်ပို့ဆောင်ပေးခဲ့ကြောင်း သိရသည်။ **စိုင်းသန်းကျော်(တောင်ကြီး)**

# မြန်မာနိုင်ငံသတင်းမီဒီယာကောင်စီ သတင်းမီဒီယာသမားများ အရည်အသွေးမြှင့်တင်ရေးသင်တန်းဖွင့်လှစ်

ရန်ကုန် ဩဂုတ် ၂၁

မြန်မာနိုင်ငံသတင်းမီဒီယာကောင်စီသည် သတင်းမီဒီယာသမားများ အရည်အသွေးမြှင့်တင်ရေးသင်တန်းအမှတ်စဉ်(၁)ကို အဆိုပါကောင်စီ ရုံးခန်းမ၌ ယနေ့နံနက်ပိုင်းက ကိုဗစ်-၁၉ စည်းကမ်းချက်များနှင့်အညီ ဖွင့်လှစ်ခဲ့သည်။



**ဦးဆောင်ဆွေးနွေး**

သင်တန်းဖွင့်ပွဲ၌ ဒုတိယဥက္ကဋ္ဌ(၁) ဦးအုန်းမောင်(မြင်းမူမောင်နိုင်မိုး) က အဖွင့်အမှာစကားပြောကြားရာတွင် သတင်းသမားများ လိုက်နာသင့်သည့် သတင်းမီဒီယာကျင့်ဝတ်များ၊ နိုင်ငံတော်နှင့် ပြည်သူလူထုအကျိုးအတွက် သတင်းအမှန်များဖော်ထုတ်ပေးနိုင်ရန် လိုအပ်ချက်များကို ပြောကြားပြီး သတင်းမီဒီယာကျင့်ဝတ်နှင့် သတင်းမီဒီယာဖွံ့ဖြိုးရေးကော်မတီ ခေါင်းဆောင်သင်တန်းမှူး ဦးအောင်ပြည့်စုံက သတင်းသမားများ သတိပြုလိုက်နာသင့်သည့် အချက်များကိုမျှဝေခြင်း၊ သတင်းမီဒီယာလောကဖွံ့ဖြိုးရေးအတွက် Round discussion activities ပြုလုပ်ခြင်းများကို ဦးဆောင်ဆွေးနွေးခဲ့သည်။(ဝဲပုံ)

ထို့နောက် သင်တန်းနည်းပြများကသတင်းသမားများ အရည်အသွေးမြှင့်တင်ရေးအတွက် လိုက်နာကျင့်သုံးအပ်သည့်နည်းလမ်းများ၊ ဥပဒေသများကို နံနက်ပိုင်း၊ မွန်းလွဲပိုင်း နှစ်ကြိမ်ခွဲ၍ ဆွေးနွေးပို့ချခဲ့ကြောင်း သိရှိရသည်။

**မောင်နိုင်**

# ပေါက်ခေါင်းမြို့နယ် တောင်နဝင်းဆည်အတွင်း ငါးမျိုးများစိုက်ထည့်

ပေါက်ခေါင်း ဩဂုတ် ၂၁

ပဲခူးတိုင်းဒေသကြီးအတွင်း ငါးသယံဇာတများ ရေရှည်စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်စေရေး၊ လူတစ်ဦးချင်းငါးစားသုံးမှု တိုးတက်စေရေးနှင့် ဒေသခံပြည်သူများ အလုပ်အကိုင်အခွင့်အလမ်းများ ဖွံ့ဖြိုးတိုးတက်လာစေရေးတို့ကိုရည်ရွယ်၍ ပဲခူးတိုင်းဒေသကြီး ပြည်ခရိုင်ငါးလုပ်ငန်းဦးစီးဌာနက ပေါက်ခေါင်းမြို့နယ်ရှိ တောင်နဝင်းဆည်တမံအတွင်း အုတ်ဖို ငါးလုပ်ငန်းစခန်းမှ နှစ်လက်မအရွယ် ငါးမြစ်ချင်းကောင်ရေ ခြောက်သောင်း၊ ငါးခုံးမကြီးကောင်ရေ ခြောက်သောင်း စုစုပေါင်း ငါးသားပေါက်ကောင်ရေ ၁၂၀၀၀၀ အား ယမန်နေ့နံနက်ပိုင်းတွင် ငါးမျိုးများစိုက်ထည့်ပေးခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**



# မအူပင်မြို့နယ် ပန်းတောရေထိန်းတံခါးအတွင်းသို့ ငါးမျိုးများစိုက်ထည့်

မအူပင် ဩဂုတ် ၂၁

ဧရာဝတီတိုင်းဒေသကြီးအတွင်း ရေရှည်စဉ်ဆက်မပြတ် ငါးသယံဇာတများ ဖွံ့ဖြိုးတိုးတက်စေရေး၊ လူတစ်ဦးချင်းငါးစားသုံးမှုတိုးတက်စေရေးနှင့် ကျေးလက်နေပြည်သူများ အလုပ်အကိုင်အခွင့်အလမ်းများ ဖွံ့ဖြိုးတိုးတက်စေရန်ရည်ရွယ်၍ မအူပင်မြို့နယ်ရှိ ပန်းတောရေထိန်းတံခါးအတွင်းသို့ ငါးမျိုးစိုက်ထည့်ခြင်းအခမ်းအနားကို ယနေ့တွင် ကျင်းပသည်။

အဆိုပါ အခမ်းအနားတွင် တလုပ်လှငါးလုပ်ငန်းစခန်းမှ နှစ်လက်မအရွယ် ငါးမြစ်ချင်းနှင့် ငါးခုံးမကြီးသားပေါက်ကောင်ရေ ၅၅၀၀၀၀ အား ပန်းတောရေထိန်းတံခါးအတွင်းသို့ ငါးမျိုးစိုက်ထည့်ပေးခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**



**❍ လီဗာပူးမှ**

လီဗာပူးအသင်းအတွက် သွင်းဂိုးတွေကို ပွဲကစားချိန် ၁၈ မိနစ်မှာ တိုက်စစ်မှူး ဒီယေဂိုဂျိုတာက တစ်ဂိုးနဲ့ ပွဲကစားချိန် ၆၉ မိနစ်မှာ တိုက်စစ်မှူး ဆာဒီယိုမာနေးတို့က သွင်းယူပေးခဲ့တာဖြစ်ပါတယ်။ လီဗာပူးအသင်းဟာ ပရီမီယာလိဂ်အဖွင့်ပွဲစဉ်မှာ နော့ဝှစ်ချ်အသင်းကို သုံးဂိုး-ဂိုးမရှိနဲ့ အနိုင်ရရှိထားတာကြောင့် ၂၀၂၁-၂၀၂၂ ဘောလုံးရာသီရဲ့ ပရီမီယာလိဂ်ရာသီအစမှာ နှစ်ပွဲဆက်နိုင်ပွဲရရှိခဲ့ပြီလည်း ဖြစ်ပါတယ်။

အခုပွဲစဉ်မှာ လီဗာပူးအသင်းအတွက် သွင်းဂိုးတစ်ဂိုးသွင်းယူပေးနိုင်ခဲ့တဲ့ တိုက်စစ်မှူး ဒီယေဂိုဂျိုတာဟာ နော့ဝှစ်ချ်အသင်းနဲ့ ပွဲစဉ်မှာလည်း အဖွင့်ဂိုးသွင်းယူပေးနိုင်ခဲ့ပြီး အခုနှစ်ဘောလုံးရာသီမှာ နှစ်ပွဲကစားအပြီးမှာ နှစ်ဂိုးသွင်းယူနိုင်ခဲ့တဲ့ ကစားသမားလည်း ဖြစ်လာခဲ့ပါတယ်။

ပရီမီယာလိဂ်ပွဲစဉ်(၂)ရဲ့ စနေနေ့ညပိုင်း ယှဉ်ပြိုင်ကစားခဲ့တဲ့ အခြားသောပွဲစဉ်တွေမှာတော့ လက်ရှိချန်ပီယံမန်စီးတီးအသင်းက နော့ဝှစ်ချ်အသင်းကို ငါးဂိုး-ဂိုးမရှိ၊ အက်စ်တွန်ဗီလာအသင်းက နယူးကာဆယ်အသင်းကို နှစ်ဂိုး-ဂိုးမရှိ စသဖြင့် အနိုင်ရရှိခဲ့ပြီး လိဒ်ယူနိုက်တက်အသင်းနဲ့ အဲဗာတန်အသင်းတို့ပွဲစဉ်မှာ တစ်ဖက်နှစ်ဂိုးစီသရေရလဒ်၊ ခရစ္စတယ်ပဲလေ့အသင်းနဲ့ ဘရန်းဖို့ဒ်အသင်းတို့ ပွဲစဉ်မှာ ဂိုးမရှိသရေ ရလဒ် စသဖြင့် ရလဒ်အသီးသီး ထွက်ပေါ်ခဲ့တာဖြစ်ပါတယ်။

**ငွေကြယ်**

# ပုသိမ်ကြီးမြို့နယ်ရှိ ဆရာတော်၊ သံဃာတော်များနှင့် သီလရှင်များအား ဆွမ်းဆန်တော်၊ ဆီ၊ ပဲ၊ ကြက်သွန်များ လှူဒါန်း

ပုသိမ်ကြီး ဩဂုတ် ၂၁

မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့မှ မန္တလေးခရိုင် ပုသိမ်ကြီးမြို့နယ်ရှိ ဝါတွင်းသီတင်းသုံးတော်မူကြသော ဆရာတော်၊ သံဃာတော်များနှင့် သီလရှင်များအား ဆွမ်းဆန်တော်၊ ဆီ၊ ပဲ၊ ကြက်သွန်များ လှူဒါန်းပွဲ အခမ်းအနားကို ယနေ့နံနက် ၉ နာရီက ရန်ကင်းတောင်ခြေရှိ သီရိမင်္ဂလာ သရက်တောကျောင်းတိုက်၌ ကျင်းပသည်။

အခမ်းအနားတွင် မန္တလေးတိုင်းဒေသကြီး လူမှုရေးရာဝန်ကြီး ဦးယဉ်ထွေးက ဆရာတော်၊ သံဃာတော်များအား လှူဖွယ်ဝတ္ထုများ ဆက်ကပ်လှူဒါန်းပြီးနောက် ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ အဖွဲ့ဝင် (၂) ဒေါက်တာလှကြွယ်က ဆွမ်းဆန်တော်၊ ဆီ၊ ပဲ၊ ကြက်သွန်တို့ကို လှူဒါန်းခဲ့သည်။

လှူဒါန်းရာတွင် မြို့နယ်အတွင်းရှိ ရဟန်း၊ သာမဏေ၊ သီလရှင် စုစုပေါင်း ၁၅၂၄ ပါးအတွက် ဆွမ်းဆန်တော် ၃၈၁ အိတ်၊ ဆီ ၇၆၂ ပိဿာ၊ ပဲ ၇၆၂ ပိဿာ၊ ကြက်သွန် ၇၆၂ ပိဿာ စုစုပေါင်း တန်ဖိုးငွေကျပ် ၁၄၅၀၀၈၆၀ ကို လှူဒါန်းခဲ့ကြောင်း သိရသည်။ **မြို့နယ်(ပြန်/ဆက်)**

# ပြည်သူအားလုံးကျန်းမာရေး ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေး ထိုးနှံပေး



**ကျောင်းကုန်း**

ဧရာဝတီတိုင်းဒေသကြီး ကျောင်းကုန်းမြို့နယ်တွင် အသက် ၆၅ နှစ်နှင့်အထက် ဘိုးဘွားများနှင့် မြို့မဈေးအတွင်းရှိ ဈေးရောင်းချသူများအား ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးကို ဩဂုတ် ၂၁ ရက် နံနက် ၈ နာရီက ဆက်လက်ထိုးနှံပေးလျက်ရှိသည်။

ကျောင်းကုန်းမြို့နယ်တွင် စုရပ်(၁) အ.ထ.က(၁)၊ စုရပ်(၂)အ.ထ.က (၂)၊ စုရပ်(၃)အ.ထ.က ဒေါင့်ကြီး၊ စုရပ်(၄)ဝက်ချောင်းဘုန်းကြီးကျောင်း၊ စုရပ်(၅) အ.ထ.ကချောင်ကြီးတို့တွင် အသက် ၆၅ နှစ်နှင့်အထက် ဘိုးဘွားများ၊ စေတနာ့ဝန်ထမ်းများ၊ ပုဂ္ဂလိကကျန်းမာရေးဝန်ထမ်းများ၊ မြို့မဈေးအတွင်းရှိ ဈေးရောင်းချသူများအား ဦးစားပေးအစီအစဉ်အလိုက် ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေး ဆက်လက်ထိုးနှံပေးလျက်ရှိသည်။

ကျောင်းကုန်းမြို့နယ်အနေဖြင့် ယနေ့အချိန်အထိ စုရပ်ငါးနေရာမှ အသက် ၆၅ နှစ်အထက် သက်ကြီးဘိုးဘွားများအပါအဝင် ဦးစားပေး အစီအစဉ်အရ ထိုးနှံပေးခဲ့သူ စုစုပေါင်း ၇၃၆၅ ဦးရှိပြီဖြစ်ကြောင်း မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ သိရသည်။

**ဝင်းကြိုင်(ပြန်/ဆက်)**

**နတ်မောက်**

မကွေးတိုင်းဒေသကြီး နတ်မောက်မြို့နယ်တွင် ပညာရေးဝန်ထမ်း ၃၀၀ တို့အား ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးထိုးနှံပေးခြင်းကို ဩဂုတ် ၁၉ ရက်မှ ၂၀ ရက်ထိ မြို့နယ် မိခင်နှင့်ကလေးကျန်းမာရေး ဌာနတွင် နေ့စဉ် နံနက် ၇ နာရီမှ ညနေ ၄ နာရီအထိ ဆေးထိုးနှံပေးသည်။

အဆိုပါကာကွယ်ဆေးထိုးနှံပေးခြင်းကို မြို့နယ်ပြည်သူ့ကျန်းမာရေး ဦးစီးဌာနမှ သူနာပြုများနှင့် ကျန်းမာရေးဝန်ထမ်းများက အပူချိန်တိုင်းတာပေးခြင်း၊ သွေးပေါင်ချိန်တိုင်းတာပေးခြင်းများ ပြုလုပ်ပေးကာ ကာကွယ်ဆေးထိုးနှံပေးခဲ့ပြီး ဆေးနှင့်ဓာတ်မတည့်ခြင်း၊ ဘေးထွက်ဆိုးကျိုးလက္ခဏာများ တစ်စုံတစ်ရာပေါ်ပေါက်လာပါက ချက်ချင်း အရေးပေါ်တုံ့ပြန်နိုင်ရန်အတွက် မိနစ် ၃၀ ခန့်အကြာ စောင့်ကြပ် ကြည့်ရှုပေးခြင်းများကို မြို့နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှ ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

**လှဝင်း (နတ်မောက်)**



**ဝက်လက်**

စစ်ကိုင်းတိုင်းဒေသကြီး ဝက်လက်မြို့နယ်တွင် ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးထိုးခြင်းလုပ်ငန်းကို ဩဂုတ် ၂၀ ရက်က အသက် ၆၅ နှစ်နှင့်အထက် သက်ကြီးဘိုးဘွားများ၊ ရဟန်းသံဃာများ၊ ဝန်ထမ်းများ၊ ဈေးရောင်းချသူများအား ကျန်းမာရေးဝန်ကြီးဌာန၏ လမ်းညွှန်ချက်နှင့်အညီ စုရပ်သုံးခုတွင် နံနက် ၈ နာရီမှ မွန်းလွဲ ၃ နာရီအထိ လူဦးရေ ၁၀၀၀ တို့အား ကာကွယ်ဆေးထိုးနှံခဲ့ကြောင်း သိရသည်။

ကာကွယ်ဆေးထိုးနှံခြင်းလုပ်ငန်းကို မြို့နယ်အဆင့် ကိုဗစ်-၁၉ ရောဂါ ကာကွယ်ထိန်းချုပ်ရေးနှင့် အရေးပေါ်တုံ့ပြန်ရေးကော်မတီ၏ ကြီးကြပ်မှုဖြင့် ဌာနဆိုင်ရာဝန်ထမ်းများ၊ ကြက်ခြေနီတပ်ဖွဲ့ဝင်များ ပူးပေါင်းဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**စိုးစိုးလှိုင် (ဝက်လက်)**

## အနုပညာ




### ဒုတိယမြောက်ရင်သွေးလေးကို လွယ်ထားရတဲ့ ခိုင်လီဂျန်နာ

ကျော်ကြားတဲ့ အလှအပရေးရာ ကျွမ်းကျင်ပညာရှင်တစ်ဦးဖြစ်ပြီး ရုပ်သံသရုပ်ဆောင်တစ်ဦးလည်းဖြစ်တဲ့ ခိုင်လီဂျန်နာဟာ လက်ရှိမှာ ဒုတိယမြောက်ရင်သွေးလေးကို လွယ်ထားရပြီဖြစ်ကြောင်း ဟောလိဝုဒ် လိုက်ဖ်ဒေါ့ကွန်းရဲ့ ရေးသားဖော်ပြချက်တွေအရ သိရပါတယ်။

ခိုင်လီဂျန်နာနဲ့ ရင်းနှီးတဲ့သူတွေရဲ့ ပြောကြားချက်အရ ခိုင်လီဂျန်နာနဲ့ ထရားဗစ်စကော့ထ်တို့ ဒုတိယရင်သွေးလေး ရရှိနေပြီဖြစ်ကြောင်း သိရှိခဲ့ရတာပါ။ ခိုင်လီဂျန်နာနဲ့ ထရားဗစ်စကော့ထ်တို့ဟာ ပထမဆုံးရင်သွေးလေးဖြစ်တဲ့ သမီးလေး စတောင်မီဝက်ဘ်စတာကို ၂၀၁၈ ခုနှစ် ဖေဖော်ဝါရီလအတွင်း မျက်နှာမြင်ခဲ့တာဖြစ်ပါတယ်။

ခိုင်လီဂျန်နာဟာ စီးပွားရေးဘက်မှာလည်း အောင်မြင်သူတစ်ဦးဖြစ်ပါတယ်။ သူ့ရဲ့ စီးပွားရေးလုပ်ငန်းတွေကြောင့် အလုပ်များနေပြီး ထရားဗစ်စကော့ထ်အနေနဲ့လည်း ဖျော်ဖြေရေးနဲ့ တေးဂီတလုပ်ငန်းတွေကြောင့် အလုပ်များသူတစ်ဦးဖြစ်ပါတယ်။ ဒါပေမဲ့ သူတို့နှစ်ဦးရဲ့ ချစ်သူသက်တမ်းတစ်လျှောက် ခိုင်လီဂျန်နာအနေနဲ့ ထရားဗစ်စကော့ထ်နဲ့ တွေ့ဆုံနိုင်ဖို့ အမြဲကြိုးပမ်းခဲ့ကြောင်းလည်း ကြယ်ပွင့်စုံတွဲရဲ့ ရင်းနှီးတဲ့အသိုင်းအဝိုင်းမှ ပြောကြားချက်တွေအရ သိရပါတယ်။



### Marie Claire စာစောင်တွင် Dior နှုတ်ခမ်းနီကြော်ငြာပေးခဲ့တဲ့ ဂျီဆူး

တောင်ကိုရီးယားရဲ့ ကျော်ကြားတဲ့အမျိုးသမီးတေးဂီတအဖွဲ့ Black Pink ရဲ့ အဖွဲ့ဝင်တစ်ဦးဖြစ်သူ ဂျီဆူးဟာ Marie Claire က လတ်တလောထုတ်ဝေတဲ့စာစောင်မှာ Dior နှုတ်ခမ်းနီအတွက် ကြော်ငြာဓာတ်ပုံတွေ ရိုက်ကူးပေးခဲ့တာကို တွေ့ရကြောင်း စွန်ပီဒေါ့ကွန်းရဲ့ ရေးသားဖော်ပြချက်တွေအရ သိရပါတယ်။

ဂျီဆူးဟာ အလှအပနဲ့ပတ်သက်တဲ့ အသုံးအဆောင်တွေကို ထုတ်လုပ်တဲ့ ဖက်ရှင်အမှတ်တံဆိပ်တစ်ခုဖြစ်တဲ့ Dior ရဲ့ ကိုယ်စားလှယ်တစ်ဦးဖြစ်ပြီး လက်ရှိမှာ သူ့ကို Miss Dior အဖြစ် သတ်မှတ်ထားကြပါတယ်။ ဂျီဆူးဟာ လတ်တလောထုတ်ဝေခဲ့တဲ့ Marie Claire စာစောင်မှာ Dior ရဲ့ ကုန်ပစ္စည်းသစ်ဖြစ်တဲ့ နှုတ်ခမ်းနီတွေကိုဆိုးကာ ကြော်ငြာရိုက်ကူးခဲ့တာကိုလည်း တွေ့ရပါတယ်။

### စုံစမ်းစစ်ဆေးခံနေရတဲ့ ဘရစ်တနေစပီးယားစ်




ကျော်ကြားတဲ့ တေးသံရှင်တစ်ဦးဖြစ်သူ ဘရစ်တနေစပီးယားစ်ဟာ သူ့ရဲ့အိမ်အကူကို ရိုက်နှက်ခဲ့ကြောင်း စွပ်စွဲခံခဲ့ရပြီး လတ်တလောမှာ စုံစမ်းစစ်ဆေးခံနေရကြောင်း အေးရှားဝမ်းဒေါ့ကွန်းရဲ့ ရေးသားဖော်ပြချက်တွေအရ သိရပါတယ်။

အသက် ၃၉ နှစ်အရွယ်ရှိပြီဖြစ်တဲ့ ဘရစ်တနေစပီးယားစ်ဟာ ဗန်ကျူရာဒေသရဲ့အရာရှိဌာနရဲ့ စုံစမ်းစစ်ဆေးမှုတွေကို ခံယူနေရတာဖြစ်ပါတယ်။ သူ့ရဲ့အိမ်မှာ လုပ်ကိုင်ခဲ့တဲ့ ဝန်ထမ်းတစ်ဦးကို ရိုက်နှက်ခဲ့ကြောင်း စွပ်စွဲခံခဲ့ရတာဖြစ်ပြီး ဘရစ်တနေစပီးယားစ်နဲ့ ရင်းနှီးသူတစ်ဦးရဲ့ ပြောကြားချက်အရ သူဟာ အဆိုပါဝန်ထမ်းဆီက ဖုန်းကို ရယူဖို့ ပြုလုပ်ခဲ့တာဖြစ်ပြီး ရိုက်ခဲ့တာမဟုတ်ဘူးလို့လည်း သိရပါတယ်။

**အေးပြည့်-စုစည်းသည်**

# ကမ္ဘာပေါ်ရှိ ထိုင်တော်မူကျောက်ဆစ်ရုပ်ပွားဆင်းတုတော်များအနက် ဉာဏ်တော်အမြင့်ဆုံးဖြစ်သည့် ဓမ္မစေတီယရုပ်ပွားတော်မြတ်ကြီး တည်ဆောက်မှုတော်ခြင်းလုပ်ငန်းများတွင် အလှူငွေထည့်ဝင်လှူဒါန်းနိုင်ကြရန် နှိုးဆော်ခြင်း







[illegible]



[illegible]

[illegible]

အားကစားမြှင့်တင် စိတ်လန်းရွှင် ဆန့်ကျင်မူးယစ်ဆေး

## အထူးဝမ်းနည်းကြေကွဲခြင်း

ဦးအင်စော

အသက် (၈၁)နှစ်

ဥက္ကဋ္ဌ

UNITED PAINTS GROUP CO., LTD.

အုပ်ချုပ်မှု ဒါရိုက်တာ

*UNITED CAN FACTORY CO., LTD.*

ရန်ကုန်မြို့၊ အလုံမြို့နယ် River View Condo နေ
ဒေါ်ကြည်ကြည်လှ၏ခင်ပွန်းဖြစ်သူ
ဦးအင်စော အသက်(၈၁)နှစ်သည် (၂၀.၈.၂၀၂၂)ရက်နေ့တွင်
ကွယ်လွန်အနိစ္စရောက်သွားပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်အတူ
အထူးဝမ်းနည်းကြေကွဲရပါသည်။

အုပ်ချုပ်မှုဒါရိုက်တာ ဦးခင်မောင်မြတ်နှင့်
ဒါရိုက်တာအဖွဲ့ဝင်များ

**Asia General Holding Co., LTD.**

(AG Transformer)

## အထူးဝမ်းနည်းကြေကွဲခြင်း

ဦးအင်စော

အသက် (၈၁)နှစ်

ဥက္ကဋ္ဌ

UNITED PAINTS GROUP CO., LTD.

အုပ်ချုပ်မှု ဒါရိုက်တာ

*UNITED CAN FACTORY CO., LTD.*

ရန်ကုန်မြို့၊ အလုံမြို့နယ် River View Condo နေ
ဒေါ်ကြည်ကြည်လှ၏ခင်ပွန်းဖြစ်သူ
ဦးအင်စော အသက်(၈၁)နှစ်သည် (၂၀.၈.၂၀၂၂)ရက်နေ့တွင်
ကွယ်လွန်အနိစ္စရောက်သွားပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်အတူ
အထူးဝမ်းနည်းကြေကွဲရပါသည်။

**Board Of Directors**

**BUSINESS WORLD**

**COMPANY LIMITED**

## အထူးဝမ်းနည်းကြေကွဲခြင်း

ဦးအင်စော

အသက် (၈၁)နှစ်

ဥက္ကဋ္ဌ

UNITED PAINTS GROUP CO., LTD.

အုပ်ချုပ်မှု ဒါရိုက်တာ

*UNITED CAN FACTORY CO., LTD.*

ရန်ကုန်မြို့၊ အလုံမြို့နယ် River View Condo နေ
ဒေါ်ကြည်ကြည်လှ၏ခင်ပွန်းဖြစ်သူ
ဦးအင်စော အသက်(၈၁)နှစ်သည် (၂၀.၈.၂၀၂၂)ရက်နေ့တွင်
ကွယ်လွန်အနိစ္စရောက်သွားပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်အတူ
အထူးဝမ်းနည်းကြေကွဲရပါသည်။

**Board Of Directors**

**UNISAN PLASTIC FACTORY CO., LTD.**

## အထူးဝမ်းနည်းကြေကွဲခြင်း

ဦးအင်စော

အသက် (၈၁)နှစ်

ဥက္ကဋ္ဌ

UNITED PAINTS GROUP CO., LTD.

အုပ်ချုပ်မှု ဒါရိုက်တာ

*UNITED CAN FACTORY CO., LTD.*

ရန်ကုန်မြို့၊ အလုံမြို့နယ် River View Condo နေ
ဒေါ်ကြည်ကြည်လှ၏ခင်ပွန်းဖြစ်သူ
ဦးအင်စော အသက်(၈၁)နှစ်သည် (၂၀.၈.၂၀၂၂)ရက်နေ့တွင်
ကွယ်လွန်အနိစ္စရောက်သွားပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်အတူ
အထူးဝမ်းနည်းကြေကွဲရပါသည်။

**ဝန်ထမ်းများ**

**UPG PAINT & COATING CO., LTD.**

## ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ (၅၅)ရပ်ကွက်၊ ရွှေကုံ့ကော်(၄)လမ်း၊ အမှတ်(၅၇၃)ဟုခေါ်တွင်သော ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက် အမှတ်(၅၅)၊ မြေကွက်အမှတ်-၅၇၃၊ အလျား ၄၀ပေx အနံ ၆၀ပေရှိ မြေကွက်သည် ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာနတွင် ဦးညွန့်ဆွေ (KSE-၀၆၇၀၇၃) [၁၂/မရက(နိုင်)၀၁၉၂၆၈] အမည်ဖြင့်တည်ရှိသော ပါမစ်မြေကွက်ဖြစ်ပြီး ယင်းမြေကွက်အနက်မှ မခွဲမစိတ်ရသေးသော (အလျား၂၀ပေx အနံပေ၆၀)မြေနှင့် အိမ်အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို ဆက်စပ်စာချုပ်များဖြင့် တရားဝင် ဝယ်ယူလက်ရှိပိုင်ဆိုင်ထားသူ ဒေါ်နှင်းအေးငြိမ်း[၉/ပမန(နိုင်) ၁၂၇၃၉၄]ထံတွင် ကျွန်ုပ်၏မိတ်ဆွေများဖြစ်ကြသော ဒေါ်မြနှင်းအိမ် [၁၂/လမန(နိုင်)၁၄၈၁၈၅]နှင့် ဦးဝေလင်းအေး [၁၂/အစန(နိုင်)၂၀၂၀၂၁]တို့မှ အပြီးအပိုင်ဝယ်ယူရန်အတွက် စရန်ငွေပေးချေထားပြီးဖြစ်ပါသည်။ ထို့ကြောင့် ယင်းမြေနှင့်အိမ်အပါအဝင် သက်ဆိုင်သောအကျိုးခံစားခွင့်အားလုံးတို့ကို ပိုင်ရေးဆိုင်ခွင့်ရှိသူမည်သူမဆို စာရွက်စာတမ်းအထောက်ထားအခိုင်လုံစွာဖြင့် ဤကြော်ငြာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်ထံသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် အကယ်၍ အထောက်အထား ခိုင်လုံစွာဖြင့် ကန့်ကွက်နိုင်ခြင်းမရှိပါက ဥပဒေနှင့်အညီ အရောင်းအဝယ်ကို ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဒေါ်မြနှင်းအိမ်၊ ဦးဝေလင်းအေးတို့၏ လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်စုစုခိုင် (LL.B)**
**တရားလွှတ်တော်ရှေ့နေ (စဉ်-၁၁၅၅၃)**
**တိုက် (၁၀/၁၂)၊ ပထမထပ်၊ အခန်း (၁၀၄/H)၊ ၃၅-လမ်း(အောက်)၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။**
**ဖုန်း-၀၉-၇၃၀၂၆၁၉၉၊ ၀၉-၄၄၃၀၂၆၁၉၉**

## "အများသိစေရန်ကြေညာခြင်း"

ရန်ကုန်မြို့၊ သာကေတမြို့နယ်၊ တိုက်(၅)၊ အခန်း(၂၀၈)၊ ဇင်မအိမ်ရာ၊ ထူပါရုံ၊ သာကေတ ၂/မြောက်ရပ်ကွက်နေ ဦးသန့်စင် [၁၂/သကတ(နိုင်)၁၀၆၇၁၅] ကိုင်ဆောင်သူ၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း အများသိစေရန် ကြေညာအပ်ပါသည်။

ရန်ကုန်မြို့၊ တိုက်အမှတ်(၉)၊ အခန်း(၀၀၁)၊ မြေညီထပ်(ဝဲ)၊ စစ်တောင်းအိမ်ရာ၊ (၉၂)ရပ်ကွက်၊ ပဲခူးမြစ်လမ်း၊ ယုဇနဥယျာဉ်မြို့တော်၊ ဒဂုံ(ဆိပ်ကမ်း)မြို့နယ်ရှိ တိုက်ခန်းကို ဖခင် ဦးလှကြည်၊ မိခင် ဒေါ်လေးနွယ်တို့က ပိုင်ဆိုင်လာခဲ့ကြပါသည်။ မိခင်သည် (၂၈-၇ -၂၀၂၁) ရက်တွင်လည်းကောင်း၊ ဖခင်သည် (၃-၈-၂၀၂၁)ရက်တွင်လည်းကောင်း အသီးသီးကွယ်လွန်သွားခဲ့ကြပါသည်။ တိုက်ခန်းအား ကျန်ရစ်သူသားသမီးတို့၏ အမွေဆိုင်ပစ္စည်းအဖြစ် ပိုင်ဆိုင်လာခဲ့ကြပါသည်။ အဆိုပါတိုက်ခန်းသည် အစ်ကိုကြီး ဦးသန့်စင်နှင့် ညီမ မကေသီလှကြည်တို့ နှစ်ဦးပိုင်ဆိုင်သည့် အမွေဆိုင်ပစ္စည်းဖြစ်ပါသည်။ ယင်းတိုက်ခန်းအား အမွေဆိုင်နှစ်ဦး၏ခွင့်ပြုချက်မရှိဘဲ အမွေဆိုင်တစ်ဦးတစ်ယောက်တည်း ရောင်းချခြင်း၊ ပေါင်နှံခြင်း၊ ပေးကမ်းခြင်း၊ ငှားရမ်းခြင်း ပြုလုပ်ခွင့်မရှိပါကြောင်းနှင့် ပြုလုပ်ပါကလည်း တရားဝင်မည်မဟုတ်ကြောင်း သက်ဆိုင်သူများနှင့် အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**

**ဦးအောင်မြသိန်း**
**(LL.B,D.B.L)**
**တရားလွှတ်တော်ရှေ့နေ (စဉ်-၆၂၄၂)**

**ဒေါ်ဆွေဆွေအောင်**
**(LL.B,D.B.L,D.I.L,WIPO)**
**တရားလွှတ်တော်ရှေ့နေ (စဉ်-၁၂၉၁၃)**

**ဒေါ်နီနီအေး**
**(LL.B,D.I.R,D.I.L,D.M.L,WIPO)**
**အထက်တန်းရှေ့နေ (စဉ်-၄၈၇၈၉)**

**ရုံးအမှတ်(၉/၁၁)၊ အခန်း(၁၀၁-D)၊ ပထမထပ်၊ ၃၆လမ်း၊ ကျောက်တံတားမြို့နယ်။**
**ဖုန်း-၀၉-၄၅၀၄၇၄၄၄၈၊ ၀၉-၇၈၂၁၄၈၁၁၃၊ ၀၉-၂၅၂၀၃၃၃၃၈**

မူး ယစ် ကို ပစ် ပန်း တိုင် သစ် စိတ် သစ် လူ သစ် ဘ ဝ သစ်

**ဦးညာဏ်မော်အောင်**
**(Capital Diamond Star Group)**
**အသက်(၅၉)နှစ်**

ရန်ကုန်မြို့နေ ဦးအောင်ကြည်[စစ်ကိုင်းတိုင်းမန်နေဂျာ(ငြိမ်း)၊ မြန်မာ့အသေးစားချေးငွေလုပ်ငန်း]-(ဒေါ်အမာ)တို့၏ ချစ်လှစွာသော သားကြီး၊ (ဦးခင်အောင်သိန်း)-ဒေါ်သီတာအောင်[လ/ထ မန်နေဂျာ(ငြိမ်း)၊ မြန်မာ့စီးပွားရေး ဘဏ်ခွဲ(၂)]၊ (ဦးမျိုးဦး)-ဒေါ်စန္ဒာအောင်[ဒုထွေ/ဂျာ(ငြိမ်း) ကစလ-၃]တို့၏ ချစ်လှစွာသော မောင်၊ ဒေါ်ဥမ္မာအောင်[လ/ထ ညွှန်ကြားရေးမှူး (FRD)]၊ ဒေါက်တာကျော်စွာအောင်(ပါမောက္ခဌာနမှူး၊ ဦးနှောက်နှင့်အာရုံကြောခွဲစိတ်ကုဌာန၊ မန္တလေးပြည်သူ့ ဆေးရုံကြီး)-ဒေါ်ဖြူဖြူအိ၊ ဒေါ်စပါယ်အောင်၊ ဦးစိုးအောင်-ဒေါ်ညိုညိုအောင်၊ ဦးမျိုးမင်းဇော်-ဒေါ်သက်နှင်းအောင်တို့၏ ချစ်လှစွာသော အစ်ကို၊ တူ၊ တူမ ရှစ်ယောက်တို့၏ ချစ်လှစွာသော ဦးလေး ဦးညာဏ်မော်အောင်သည် ၂၀-၈-၂၀၂၂ ရက် နံနက် ၂:၄၀ နာရီတွင် ဘဝတစ်ပါးသို့ကူးပြောင်းကွယ်လွန်သွားပါသဖြင့် ယင်းနေ့တွင်ပင် ရေဝေးသုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစုများ

**တစ်လပြည့်လွမ်းဆွတ် အမျှပေးဝေခြင်း**
**ဒေါ်လူလူ**
**အသက်(၈၅)နှစ်**

ရန်ကုန်မြို့၊ အလုံမြို့နယ်၊ ရောဝတီလမ်း၊ အမှတ်(၇၄)၊ ငါးလွှာနေ [ဦးအောင်သိန်း(လ.ဝ.က လ/ထညွှန်မှူး-ငြိမ်း)အမတ-၂၁၂၆]၏ ဇနီး ဒေါ်လူလူသည် ၂၁-၇-၂၀၂၂ ရက်တွင် ကွယ်လွန်သွားပါသဖြင့် မိခင်ကြီးအားရည်စူး၍ အလုံမြို့နယ် သဒ္ဓမဝံသာရုံကျောင်းတိုက်၌ ပြုလုပ်သော ရက်လည်အရဏ်ဆွမ်းနှင့် တစ်လပြည့်နေ့ဆွမ်း၊ နေ့စဉ်ပြုလုပ်သော ကောင်းမှုကုသိုလ်အစုစုတို့ကို မိခင်ကြီး ဒေါ်လူလူအား အမျှပေးဝေပါတယ်။ မိခင်ကြီး ရောက်ရှိရာဘဝမှ အမျှရရှိ သာဓုခေါ်ဆို၍ မြင့်မြတ်သောဘုံဘဝသို့ ရောက်ရှိပါစေ။

မာမီရေ-အမျှ အမျှ အမျှ -သာဓု သာဓု သာဓုပါ။

**ကျန်ရစ်သူ သားသမီး၊ မြေး၊ မြစ်များ**

**ဘုရား၊ ရဟန်း၊ ကျောင်း ဒါယကာကြီး**
**ဦးကျော်လင်း**
**(Golden Plam Co.,Ltd)**
**အသက်(၅၈)နှစ်**

ရန်ကုန်မြို့၊ ဗိုလ်တထောင်မြို့နယ်၊ အမှတ်(၃၆)၊ (၆၇)လမ်းနေ (ဦးကြင်စိန်-ဒေါ်ငုယင်)တို့၏ သားထွေး၊ (ဦးကျော်ဟန်)-ဒေါ်လှရင်တို့၏ သားသမက်၊ ဦးစိုးလွင်-ဒေါ်ကြည်ကြည်ဝင်း၊ ဦးကျော်ဝင်း-ဒေါ်စန်းစန်းမြင့်၊ (ဦးကြည်စန်း)-ဒေါ်ဆွေဆွေ၊ ဦးကျော်ထွန်း-ဒေါ်သန်းစိန်တို့၏ ညီ/မောင်၊ Mrs Maggie Young-Mr Dan Tonthat ၊ Ms Monica Young ၊ Ms Melody Young ၊ Ms Melissa Young တို့၏ ကျေးဇူးရှင် ချစ်လှစွာသော ဖခင်ကြီး၊ ဒေါ်ခင်သိန်း၏ ချစ်လှစွာသော ခင်ပွန်းသည် ၂၀-၈-၂၀၂၂ (သောကြာနေ့) ည ၉ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ကောင်းမွန်စွာမီးသင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟအပေါင်းအား အသိပေးအပ်ပါသည်။

ကျန်ရစ်သူမိသားစု

ကမ္ဘာ့
အ
ပူ
ချိန်
လျှော့
ချ
ဖို့
အို
ဇုန်း
လွှာ
ကာ
ကွယ်
မှု
နဲ့
အ
တူ
ဆက်
လက်
ဆောင်
ရွက်
စို့

**အထူးဝမ်းနည်းကြေကွဲခြင်း**

ဦးအင်စော
အသက် (၈၁)နှစ်
ဥက္ကဋ္ဌ UNITED PAINTS GROUP CO., LTD.
အုပ်ချုပ်မှု ဒါရိုက်တာ UNITED CAN FACTORY CO., LTD.



ရန်ကုန်မြို့၊ အလုံမြို့နယ် River View Condo နေ
ဒေါ်ကြည်ကြည်လှ၏ခင်ပွန်းဖြစ်သူ
ဦးအင်စော အသက်(၈၁)နှစ်သည် (၂၀.၈.၂၀၂၂)ရက်နေ့တွင်
ကွယ်လွန်အနိစ္စရောက်သွားပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်အတူ
အထူးဝမ်းနည်းကြေကွဲရပါသည်။

Board Of Directors
UNITED PAINTS GROUP CO., LTD.

**အထူးဝမ်းနည်းကြေကွဲခြင်း**

ဦးအင်စော
အသက် (၈၁)နှစ်
ဥက္ကဋ္ဌ
UNITED PAINTS GROUP CO., LTD.
အုပ်ချုပ်မှု ဒါရိုက်တာ
UNITED CAN FACTORY CO., LTD.

ရန်ကုန်မြို့၊ အလုံမြို့နယ် River View Condo နေ
ဒေါ်ကြည်ကြည်လှ၏ခင်ပွန်းဖြစ်သူ
ဦးအင်စော အသက်(၈၁)နှစ်သည် (၂၀.၈.၂၀၂၂)ရက်နေ့တွင်
ကွယ်လွန်အနိစ္စရောက်သွားပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်အတူ
အထူးဝမ်းနည်းကြေကွဲရပါသည်။

ဦးစောအောင်၊ ဦးခင်မောင်မြတ်နှင့်
ဒါရိုက်တာအဖွဲ့ဝင်များ
PEACE MYANMAR ELECTRIC HOLDING CO., LTD.
(Mitsubishi Electric)

**အထူးဝမ်းနည်းကြေကွဲခြင်း**

ဦးအင်စော
အသက် (၈၁)နှစ်
ဥက္ကဋ္ဌ
UNITED PAINTS GROUP CO., LTD.
အုပ်ချုပ်မှု ဒါရိုက်တာ
UNITED CAN FACTORY CO., LTD.

ရန်ကုန်မြို့၊ အလုံမြို့နယ် River View Condo နေ
ဒေါ်ကြည်ကြည်လှ၏ခင်ပွန်းဖြစ်သူ
ဦးအင်စော အသက်(၈၁)နှစ်သည် (၂၀.၈.၂၀၂၂)ရက်နေ့တွင်
ကွယ်လွန်အနိစ္စရောက်သွားပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်အတူ
အထူးဝမ်းနည်းကြေကွဲရပါသည်။

Board Of Directors
UPG PAINT & COATING CO., LTD.

**အထူးကျေးဇူးတင်ရှိကြောင်း**
**ဦးကျော်လင်း**
**(Golden Palm Co.,Ltd)**
**အသက် (၅၈)နှစ်**

၂၀-၈-၂၀၂၂ (သောကြာနေ့) ည ၉ နာရီတွင် ကွယ်လွန်သွားသော ဦးကျော်လင်း နာမကျန်းဖြစ်စဉ် ကာလတစ်လျှောက်လုံး အထူးကြိုးစားကုသစောင့်ရှောက်ပေးပါသော အကယ်ဒမီဆေးရုံမှ ဆေးရုံအုပ်ကြီး ဦးထင်ပေါ်၊ သမားတော်ကြီး ဒေါ်ကြင်မွေး၊ ICU ကုသဆောင်မှ တာဝန်ကျဆရာဝန်၊ ဆရာမများနှင့်သူနာပြုများ၊ ပြုစုစောင့်ရှောက်ပေးပါသော မိမိတို့ရုံးမှ တပည့်ဝန်ထမ်းများနှင့် ပြုစုကုသစဉ်မှာ ထောက်ပံ့ပေးခဲ့သော ဆောက်ဆီဂျင်အရည်များနှင့် အောက်ဆီဂျင် Plantများအားလည်းကောင်း ကူညီပံ့ပိုးပေးခဲ့ကြသော အဘက်ဘက်မှမိတ်ဆွေသူငယ်ချင်းများအားလုံးနှင့် ကွယ်လွန်သင်္ဂြိုဟ်ပြီးချိန်တွင် မိမိတို့ကျန်ရစ်သူမိသားစုဝင်များအား တယ်လီဖုန်း၊ မက်ဆင်ဂျာများမှတစ်ဆင့် နှစ်သိမ့်အားပေးကူညီဆောင်မပေးခဲ့ကြသော ရပ်နီးရပ်ဝေးမှ မိတ်ဆွေ၊ သူငယ်ချင်းများအား တစ်ယောက်ချင်းစီတိုင်းကို ကျန်ရစ်သူမိသားစုမှ လေးလေးနက်နက်အသိအမှတ်ပြု ကျေးဇူးတင်ရှိပါသည်။

ကျန်ရစ်သူမိသားစု

**ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန်ကြေညာခြင်း**

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက် အမှတ်(၄၉)၊ ဗိုလ်နက်ကျော်လမ်း၊ မြေကွက်အမှတ်(၁၄၄)၊ ဦးမျိုးမြင့်အောင် အမည်ပေါက်သည့် အကျယ်အဝန်း ပေ(၄၀x၆၀)အနက်မှ ခြေရင်းခြမ်း ပေ(၂၀x၆၀)အကျယ်ရှိ နှစ်(၆၀)ဂရန်မြေကွက်နှင့် အဆောက်အဦအပါအဝင် အကျိုးခံစားခွင့်အားလုံးတို့ကို အမည်ပေါက်ထံမှ အဆက်စပ်အရပ်ကတိ စာချုပ်များအရ ဝယ်ယူပိုင်ဆိုင်ပြီး လွှဲပြောင်း၊ ရောင်းချပိုင်ခွင့်ရှိသူဖြစ်ကြောင်း ဝန်ခံကတိပြုသူများ ဦးဝုန်ဆွန့်ပုပ်[၄/ဟခန(နိုင်)၀၀၇၁၆၀]နှင့် ဒေါ်မန်ကျိန့်ပွေး[၄/ဟခန(နိုင်)၀၀၇၁၆၁]တို့ထံမှ ကျွန်ုပ်၏မိတ်ဆွေက ဝယ်ယူရန် စရန်ငွေအချို့ကို ပေးချေထားပြီးဖြစ်ပါ၍ အရောင်းအဝယ်အား ကန့်ကွက်လိုပါက ကျွန်ုပ်ထံသို့ စာရွက်စာတမ်း အထောက်အထားမူရင်းများဖြင့် ကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။ ထိုရက်ကျော်လွန်ပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်ခင်ပြုံးလှိုင်(LL.B)**
**အထက်တန်းရှေ့နေ(စဉ်-၄၉၂၉၉)**
**အမှတ်(၅၆၀)၊ ရွှေစင်(၈)လမ်း၊ (၄၄)ရပ်ကွက်၊ ဒဂုံမြောက်မြို့နယ်။**
**ဖုန်း-၀၉-၄၂၃၆၅၄၀၄၀**

## ဦးအင်စော
## (ဒု-ဥက္ကဋ္ဌ)UCF Co.,Ltd
## (M.D)UCF Co.,Ltd
## အသက်(၈၁)နှစ်

ရန်ကုန်မြို့၊ အလုံမြို့နယ်၊ River View Condo အခန်းအမှတ်(၈၀၂၄-B)နေ (ဦးပီလျှံ-ဒေါ်အောင်ပို)တို့၏သား၊ ဒေါ်ကြည်ကြည်လှ၏ ချစ်လှစွာသောခင်ပွန်း၊ ဦးမျိုးဟိန်းကျော်၊ ဦးသန့်ဇော်ဦး တို့၏ဖခင်သည် ၂၀-၈-၂၀၂၂ (သောကြာနေ့) နံနက် ၁၀:၁၅နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၂-၈-၂၀၂၂ (စနေနေ့) နံနက်၁၁:၃၀ နာရီတွင် ထိန်ပင်သုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပြီးစီးပါကြောင်း ဆွေမျိုးမိတ်သင်္ဂဟတို့အား အကြောင်းကြားသိစေအပ်ပါသည်။

ကျန်ရစ်သူမိသားစု

---

**ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး**

## ဒေါ်ခင်သန်းငွေ
## အသက်(၇၃)နှစ်

မန္တလေးမြို့၊ ပြည်ကြီးကျက်သရေအရှေ့၊ သူဌေးတန်းရပ်နေ (ဦးဘဟန်-ဒေါ်မြသောင်း)တို့၏ သမီးကြီး၊ ထားဝယ်မြို့၊ လောင်းလုံးမြို့နယ်၊ ကမြောကင်းရွာနေ (ဦးလှသိန်း-ဒေါ်သင်းကြည်)တို့၏ သမီးချွေးမ၊ (ဦးတင်မောင်ဦး-ဒေါ်ခင်ဆွေဝင်း)တို့၏ညီမ၊ ဦးတင်မောင်-ဒေါ်ခင်အုန်းမြင့် (ခေတ္တ-ဂျမေကာနိုင်ငံ)တို့၏အစ်မ၊ မန္တလေးမြို့၊ အမှတ်(၁၀-က)၊ မိဘမေတ္တာ၊ (၃၂)လမ်း၊ ၆၈x၆၉ လမ်းကြား၊ နယူးစီဗွီလိုင်းနေ ကိုမြင့်အောင်ဦး(ခေတ္တ-မလေးရှား)-မသီတာအောင်၊ (ကိုဇာနည်ဆွေ)-Dr.တင်အေးခိုင်၊ မခိုင်ဇင်ဝင်း(ခေတ္တ-စင်ကာပူ)၊ မသုနန္ဒာခိုင်တို့၏မိခင်၊ မောင်ကျော်ထက်လူ၊ မောင်မင်းဘုန်းအောင်၊ မောင်ကောင်းပြည့်ကျော်တို့၏အဘွား၊ (ပါမောက္ခ၊ ဌာနမှူး-ငြိမ်း၊ စစ်ကိုင်းပညာရေးတက္ကသိုလ်)(ဆရာကြီး ဦးစန်းမြင့်)၏ဇနီးသည် ၂၀-၈-၂၀၂၂(သောကြာနေ့) ညနေ ၃:၃၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ယင်းနေ့ ညနေ ၆နာရီတွင် အထက်ပါနေအိမ်မှ အေးရိပ်ငြိမ်သုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးရှိ ဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့အား အကြောင်းကြားသိစေအပ်ပါသည်။

ကျန်ရစ်သူမိသားစု

---

## အထူးဝမ်းနည်းကြေကွဲခြင်း
## ဦးအင်စော
## အုပ်ချုပ်မှုဒါရိုက်တာ(UCF Co.,Ltd.)
## အသက်(၈၁)နှစ်

ရန်ကုန်မြို့၊ အလုံမြို့နယ်၊ River View Condoနေ ဒေါ်ကြည်ကြည်လှ၏ခင်ပွန်းဖြစ်သူ ဦးအင်စော အသက်(၈၁)နှစ်သည် ၂၀-၈-၂၀၂၂ရက်တွင် ကွယ်လွန်အနိစ္စရောက်သွားပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်အတူ ဝမ်းနည်းကြေကွဲရပါသည်။

**BOD ဒါရိုက်တာများနှင့် ဝန်ထမ်းများ**
**United Can Factory Co.,Ltd.**

---

## အရေပြားအကျိတ်နာရောဂါကြိုတင်ကာကွယ်ရေး အသိပေးနှိုးဆော်ချက်

ကျွဲ၊ နွားများတွင်ဖြစ်ပွားတတ်သည့် အရေပြားအကျိတ်နာရောဂါသည် ဗိုင်းရပ်စ်ပိုးကြောင့် ဖြစ်ပွားရခြင်းဖြစ်ပြီး မိမိတို့မွေးမြူထားသော ကျွဲ၊ နွားများကို အဆိုပါရောဂါဖြစ်ပွားကျရောက်ခြင်းမှ ကြိုတင်ကာကွယ်နိုင်ရန်အတွက် အောက်ပါအတိုင်း လိုက်နာဆောင်ရွက်နိုင်ပါရန် အသိပေးနှိုးဆော်အပ်ပါသည်-

(၁) နာမကျန်း ကျွဲ၊ နွားများကို လွှတ်ကျောင်းခြင်း၊ အခြားနွားများနှင့် ရောနှောခြင်း မပြုရန်၊
(၂) ကျွဲ၊ နွားမွေးမြူရေးခြံများ၏ ဇီဝလုံခြုံမှုကို အထူးဂရုပြုရန်နှင့် ပိုးသတ်သန့်စင်ခြင်း ဆောင်ရွက်ရန်၊
(၃) ကျွဲ၊ နွား အသစ်ဝယ်ယူမွေးမြူမည်ဆိုပါက ရောဂါကင်းရှင်းကြောင်း စိတ်ချရသောခြံမှ ကျွဲ၊ နွားများကို ဝယ်ယူမွေးမြူရန်၊
(၄) ဝယ်ယူသည့်နွားအသစ်များကို မိမိခြံရှိ နွားများနှင့် မရောမီ သီးသန့်ခွဲခြားထား၍ ရောဂါကင်းရှင်းမှ မွေးမြူရန်၊
(၅) ရောဂါပိုးသယ်ဆောင်တတ်သည့် အင်းဆက်ပိုးမွှားများဖြစ်သည့် မှက်၊ ခြင်၊ ယင်နှင့် မွှားများကို ထိန်းချုပ်ရန်၊
(၆) ဆေးထိုးအပ်နှင့် ခြံအသုံးအဆောင်ပစ္စည်းများ မျှဝေသုံးစွဲခြင်းမပြုရန်၊
(၇) ကျွဲ၊ နွားများ ရွှေ့ပြောင်းသယ်ဆောင်ရာတွင် မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန၏ တိရစ္ဆာန်ကျန်းမာရေး ထောက်ခံချက်လက်မှတ်(AHD/PC-3)ရယူရန်၊
(၈) မိမိ ကျွဲ၊ နွားများတွင် အရေပြားအကျိတ်နာဖြစ်ပွားနေသည်ဟု သံသယရှိပါက နီးစပ်ရာ အုပ်ချုပ်ရေးအဖွဲ့၊ မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန၊ မြန်မာနိုင်ငံမွေးမြူရေးလုပ်ငန်းအဖွဲ့ထံသို့ ချက်ချင်းသတင်းပို့ရန်၊
(၉) ရောဂါကြိုတင်ကာကွယ်ရေးနှင့် ရောဂါစူးစမ်းရှာဖွေခြင်းလုပ်ငန်းများတွင် သက်ဆိုင်ရာဌာန၊ အဖွဲ့အစည်းများနှင့် ပူးပေါင်းပါဝင်ဆောင်ရွက်ကြရန်။

**မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန**
**စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန**

---

**ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး**

## ဒေါ်ရီရီသာ(VIOLET PO THA)
**ဓာတုဗေဒဌာန၊ RIT(ငြိမ်း)**
## အသက်(၈၈)နှစ်

ရန်ကုန်မြို့၊ တောင်ဥက္ကလာပမြို့နယ်နေ(ပါမောက္ခ ဦးဘိုးသာ-ဒေါ်ရင်မိ)တို့၏သမီး၊ (ဦးဘွား-ဒေါ်ရင်)တို့၏သမီးချွေးမ၊ (ဦးစိန်ထွန်း)၊ (ဦးလှထွန်း)တို့၏ညီမ၊ (ဦးခင်မောင်လတ်-ဒေါ်အေးအေးသာ) တို့၏အစ်မ၊ [ဦးမြင့်သိန်း(စက်မှု-၁)]၏ချစ်လှစွာသောဇနီး၊ ဦးစိုးသိန်း(CORNERSTONE Co.,Ltd.)၊ ဦးဝင်းသန်းဦး(Noble Marine Management)-Dr.မီမီသိန်း၊ ဦးမောင်မောင်ကျော်-Dr.မြမြသိန်း(ဝိတိုရိယ ဆေးရုံ)၊ ဦးသန်းရွှေ-ဒေါ်သိန်းသိန်းဆွေတို့၏မိခင်၊ ဦးကျော်နန္ဒထွန်း၊ မမြဆုငြိမ်းတို့၏အဘွား၊ မအိန္ဒြေရှင်းသန့်ကျော်၏ဘွားဘွားသည် ၁၈-၈-၂၀၂၂(ဗုဒ္ဓဟူးနေ့) နံနက် ၃:၄၅ နာရီတွင် လူကြီးရောဂါဖြင့် ကွယ်လွန်အနိစ္စရောက်သွားပါသဖြင့် ယင်းနေ့ နံနက် ၁၀:၃၀နာရီတွင် နေအိမ်မှရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပြီး ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်း ကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

---

## ဦးဟန်ဝင်း
**(ကုန်သွယ်လယ်ယာ)**
## အသက်(၈၆)နှစ်

ရန်ကုန်မြို့၊ ဗဟန်းမြို့နယ်၊ ဓမ္မစေတီလမ်း၊ ဂိုဒင်းလင့်(ခ်)ကွန်ဒိုနေ (ဦးဝင်းမောင်-ဒေါ်အုံးညွန့်)တို့၏သား၊ [ဒေါ်ခင်မေကြည်(ခ)ဒေါ်ခင်ထွေး(လယ်၊ စိုက်၊ ရှင်း)]၏ ခင်ပွန်း၊ ဖျာပုံမြို့နေ (ဦးကြည်ဝင်း)၏ညီ၊ (ဦးညာဏ်ဝင်း)၊ (ဦးမြင့်သိန်း)၊ ဒေါ်အေးစန်းတို့၏အစ်ကို၊ ဦးဇော်လွင်ဦး၊ ဒေါ်ခင်သူဇာဝင်း(အထက-၁၊ တောင်ဥက္ကလာ)၊ ဗိုလ်မှူးချုပ် ဝင်းကိုကို-ဒေါ်ရီရီအေး၊ ဒေါ်ခင်သီတာဝင်း(Global Greatness Co., Ltd.) တို့၏ဖခင်၊ မြေးနှစ်ယောက်တို့၏အဘိုး ဦးဟန်ဝင်းသည် ၂၀-၈-၂၀၂၂ ရက် နံနက် ၂:၃၅နာရီတွင် ကွယ်လွန်အနိစ္စရောက်သွားပါသဖြင့် ယင်းနေ့ နံနက် ၁၁:၅၀နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင် သင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်း ဆွေမျိုးမိတ်ဆွေသင်္ဂဟအပေါင်းအား အသိပေးအကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

---

## ဦးမောင်မောင်သန်း
**ထုတ်ကျွမ်း(၃) ပြင်/ထိန်း**
**အမှတ်(၃)အကြီးစားစက်မှုလုပ်ငန်း**
## အသက်(၇၆)နှစ်

မြောက်ဒဂုံမြို့နယ်၊ (၂၈)ရပ်ကွက်၊ အောင်ရတနာလမ်း၊ အမှတ်(၅၁)နေ (ဦးသန်းမောင်-ဒေါ်မြကြည်)တို့၏သား၊ (ဦးခင်ဇော်-ဒေါ်ခင်သန်းနွယ်)၊ ဒေါ်ညွန့်ညွန့်သန်းတို့၏မောင်၊ ဒေါ်စိတြဉာဏ်၊ ဦးမြင့်အောင်-ဒေါ်ခင်ဆွေသန်း၊ (ဦးသန်းထူး)၊ (ဦးဝင်းသန်း)၊ ဒေါ်ခင်မေသန်း၊ (ဦးမြင့်ကြည်)-ဒေါ်မိုးသီတာသန်းတို့၏အစ်ကို ဦးမောင်မောင်သန်းသည် (၉၆)ပါးသောရောဂါဖြင့် ၂၃-၇-၂၀၂၂ရက် တွင် ကွယ်လွန်သွားပြီး ဖြစ်ပါကြောင်း ဆွေမျိုးမိတ်ဆွေတို့အား အသိပေးအပ်ပါသည်။

ကျန်ရစ်သူမိသားစု

---

## ဝမ်းနည်းကြေကွဲခြင်း
## ဦးစိန်လှိုင်
## အသက်(၈၆)နှစ်

ဒုတိယဗိုလ်မှူးကြီး သိန်းဦး(ဓာတုဗေဒဌာန၊ စစ်တက္ကသိုလ်)၊ ဒေါ်နှင်းပွင့်အေးတို့၏ ချစ်လှစွာသော ဖခင်ကြီးဖြစ်သူ ဦးစိန်လှိုင်သည် ၆-၈-၂၀၂၂ ရက်နံနက် ၉ နာရီတွင် ရန်ကုန်မြို့၌ ကွယ်လွန်သွားကြောင်းသိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**ဗိုလ်လောင်းသင်တန်းအမှတ်စဉ်(၈၅)၊ သီဟတပ်ခွဲ**
**ကျောင်းဆင်းအရာရှိများနှင့် မိသားစုဝင်များ**

---

## မောင်ပိုင်ဖြိုးမင်း
## အသက်(၅)နှစ်

ရန်ကုန်မြို့၊ သဃ်န်းကျွန်းမြို့နယ်၊ ငမိုးရိပ်(၄)လမ်းနေ ဦးမျိုးမင်းဇော်-ဒေါ်ခင်နှင်းဖြူစင်တို့၏သား မောင်ပိုင်ဖြိုးမင်းသည် ၂၀-၈-၂၀၂၂ (သောကြာနေ့) ည ၁၁:၄၅ နာရီတွင် ကွယ်လွန်သွားပါကြောင်း ရပ်နီးရပ်ဝေးနေ ဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့အား အကြောင်းကြားအသိပေးအပ်ပါသည်။

ကျန်ရစ်သူမိသားစု

---

## အထူးဝမ်းနည်းကြေကွဲခြင်း
**(EUROPA International Education Academy)**
**တည်ထောင်သူ**
## ဆရာကြီးဦးသန်းစိန်
## အသက်(၆၂)နှစ်

နေပြည်တော်၊ ဇမ္ဗူသီရိမြို့နယ်၊ WISDOM HILL Education Centre တည်ထောင်အုပ်ချုပ်သူဆရာကြီး၊ ဦးပညာနှင့် ဆရာမကြီးဒေါ်ခိုင်သဇင်တို့၏ ချစ်လှစွာသောဖခင်ဆရာကြီး ဦးသန်းစိန် အသက်(၆၂)နှစ် သည် ၂၀-၈-၂၀၂၂ (သောကြာနေ့) ညနေ ၄:၂၆ နာရီတွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့် ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**WISDOM HILL (1)(2)(3) Private High School**
**မှ (ကျောင်းအုပ်ချုပ်မှုအဖွဲ့၊ဆရာ/ဆရာမများ၊ ဝန်ထမ်းများနှင့်တပည့်များ)**

---

**ဘဝနတ်ထံပျံလွန်တော်မူခြင်း**

## အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇဘဒ္ဒန္တသုန္ဒရ
## သိက္ခာတော်(၃၄)ဝါ၊ သက်တော် (၉၄)နှစ်

ပြင်ဦးလွင်မြို့နယ်၊ ဇီးပင်ကြီး၊ ရွှေတောင်ကုန်းမဟာဗောဓိသဘာဝကျောက်ဂူတောရပဓာန နာယက ဆရာတော်ကြီး အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တသုန္ဒရသည် ၂၀-၈-၂၀၂၂ (သောကြာနေ့) နံနက် ၁၁:၁၇ နာရီတွင် ဘဝနတ်ထံပျံလွန်တော်မူသွားပါသဖြင့် ကြွင်းကျန်ရစ်သော ဥတုဇရုပ်ကလာပ်တော်အား ၂၁-၈-၂၀၂၂ (စနေနေ့) မွန်းလွဲ ၁နာရီတွင် မဟာဗောဓိသဘာဝကျောက်ဂူတောရ၌ အန္တိမစျာပနသဘင် ဆင်ယင်ကျင်းပမည်ဖြစ်ပါကြောင်း တပည့်ဒါယကာ၊ ဒါယိကာမအပေါင်းတို့အား အသိပေး အကြောင်းကြားအပ်ပါသည်။

တပည့် ဒါယကာ၊ ဒါယိကာမများ

---

## ဒေါ်ဟန်သိန်း(ခ)ဒေါ်အောက်ချင်းမ(ပန်းတနော်)
## အသက်(၇၉)နှစ်

ရန်ကုန်မြို့၊ အလုံမြို့နယ်၊ လွတ်လပ်ရေးရပ်ကွက်၊ အောင်ဇေယျလမ်း၊ အမှတ်(၁၂၅)နေ (ဦးဘငွေး-ဒေါ်အုန်းကြည်)တို့၏ သမီးချွေးမ၊ (ဦးလှမောင်-ဒေါ်ထွေးပု)တို့၏သမီး၊ ဦးအုန်းစိန်(ခ) ဦးအောင်ကြိုင်၏ ဇနီး၊ ဦးသောင်းညွန့်(ခ) Raymond သောင်းညွန့်-ဒေါ်ကိုရီနာညွန့်၊ ဦးတင်လှ-ဒေါ်ဝင်းမေသန်း၊ ဦးမျိုးဇော်-ဒေါ်သန်းသန်းငွေ၊ ဦးအောင်ကျော်မိုး-ဒေါ်မြတ်သီတာတို့၏ မွေးသမိခင်၊ မြေးကိုးယောက်၊ မြစ် တစ်ယောက်တို့၏ ချစ်လှစွာသော အဘွားသည် ၁၉-၈-၂၀၂၂ (ကြာသပတေးနေ့) ည ၁၁:၃၅ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၀-၈-၂၀၂၂ (သောကြာနေ့) နံနက် ၁၁ နာရီတွင် ထိန်ပင်သုသာန်၌ မီးသင်္ဂြိုဟ်ပြီးစီးပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

---

## ဒေါ်ခင်ဖုန်းရီ(ခ)ဒေါ်ဘေဘီ
**ရန်ကင်း**
## အသက်(၇၄)နှစ်

ရန်ကုန်မြို့နေ (ဦးရွှေဖုန်း-ဒေါ်မြရှင်)တို့၏သမီး၊ (ဦးဘချစ်-ဒေါ်သောင်းကြည်)တို့၏သမီးချွေးမ၊ ရန်ကုန်မြို့နေ ဦးထွန်းထွန်းဝင်း-ဒေါ်လဲ့လဲ့ဝင်း၊ ဦးသီဟန်စိန်-ဒေါ်မို့မို့ဝင်း၊ ဦးဇော်တင့်-ဒေါ်ခင်ဖုန်းဝင်း၊ ဦးသိန်းထွန်းဝင်း၊ ဦးဇေယျာဇော်မြင့်-ဒေါ်စန္ဒာဝင်း၊ ဦးဟန်ထွန်းဝင်း-ဒေါ်အိဖြူဖြူနှင်းတို့၏မိခင်၊ မြေးကိုးယောက်တို့၏ အဘွား ဒေါ်ခင်ဖုန်းရီ(ခ)ဒေါ်ဘေဘီသည် ၂၀-၈-၂၀၂၂ရက် မွန်းလွဲ ၁:၂၄ နာရီတွင် (၉၆)ပါးသောရောဂါဖြင့် ကွယ်လွန်သွားပါသဖြင့် ကွယ်လွန်သူ၏ ဆန္ဒအရ ယင်းနေ့ ညနေ ၃နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်း ရပ်ဝေး/ရပ်နီး မိတ်ဆွေများအား သိရှိနိုင်ရန် အကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

---

**ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း၊ ၊ တံတားဒါယကာကြီး**

## ဦးတင်ဝင်း
## အသက်(၆၆)နှစ်

ခရမ်းမြို့နယ်၊ ကျေးနီချောင်းကျေးရွာနေ (ဦးအေးသန်း)-ဒေါ်ဝါတို့၏သား၊ ဒေါ်ခင်လေးကြူ၊ ဒေါ်သင်းသင်းဝေ၊ ဦးချစ်လွင်-ဒေါ်သန်းမူ၊ ဒေါ်နွယ်နီစိုးတို့၏အစ်ကို၊ ရန်ကုန်မြို့၊ ဒေါပုံမြို့နယ်၊ သဘော်ကျင်းရပ်ကွက်၊ မြို့ပတ်လမ်း၊ အမှတ်(၃၄)နေ (ဦးသာဝင်း-ဒေါ်ခင်မြင့်)တို့၏သားသမက်၊ (ဦးဝင်းအောင်)-ဒေါ်နီနီလွင်၊ (ဦးသောင်းညွန့်)-ဒေါ်ခင်ခင်ဝင်း၊ ဦးအောင်သွင်-ဒေါ်ခင်အေးဝင်းတို့၏ ညီ/မောင်၊ ဦးအောင်နိုင်ဦး-ဒေါ်ခင်ထွေးဝင်း၊ (ဦးဖြိုးမင်းသန်း)-ဒေါ်စုစုဝင်း၊ ဦးဇင်း ဦးပိန်ဒေါ်လှတို့၏ အစ်ကို၊ ဒေါ်ခင်သိန်းဝင်း၏ချစ်လှစွာသောခင်ပွန်း၊ ကိုစိုးမင်းထက်-မဖြူနှင်းလွင်၊ ကိုမျိုးထက်ကျော်-မနှင်းအိခိုင်တို့၏ကျေးဇူးရှင်ဖခင်၊ မယွန်းဝတီခင်(ခ)တုံတုံ၊ မောင်ထက်ပိုင်ဦး(ခ)ဖုံဖုံတို့၏အဘိုး ဦးတင်ဝင်းသည် ၁၈-၈-၂၀၂၂(ဗုဒ္ဓဟူးနေ့) ည ၁၁:၄၀နာရီတွင် (၉၆)ပါးသော ရောဂါဖြင့် ကွယ်လွန်အနိစ္စရောက်ရှိသွားပါသဖြင့် ကြွင်းကျန်ရစ်သော ရုပ်ကလာပ်အား ၁၉-၈-၂၀၂၂(ကြာသပတေးနေ့) နံနက် ၁၁:၃၀နာရီတွင် ကျီစုသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပြီးဖြစ်ပါသည်။ [ကွယ်လွန်သူအားရည်စူး၍ ၂၄-၈-၂၀၂၂(အင်္ဂါနေ့) နံနက် ၇နာရီမှ ၁၁နာရီအထိ ရန်ကုန်မြို့၊ ဒေါပုံမြို့နယ်၊ သဘော်ကျင်းရပ်ကွက်၊ မြို့ပတ်လမ်း၊ အမှတ်(၃၄)နေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

---

**ဘုရား၊ စေတီ၊ ရဟန်း၊ သိမ်၊ ကျောင်းဒါယကာကြီး**

## ဦးအောင်ကျော်လှ
**Managing Director Aung Irifune Steel Co.,Ltd**
## အသက်(၆၆)နှစ်

ရန်ကုန်မြို့၊ ရန်ကင်းမြို့နယ်၊ မင်းရဲကျော်စွာလမ်းနေ (ဦးလှမောင်သန်း-ဒေါ်ကြည်ကြည်)တို့၏ သား၊ ဒေါ်ကြူကြူလှ၏ မောင်၊ ဒေါ်ဖြူဖြူလှ၏ အစ်ကို၊ ဒေါ်ချိုချိုဝင်း၏ ခင်ပွန်း၊ ကိုညာဏ်ထက်ဝင်း-မစုလှဲ့ရီ၊ မပြုံးမြတ်ခင်တို့၏ဖခင် ဦးအောင်ကျော်လှသည် ၂၉-၇-၂၀၂၂ ရက်တွင် ကွယ်လွန်သွားပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟအပေါင်းအား အကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

---

**ဘုရား၊ စေတီ၊ ရဟန်း၊ သိမ်၊ ကျောင်းဒါယိကာမကြီး**

## ဒေါ်ဖြူဖြူဝင်း
**လက်ထောက်ညွှန်ကြားရေးမှူး(ငြိမ်း)**
**ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံး**
## အသက်(၆၅)နှစ်

ရန်ကုန်မြို့၊ ရန်ကင်းမြို့နယ်နေ (ဦးသန်း-ဒေါ်သိန်းလှ)တို့၏ သမီး၊ (ဦးအောင်ကျော်လှ)-ဒေါ်ချိုချိုဝင်းတို့၏ အစ်မ၊ ကိုညာဏ်ထက်ဝင်း-မစုလှဲ့ရီ၊ မပြုံးမြတ်ခင်တို့၏ ကြီးကြီး ဒေါ်ဖြူဖြူဝင်းသည် ၉-၈-၂၀၂၂ ရက်တွင် ကွယ်လွန်သွားပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟအပေါင်းအား အကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဦးတည်ချက် ၉ ရပ်

၁။ **နိုင်ငံရေး**

(က) စစ်မှန်၍စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ်ကို တရားမျှတမှုအပြည့် ကျင့်သုံးပြီး ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုကို တည်ဆောက်နိုင်ရေး

(ခ) တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှု ရပ်စဲရေးသဘောတူစာချုပ်(NCA)ပါအတိုင်း အလေးထားလုပ်ဆောင်ရေး

(ဂ) လွတ်လပ်၍တက်ကြွပြီး ဘက်မလိုက်သော နိုင်ငံခြားရေးမူဝါဒကို ကျင့်သုံးပြီး နိုင်ငံများအကြား ငြိမ်းချမ်းစွာအတူယှဉ်တွဲနေထိုင်ရေး"မူ"ကို ဆက်လက်လိုက်နာ ကျင့်သုံးရေး

၂။ **စီးပွားရေး**

(က) စိုက်ပျိုးရေးနှင့် မွေးမြူရေးကိုအခြေခံသည့် ကုန်ထုတ်လုပ်မှုကို ခေတ်မီနည်းစနစ်များဖြင့် ပိုမိုဖွံ့ဖြိုးတိုးတက်အောင်ဆောင်ရွက်ပြီး အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံ ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး

(ခ) ဈေးကွက်စီးပွားရေးစနစ် တည်ငြိမ်အောင်ဖော်ဆောင်ပြီး နိုင်ငံတကာရင်းနှီးမြှုပ်နှံမှုများကိုဖိတ်ခေါ်၍ တိုင်းရင်းသားပြည်သူတစ်ရပ်လုံး၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး

(ဂ) ပြည်တွင်းစီးပွားရေးလုပ်ငန်းများကို အားပေးကူညီပြီး နိုင်ငံတော်၏ထုတ်ကုန်များစွာ ထုတ်လုပ်နိုင်သည့် အလုပ်အကိုင်အခွင့်အလမ်းများ ဆောင်ရွက်ဖော်ဆောင်ရေး

၃။ **လူမှုရေး**

(က) စစ်မှန်သော မျိုးချစ်စိတ်ဓာတ်ဖြစ်သည့် ပြည်ထောင်စုစိတ်ဓာတ်ရှင်သန်ထက်မြက်ရေး

(ခ) တိုင်းရင်းသားလူမျိုးအပေါင်းတို့၏ ဓလေ့ထုံးတမ်းအစဉ်အလာများကို လေးစားလိုက်နာပြီး အမျိုးသားယဉ်ကျေးမှုစရိုက်လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး

(ဂ) တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး



## နေရပ်ပြန် မြန်မာရွှေ့ပြောင်းအလုပ်သမား ၃၆၇ ဦးအား တောင်ကြီးမြို့မှ နေရပ်ဒေသအသီးသီးသို့ ဆက်လက်ပို့ဆောင်

တောင်ကြီး ဩဂုတ် ၂၁

လာအိုနိုင်ငံမှ ပြန်လည်ရောက်ရှိလာသည့် မြန်မာရွှေ့ပြောင်း အလုပ်သမားများသည် ယနေ့ နံနက် ၇ နာရီခွဲတွင် ရှမ်းပြည်နယ်(တောင်ပိုင်း)တောင်ကြီးမြို့ သစ်တောရပ်ကွက် ပြည်ထောင်စုလမ်းရှိ တောင်ကြီးစီးပွားရေးဇုန် ကားကြီးကွင်းသို့ ရောက်ရှိခဲ့ကြောင်း သိရသည်။

စာမျက်နှာ ၂၄ ကော်လံ ၁ သို့ ✻


ကြေးမုံ ယနေ့ ဖတ်စရာ

အာဖဂန်နစ္စတန်နိုင်ငံ ဘာကြောင့် ပြိုလဲသွားသလဲ

စာမျက်နှာ » ၁၁

မန္တလေးမြို့အတွင်း PDF အကြမ်းဖက်အဖွဲ့ဝင်များနှင့် လက်နက်/ခဲယမ်းများ ဖမ်းဆီးရမိ





စာမျက်နှာ » ၁၅

ရှမ်းပြည်နယ်နှင့် ကယားပြည်နယ်များအတွင်း အကြမ်းဖက်လုပ်ငန်းများ ဆောင်ရွက်လျက်ရှိသည့် ဖယ်ခုံမြို့နယ် NLD ပါတီမှ ဗိုလ်တယ်အောင် အပါအဝင် အကြမ်းဖက်သမားများကို လက်နက်/ခဲယမ်းများနှင့်အတူ ဖမ်းဆီးရမိ

စာမျက်နှာ » ၁၈

မျိုးဆက်သစ် ပျိုးခင်း

စာမျက်နှာ » ၂၀၊ ၂၁


## သံလွင်မြစ်ရေ ဘားအံမြို့၌ စိုးရိမ်ရေမှတ်သို့ ရောက်ရှိနိုင်

နေပြည်တော် ဩဂုတ် ၂၁

ယနေ့မွန်းလွဲ ၁ နာရီခွဲတိုင်းထွာချက်အရ သံလွင်မြစ်ရေသည် ဘားအံမြို့တွင် ယင်းမြို့၏စိုးရိမ်ရေမှတ်အောက် တစ်ပေခန့်တွင် ရောက်ရှိနေသည်။ အဆိုပါမြစ်ရေသည် နောက်နှစ်ရက်အတွင်း ယင်းမြို့၏ စိုးရိမ်ရေမှတ်သို့ ရောက်ရှိနိုင်သည်။

သို့ဖြစ်ပါ၍ ဘားအံမြို့နယ်အတွင်းရှိ မြစ်ကမ်းအနီးနှင့် မြေနိမ့်ပိုင်းနေထိုင်သူများအနေဖြင့် အထူးသတိပြုနေထိုင်ကြပါရန် အကြံပြုအပ်ပါသည်။

မိုး/ဇလ

## လီဗာပူးက ဘန်လေကို နှစ်ဂိုးပြတ်အနိုင်ရပြီး ရာသီအစမှာ နှစ်ပွဲဆက်နိုင်ပွဲရရှိခဲ့

ပရီမီယာလိဂ်ပွဲစဉ်(၂)ရဲ့ ဩဂုတ် ၂၁ ရက် ညပိုင်း အစောဆုံးပွဲစဉ်အဖြစ် ယှဉ်ပြိုင်ကစားခဲ့တဲ့ လီဗာပူးအသင်းနဲ့ ဘန်လေအသင်းတို့ပွဲစဉ်မှာ လီဗာပူးအသင်းက ဘန်လေအသင်းကို နှစ်ဂိုး-ဂိုးမရှိနဲ့ အနိုင်ရရှိခဲ့တာကြောင့် လီဗာပူးအသင်းဟာ ရာသီအစမှာ နှစ်ပွဲဆက်နိုင်ပွဲရရှိခဲ့ပြီဖြစ်ပါတယ်။

လီဗာပူးအသင်းနဲ့ ဘန်လေအသင်းတို့ ပွဲစဉ်မှာ အိမ်ရှင်လီဗာပူးအသင်းဟာ မိုဟာမက်ဆာလာ၊ ဂျိုတာ၊ မာနေး၊ ကီတာ၊ ဟန်ဒါဆန်၊ အာနိုး၊ ဗန်ဒိုက်စတဲ့ကစားသမားတွေကို အားပြုကာ ၄-၃-၃ ကစားကွက်နဲ့ ပွဲထွက်လာခဲ့ပြီး ဧည့်သည်အဖြစ် လာရောက်ကစားခဲ့တဲ့ ဘန်လေအသင်းကတော့ ဘားနက်စ်၊ ဝုဒ်၊ ကော့ခ်၊ ဘရောင်းဟေးလ်၊ တေလာ၊ လိုတန်၊ တာကိုစကီး စတဲ့ကစားသမားတွေကို အားပြုကာ ၄-၂-၂ ကစားကွက်နဲ့ ပွဲထွက်လာခဲ့တာဖြစ်ပါတယ်။

စာမျက်နှာ ၂၄ ကော်လံ ၃ သို့ ○

